www.burmeseclassic.com

# ထူးမြတ်ကြယ်

## ချစ်ရတာ အဆင်ပြေလား



www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ချစ်ရတာအဆင်ပြေလား

ဦးအောင်နိုး (မော်လမြိုင်) စိစစ်သည်

အမှာခွင့်ပြုချက်အမှတ် – ၅၀၀၁၀၀၀၀၁၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၆၅၀၂၁၁
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ ဧပြီလ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – ခုနစ်ရည်ကြယ်စာပေ
အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၇၃၀၅၁၆၆၄

၈၉၅.၇၃
ထူးမြတ်ကြယ်
ချစ်ရတာအဆင်ပြေလား / ထူးမြတ်ကြယ် ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၁၆၀ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ချစ်ရတာအဆင်ပြေလား

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

သန့်သီလနှင့် ခန့်သီဟ. . .။

တစ်နှစ်ကျော်လောက်သာကွာတဲ့ အထက်အောက် ညီအစ်ကိုအရင်းခေါက်ခေါက်. . .။

သန့်သီလက အကြီး . . .။

ခန့်သီဟက အငယ် . . .။

ဒါပေမယ့် . . .

သန့်သီလ ဆယ်တန်းမှာ တစ်နှစ်ကျသွားတော့ အငယ်ဖြစ်တဲ့ ခန့်သီဟက မီလာပြီး အတန်းတူသွားသည်။ သူတို့ ညီအစ်ကိုနှစ်ယောက်က အရမ်းဆိုးတဲ့အထဲမှာလည်း မပါသလို၊ သိပ်လိမ္မာတယ်လို့လည်း ပြောလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com


သန့်သီလက ဟောဟောဒိုင်းဒိုင်းသမား . . .။ နာမည်ဂုဏ်နှင့်မလိုက်၊ ခုနစ်တန်းလောက်ကတည်းက အရက်ခိုးသောက်တတ်နေပြီ။ လူကြီးဆုံးမရင် ပြန်မပြောတတ်ပေမယ့် နားမထောင်တတ်သူ။

သီလဆိုတဲ့အဓိပ္ပါယ်က ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စတဲ့စောင့်ထိန်းအပ်တဲ့ကျင့်ဝတ်တွေနဲ့ ပြည့်စုံတဲ့အဓိပ္ပါယ်။

ခန့်သီဟက တွေးတွေးဆဆသမား။ လူကြီးမိဘပြောရင်ဆင်ခြေပေး ပြန်ပြောတတ်သည်။ သို့သော် . . . နားထောင်သည်။ Debate လုပ်ရတာ အားသန်သည်။

သီဟဆိုတာ ခြင်္သေ့လို ရဲရင့်ပြီး နောက်မဆုတ်တမ်းအဓိပ္ပါယ်မဟုတ်လား။ နာမည်တွေက အဲသလိုအဓိပ္ပါယ်တွေ ရှိနေပြီး ခက်တာက လူနှင့်နာမည် နေရာချင်း မှားနေ၏။

"ဆယ်တန်းစာမေးပွဲမဖြေခင် နာမည်ချင်းလဲရင်ကောင်းမယ်ထင်တယ်"

မိခင်ဖြစ်သူက သူ့မွေးထားတဲ့သားနှစ်ယောက် ကြာလေအကျင့်စရိုက်တွေကွဲပြားလေ၊ ပေးထားတဲ့နာမည်တွေနဲ့ ကွဲလွဲလေဖြစ်လာတော့ အဲသလိုစဉ်းစားပြီးပြောသည်။

"သီလကို သီဟ၊ သီဟကို သီလ၊ အဲသလိုလား၊ ဟူး . . . မလွယ်ဘူး၊ ရှုပ်ကုန်မယ်"

ဖခင်ပြောတာလည်း ဟုတ်သည်။ ဆယ်နှစ်ကျော်အသားကျတွင်ကျယ်ခဲ့တဲ့နာမည်တွေ မဟုတ်လား။

"ဒါဆိုလည်း ဖော်ဖော်၊ ကျော်ကျော်ဆိုတဲ့ နာမည်မျိုးသိသိသာသာ ပြောင်းပေးလိုက်ရင်ရော . . ."


www.burmeseclassic.com

www.burmeseclassic.com



“တော်ပါကွာ၊ လုပ်မနေပါနဲ့တော့ . . . အခု သူတို့ အရမ်းငယ်ကြပါသေးတယ်၊ ကြီးလာရင် သူတို့နာမည်ဂုဏ်ကို သူတို့ဘာသာ ထိန်းသွားကြလိမ့်မယ်”

သို့နှင့် . . . သီလ၊ သီဟ နာမည်ကိစ္စ ပြီးဆုံးသွားခဲ့သည်။

◆ ◆ ◆

“တော်ပြီကွာ၊ ငါ ဘာသင်တန်းမှ မတက်ချင်ဘူး၊ ပျင်းတယ်”

“ဟုတ်တယ်၊ ဆယ်နှစ်ကျော် စာသင်လာတာ ငြီးငွေ့ပါဘယ်ဆိုမှ သင်တန်းတွေတက်၊ စာတွေဆက်သင်ရဦးမယ်ဆိုရင် ဟော့ အေး၊ ဟော့ အေး”

သီဟအပြောကို သီလကပါ ထောက်ခံသည်။ သူတို့ကို သင်တန်းတစ်ခုခုတက်ဖို့ မဲလာဆွယ်သူက ငယ်သူချင်းဖြစ်သူ ပြည့်သိန်းတန်။

သို့သော် . . . သူငယ်ချင်းတွေအားလုံးကတော့ သူ့ကို ထိုသူကမှ ပြည့်သိန်းတန်လို့မခေါ်ပါ။ အာလူးလို့ပဲခေါ်ကြသည်။ ခေါ်မှာပေါ့။ ပြည့်သိန်းတန်က စကားများ၊ လေပေါ၊ အကြောင်းအရာတစ်ခုကို ဟုတ်တာရော၊ မဟုတ်တာရော ဖြီးဖြန်း ပြောတတ်သား နေရာတကာ ပါတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့တလည်းကွာ၊ ဝေးလိုက်တာ သီလနဲ့သီဟရာ"

အာလူးက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်းပြောသည်။ သန့်သီလက . . .

"ဘာလဲ' ဘာဝေးတာလဲ"

"ဘာသင်တန်းမှမတက်ရင် မင်းတို့ ခေတ်နောက်ကျသွားမှာပေါ့"

"ဩော် . . . ထင်တော့ထင်သားပဲ အာလူးရာ၊ မင်းဒီလောက်ထိ မကြိုးစားပါဘူးလို့လေ၊ လက်စသတ်တော့ ခေတ်မီအောင် သင်တန်းတွေတက်ချင်တာကိုးကွ"

"ခေတ်မီတာ မမီတာတွေထိ မစဉ်းစားပါဘူး၊ အစိက အဲဒီသင်တန်းမှာ အလန်းစားလေးတွေ အုပ်စုလိုက်ပါဝင်နေတာပဲ"

သန့်သီလမျက်ခုံးတွေ အနည်းငယ် မြင့်တက်သွားသည်။ ခန့်သီဟကတော့ ဒီလက်ဖက်ရည်ဆိုင်ရဲ့ **Menu** ကတ်ကို စိတ်ဝင်တစားနှင့် အစအဆုံးဖတ်နေ၏။ လာတိုင်းလည်း ဖတ်တာပဲ။

ပြီးတော့ . . . အမြဲတမ်းသောက်တာက လက်ဖက်ရည်ပဲ။ ဒါကို အာလူးက . . .

"ဒီမှာ သီဟ"

"ဘာလဲ"

"အဲ့ဒီ **Menu** ကို ချထားလိုက်၊ ငါ ပြောတာကို သီလလိုစိတ်ဝင်တစားနဲ့နားထောင်စမ်းပါ"

"အေး . . . ပြော၊ ဘာလဲ"

"အခု ငါပြောနေတဲ့ကိစ္စလေ"

"အစက ပြန်ပြောကွာ"



www.burmeseclassic.com

www.burmeseclassic.com


"မင်းကွာ၊ ပြောနေတုန်းက နားမထောင်ဘဲ"

"မပြောချင်လည်းနေ"

"အေးပါ၊ ပြောပ့ါမယ်၊ ဒီလိုလေ. . . ငါတို့တွေက ဟိုရွှေ၊ ဒီရွှေနဲ့ ခုထိ တစ်ယောက်မှ ရည်းစားမထားဖူးကြသေးဘူး မဟုတ်လား၊ အဲ့ဒါကြောင့်"

အာလူးခေါ် ပြည်သိန်းတန်ခမျာ ခုနက ပြောပြီးသားတွေကို အစကနေ အဆုံးထိ ပြန်ပြောရပြန်သည်။

သီဟနဲ့အာလူးအဖြစ်ကို ကြည့်ပြီး သီလကတော့ ခွက်ထိုးခွက်လန်ရယ်နေလေရဲ့။

◆ ◆ ◆

အဲသလို ရည်ရွယ်ချက် ကြီးကြီးမားမားနှင့် သင်တန်းတွေ တက်ခဲ့ကြသည်။ နှစ်စဉ် အစဉ်အလာနဲ့လူသိများတဲ့ နာမည်ကြီး သင်တန်းမို့လားမသိ။ လူငယ်တွေကတော့ များမှများပဲ။

"လမ်းမတော်က နွယ်ဖြူရှိန်ချောတယ်ကွ"

အာလူးပြောလို့ လိုက်ကြည့်မိသည်။ သူပြောသလောက်လည်း မဟုတ်ပါ။ သီလက . . .

"ဒါလောက်များကွာ . . . စာမဖွဲ့လောက်သေးပါဘူး"

"မဒအာမျက်လုံးမျိုးကြီးကွ"


www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို သီဟက ဝင်ပြောသည်။ အာလူးက . . .

"တယ် . . . မင်းက ပြောလိုက်ရင် အလွန်ပဲ သီဟာ၊ မသာက မျက်လုံးမှ မဖွင့်တာ၊ ဘယ်လိုဖြစ်ရတာလဲ"

"မျက်လုံးသေကြီးကိုပြောတာ"

အာလူးရဲ့ဝါသနက တစ်မျိုး။ ဘယ်ကျောင်း ဘယ်အတန်း ဘယ်ရပ်ကွက်က ဘယ်ကောင်မလေးချောတယ်၊ လှတယ်ဆိုတာ အကုန်သိသည်။ ပြီးတော့ ဟိုလူဒီလူနဲ့စပ်ဟပ်အောင်သွယ် ကူညီပေးတတ်၏။ သူကိုယ်တိုင် ကြိုက်လွန်းလို့ အသည်းအသန် လိုက်ကြိုးစားနေတာမျိုးလည်းမဟုတ်။

"နှင်းနှင်းအေးရော"

"ဖြူတာပဲရှိတာပါကွာ၊ ဒါလောက်မဟုတ်ပါဘူး"

"စယောင်းရုပ်၊ ရေခဲရုပ်ကြီးကျနေတာပဲ"

"မင်းကတော့ လုပ်ပြန်ပြီ သီဟရာ"

ဒီလိုနဲ့ သင်တန်းကာလတစ်ဝက်လောက်ရောက်တဲ့အထိ သူတို့တွေ ရည်းစားမရကြသေးပါဘူး။ ဒါပေမယ့် သင်တန်းမှာတော့ သူတို့ အညံ့ဆုံးပဲ။

အဲဒါကြောင့်လည်း သင်တန်းက ဆရာ၊ ဆရာမတွေက

"ဒီသင်တန်းက နှစ်စဉ် ထူးချွန်သူတွေ မွေးထုတ်ပေးလာတာ၊ ညံ့တာပါရင်လည်း နှစ်ယောက်သုံးယောက်ပဲ၊ အခု အဲ့ဒီအညံ့ထဲမှာ သန့်သီလ၊ ခန့်သီဟနဲ့ပြည်သိန်းတန်တို့ ထိပ်ဆုံးက"

"ဒီနှစ် "ကျော်ကြား"ရဲ့ဂုဏ်ကို သူတို့ဆောင်လိမ့်မယ်ထင်တယ်"

အဲသလိုနဲ့သူတို့ဟာ လူသိများ၊ နာမည်ကြီးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်သီလက . . .

"ဆယ်တန်းစာမေးပွဲအောင်ခဲ့တာတောင် ကျွန်တော့်အတွက် ဆေးလိပ်သောက်သင်ရသလောက်မခက်ပါဘူး ဆရာမရယ်၊ သင်တန်းစာမေးပွဲမကျစေရပါဘူး"

"ကျွန်တော့်အတွက်လည်း ရည်းစားစာတစ်စောင်ပြီးအောင် ရေးရတာလောက်မခက်ပါဘူး"

ခန့်သီဟာကပါ ဝင်ထောက်ခံပြောသည်။ အပြောတွေကတော့ ရွှေမန်းပါပဲ။

◆ ◆ ◆

"ချောတယ်နော်"

"အင်း"

"သန့်သီလက ခပ်မိုက်မိုက်၊ ဂျစ်ကန်ကန် ဒီဇိုင်းနဲ့ချောတာ၊ ခန့်သီဟာက ဘယ်လိုအနိုင်ကျင့်ကျင့် သည်းခံသဘောကောင်းမယ့်ပုံနဲ့ အေးအေးလေးချောတာ"

ကောင်မလေးတွေကြား တွတ်ထိုးနေကြသည်။ ခေတ်ရဲ့ သမီးပျိုတွေမဟုတ်လား။

"ဟော့ . . . ငါတို့အကြောင်းပြောနေကြတာမဟုတ်လား ဒို့ကို စိတ်ဝင်စားတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သန့်သီလက ကောင်မလေးတွေအနားသွားပြီး ကလိလိုက်သည်။ ခပ်စွာစွာတစ်ယောက်က . . .

"ဟင့်အင်း၊ အားလို့ပြောတာ၊ တို့က စာပဲစိတ်ဝင်စားတယ်"

"စာကိုရော၊ တို့ကိုရော နှစ်မျိုးစိတ်ဝင်စားလို့မရဘူးလား"

"မရဘူး၊ တို့က တို့လို စာတော်တဲ့သူမှ စိတ်ဝင်စားတာ"

"ကြီးကျယ်လို့ နင် စိတ်ဝင်စားဖို့ တို့ကလည်း စာကျက်မပြနိုင်ပါဘူး၊ ပြီးတော့ နင့်လို ပါဝါထူထူမျက်မှန်နဲ့ငါးကျည်းခြောက်ပုံမျိုးလည်း ငါက လုံးဝ စိတ်မဝင်စားသေးဘူး၊ ဆောရီး"

"အောင်မာ၊ အောင်မာ၊ တော်တော်လူပါးဝတယ်"

"အဟတ် ဟား ဟား"

သန့်သီလက ငါးကျည်းခြောက်မကြိုက်ဘူးဆိုတော့ ကောင်မလေးတွေက ဝဝတုတ်တုတ်ကလေးတွေဖြစ်အောင် လုပ်ကြတော့မည်ထင်သည်။ ခန့်သီဟက . . .

"ဆံပင်ကို နိုင်ငံခြားဖြစ်ခေါင်းလျှော်ရည်နဲ့မလျှော်ဘဲ မြန်မာခေါင်းလျှော်ရည်စစ်စစ်တရော်ကင်ပွန်းနဲ့လျှော်တဲ့မိန်းကလေး ရှိရင် အဲ့ဒီမိန်းကလေးကိုကြိုက်မယ်ကွာ"

ဒါနဲ့ပဲ တရော်ကင်ပွန်းခေါင်းလျှော်ရည်တွေ ဈေးတက်ကုန်သည်။

"နေစမ်းပါဦး၊ အခု ငါတို့က မိန်းမလှလေးတွေထဲက စိတ်ကြိုက်ရွေးပြီး ရည်းစားရှာမှာလား၊ မော်လ်ဒန်ရွေးမှာလား၊ ဒါမှမဟုတ် မင်းတို့ညီအစ်ကိုကိုပဲ ကောင်မလေးတွေက ဝိုင်းကြိုက်တာခံမှာလား"

အာလူးဆိုတဲ့ငနဲက ဘာကိုစိတ်မရှည်ဘဲ စဉ်းစားမိပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသလဲမသိဘူး။ အဲသလိုပြောလာသည်။

"ငါတို့ စိတ်ကြိုက်ကို မတွေ့သေးဘူး၊ ရှာပါဦး အာလူးရာ"

သန့်သီလပြောတာကို ခန့်သီဟာကပါ ခေါင်းညိတ်ထောက်ခံလေ၏။

◆ ◆ ◆

ကောင်မလေးက သန့်သီလမကြိုက်တဲ့ ငါးကျည်းခြောက် ပုံစံမျိုးမဟုတ်ဘူး။ ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေး၊ တုတ်တုတ်ခိုင်ခိုင်လေး။

နာမည်ကိုက ခင်ဝဝသီတာတဲ့။ တရုတ်သွေးစပ်ပုံရသည်။ ကျောင်းစာနဲ့ပတ်သက်လို့ကတော့ သူတို့ထက် အများကြီးသာ၏။

"သူ့သူငယ်ချင်းကောင်မလေးတွေအားလုံးက အတွဲရှိုယ်စီရှိသွားတော့ သူတစ်ယောက်ထဲ ငေါင်စင်းစင်းကြီးကျန်နေခဲ့တာ"

အာလူးက သူ့ရဲ့ဝါသနာအတိုင်း ကောင်မလေးရာဇဝင်ပြည့်ပြည့်စုံစုံကို စနည်းနာပြီးမှ ပြန်ပြောပြသည်။

ဒါနဲ့ အအေးဆိုင်လေးမှာ သန့်သီလနဲ့ခင်ဝဝသီတာတို့တွေ့ဆုံစကားပြောကြတယ်ဆိုပါတော့။

အအေးဆိုင်ဆိုပေမယ့် ရှမ်းခေါက်ဆွဲရော၊ တခြားစားစရာတွေပါရသည်။ ခင်ဝဝသီတာက ရှမ်းခေါက်ဆွဲမှာစားသည်။

"နင် တစ်နေ့ ဘယ်နှစ်နာရီအိပ်ချိန်ရှိသလဲ ခင်ဝဝသီတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နာရီ၊ ငါက ညဆယ့်တစ်နာရီ အိပ်ရာဝင်ပြီး၊ မနက်ခုနစ်နာရီမှ အိပ်ရာထတာ"

"အားပါး၊ ငါတို့ညီအစ်ကိုဆို ညဆယ့်တစ်နာရီဆို အင်တာနက်မွှေကောင်းတုန်း၊ တစ်နာရီကျော်ထိ ဂိမ်းကစားတုန်း၊ တစ်နေ့အိပ်ချိန်ငါးနာရီလောက်ပဲရှိတယ်"

"ကျောင်းစာနဲ့သာ အချိန်ကုန်ရင် နင်တို့ညီအစ်ကို ထိပ်ဆုံးကနေမှာ"

"ထားပါ၊ ဒါနဲ့ နင် ရှကီရာကိုသိလား ခင်ဝဝသီတာ"

"ရှကီရာ . . . ဟင့်အင်း၊ မသိဘူး၊ ငါ့အသိထဲမှာ အမီနာပဲရှိတယ်"

"အင်"

ကမ္ဘာကျော်နေတဲ့သူတောင်မသိဘူးဆိုတော့ . . .။

"ဒါဆို ရွှန်းနီကိုရော သိလား"

"သိပါဘူး၊ အော နင်ကလည်း ဘာတွေလာမေးနေတာလဲ၊ မနေ့က ဆရာသင်တဲ့ Grammar တွေမေး၊ ငါ ပြောပြ မယ်၊ အင်္ဂလိပ်ကဗျာတွေ ဆိုပြရမလား"

"ကျွတ်စ်"

သွားပြီ။ ခင်ဝဝသီတာကိုသာ ရည်းစားထားလို့ကတော့ ကမ္ဘာ့ဖလားဘောလုံးပွဲအကြောင်းလည်း အပျင်းပြေပြောလို့ရမှာမဟုတ်သလို၊ ကျော်ကြားတဲ့တေးစီးရီးတွေအကြောင်းလည်း ဆွေးနွေးလို့ရမှာမဟုတ်။ ဘယ်နေ့က ဘာသင်တာဆိုတာတွေနဲ့ပဲ နပန်းလုံးရလိမ့်မည်။

စားနေတာလည်းကြည့်။ ရှမ်းခေါက်ဆွဲ၊ ပြီးတော့အအေး



www.burmeseclassic.com

www.burmeseclassic.com


တစ်ပုလင်းနဲ့ကိတ်တစ်ချပ်။

အင်း . . . အဲ့ဒါ အဆာပြေစားတာတဲ့။

♦ ♦ ♦

"အဲသလောက် ဂျုံးများနေမှတော့ အယောက်တစ်သိန်း ရှာပေးတောင် တစ်ယောက်မရနိုင်ဘူး စိတ်ချ"

သန့်သီလ ပြောပြနေတဲ့အကြောင်းအရာဆုံးတော့ အာလူး က စိတ်ပျက်သံနှင့်ပြောသည်။ ခန့်သီဟက ကမ္ဘာကြီးနှင့်အာကာသ ဆိုတဲ့အကြောင်းကို ဖတ်နေရင်း လွှန်းပျံယာဉ်နှင့် ကမ္ဘာတစ်ပတ် ပတ်ကြည့်ရလျှင် ကောင်းမည်ဟု တွေး၏။

"ငါတို့ ညီအစ်ကိုနှစ်ယောက်ပေါင်းမှ တစ်ရက်ကို မုန့်ဖိုး တစ်ထောင့်ငါးရာပဲရတယ်၊ အဲ့ဒါ ငါတို့က တစ်လှည့်စီယူကြတာ၊ နှစ်ရက်ထောင့်ငါးရာပေါ့ကွာ"

"အွန်၊ ငါတို့ပြောနေတာ ခင်ဝဝသီတာအကြောင်းလေ"

"အေး၊ အဲ့ဒါပြောမလို့ပဲ၊ ဆုံးအောင်နားထောင်၊ နှစ်ရက်မှ ထောင့်ငါးရာမုန့်ဖိုးနဲ့ခင်ဝဝသီတာလိုကောင်မလေး ရည်းစားတော် ယိုကတော့ ငါ ခွက်ဆွဲပြီး ထွက်တောင်းရလိမ့်မယ်"

"ဒါတော့ကွာ . . . စားသောက်ဆိုင်တို့ မုန့်ဆိုင်ဝို့မချိန်းနဲ့ပေါ့၊ ပန်းခြံတို့ ဘုရားတို့ မြစ်ကမ်းဘေးတို့"



www.burmeseclassic.com

www.burmeseclassic.com



အာလူးစကားမဆုံးခင် သန့်သီလက ဇက်ပိုးတစ်ချက် အုပ်သည်။

ပြီးမှ . . .

"နှုံပြည်စုတ်ဦးနှောက်နဲ့ ကြံမနေနဲ့၊ အဲသလိုလုပ်လို့ ရ, ရအောင် မင်း ညီမများမှတ်နေလား အာလူးရ"

"ငါ့မှာ ညီမ မရှိလို့ ခုလောက် အပင်ပမ်းခံနေတာပေါ့"

"တော်ပြီကွာ၊ မင်းရှာပေးတာတွေက တစ်ယောက်မှ ဟန်မကျဘူး၊ လုပ်မနေနဲ့တော့ အာလူး"

သန့်သီလက စကားကို အဆုံးသတ်ပြီး စမူဆာတစ်ခုကောက်ယူကာ ပါးစပ်ထဲထည့်သွတ်လိုက်သည်။ ဒါကိုကြည့်ပြီး အာလူးစိတ်ထဲ "တော်တော်အာပြဲတဲ့ကောင်"လို့ တွေးသည်။ ပြီးတော့ မျက်နှာကို ခန့်သီဟဘက်လှည့်ရင်း . . .

"ဒီမှာ သီဟ၊ ငါ ဒီလောက် ဂွင်ဖန်ပေးတာတောင် သီလက အဖြစ်မရှိဘူး၊ ဒီကောင့်ကို ငါ အတော်စိတ်ကုန်သွားပြီ"

"အေး"

"ဘာအေးလဲ' အခုကိစ္စက ငါလွန်တာလား၊ သီလလွန်တာလား"

"ဘာကိစ္စလဲ"

"ရော် . . . ခုပဲပြောနေတာလေ၊ ခင်ဝဝသီတာနဲ့တွေ့ကြတဲ့ ကိစ္စပေါ့"

"နေဦး၊ ဘာတဲ့လဲ' အစက ပြန်ပြောကွာ"

"မင်းကလည်း သီဟရာ၊ လုပ်ပြီ၊ ပြောနေတုန်းက နား မထောင်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com


"မပြောချင်လည်း နေ"

မပြောဘဲမနေနိုင်တဲ့အာလူးခမျာ စောစောကပြောတဲ့ အကြောင်းကို အစ အဆုံး ပြန်ပြောပြရပြန်၏။

အင်းလေ. . . နာမည်ကိုက အာလူးပဲဥစ္စာ။

◆ ◆ ◆

**ခန့်**သီဟနှင့်စိုးဝတ်ရည်က သန့်သီလနဲ့ခင်ဝဝသီတာလို နှစ်ယောက်ထဲတွေ့ဆုံစကားပြောကြတာမျိုးမဟုတ်။

သူ့ဘက်က သန့်သီလရော၊ အာလူးပါ ပါသလို စိုးဝတ်ရည်ဘက်ကလည်း သူ့သူငယ်ချင်းမြမြညွှန့်ပါသည်။ သူတို့အားလုံး **Section** တစ်ခုတည်းမှာ တက်နေတဲ့သူတွေ။

"နင့်ဆံပင် ဒီလောက်ထိရှည်တာ ဘယ်အရွယ်ကတည်းကထား အရှည်ထားခဲ့တာလဲ စိုးဝတ်ရည်"

ခန့်သီဟက စိုးဝတ်ရည်ရဲ့ ကျစ်ဆံမြီးနှစ်ဖက်ကို ကြည့်ရင်း မေးသည်။ စိုးဝတ်ရည်က ငုံလက်စအအေးကို မြိုချရင်း . . .

"ခြောက်နှစ်သမီးလောက်ကတည်းက"

"နင့်ဆံပင်တွေကို တရောကင်ပွန်းခေါင်းလျှော်ရည်နဲ့ပဲ လျှော်တယ်ဆိုတာ ငါအတိအကျသိထားတယ်"

ခန့်သီဟစကားကို စိုးဝတ်ရည်က အိုက်တင်ကလေးခဲ့ပြီး


www.burmeseclassic.com

www.burmeseclassic.com



ဏ်။ အဲသလို ခန့်သီဟာသိအောင်ကို တမင်သတင်းဖြန့်လိုက်တဲ့ဟာကို။

"နင်လျှော်နေတဲ့ တရော်ကင်ပွန်းရဲ့အမိပ္ပါယ်ကိုသိလား စိုးဝတ်ရည်"

ခန့်သီဟာရဲ့ ဒီစကားကိုတော့ စိုးဝတ်ရည်မျက်ခုံးမြင့်သွားသည်။ ပြီးမှ . . .

"ဘာအမိပ္ပါယ်ရမှာလဲ ခန့်သီဟာရဲ့၊ တရော်နဲ့ကင်ပွန်းသီးနှစ်မျိုးပေါင်းစပ်ထားတဲ့ ခေါင်းလျှော်ရည်ပေါ့"

"ဒါတော့ လူတိုင်းသိတာပဲ၊ မြမြည္ဘန့် နင်ရော သိလား"

ခန့်သီဟာက မြမြည္ဘန့်ဘက် လှည့်မေးသည်။

"စိုးဝတ်ရည်လိုပဲ သိတာ"

"မဟုတ်သေးဘူး၊ နင်တို့မသိရင် ငါပြောပြမယ်၊ တရော်ဆိုတာ မင်္ဂလာကျက်သရေအထိမ်းအမှတ်၊ ကင်ပွန်းသီးက အပုပ်အစပ် အနံ့ဆိုးပျောက်ပြီး သန့်ရှင်းစင်ကြယ်စေတာ"

ခန့်သီဟာစကားကို သန့်သီလနဲ့အာလူးက မျက်မွှေးထော်ပြီး မော့ကြည့်သည်။ စိုးဝတ်ရည်က . . .

"ဟုတ်လား၊ ငါသိတာတော့ ခေါင်းလျှော်ရည်ပဲ"

"ပြောဦးမယ်၊ သရေခေတ္တရာပြည်၊ ဒွတ္တဘောင်မင်းကြီးကို ပန်ထွာမင်းသမီးက မသန့်စင်တဲ့မီးနေထဘီကချည်နဲ့မျက်နှာသုတ်ပဝါရက်လုပ်ပြီးဆက်တာ၊ မင်းကြီးက အမှတ်တမဲ့ မဆင်မခြင်သုံးစွဲမိလို့ ဘုန်းနိမ့်ပြီး မျက်မှောင်နှစ်ခုကြားက မှဲ့ရှင် ကွယ်ပျောက်သွားတယ်"

ခန့်သီဟာက ကော်ဖီလက်ကျန်ကို အပြတ်ရှင်းဖို့ ကောက်



www.burmeseclassic.com

www.burmeseclassic.com


သူတယ်။ မြမြညွန့်က . . .

"နင်ကလည်း . . . စကားကို ဆုံးအောင်အရင်ပြော၊ ခေါင်းလျှော်ရည်ကနေ ဘယ်က ဒွတ္တဘောင်မင်းနဲ့သရေခေတ္တရာ ပြည်ရောက်သွားရတာလဲ"

"လာမယ်လေ၊ ဒါလေး လက်စသပ်ပြီးရင် ဆက်ပြောမှာ ပေါ့၊ နေဦး ဘယ်နားရောက်သွားပြီလဲ"

"မှဲ့ရှင်ကွယ်သွားတဲ့နေရာ"

စိုးဝတ်ရည်က ဝင်ထောက်ပေးသည်။

"အေး၊ အဲ့ဒါနဲ့ မင်းကြီးက သူ့ကိုယ်သူ ဘုန်းနိမ့်ပြီဆိုတာ သိတော့ ပန်ထွာပြည်ကနေ သရေခေတ္တရာပြည်ကို ပြန်ခဲ့တယ်၊ သမ်းခရီးမှာ မိုးရွာတော့ တရော်ပင်အောက်ဝင်ပြီး မိုးခိုတယ်၊ အဲ့ဒီ အခါ တရော်ပင်က စီးကျလာတဲ့မိုးရေတွေက မင်းကြီးမျက်နှာပေါ် ကိုကျတယ်၊ တရော်ရည်နဲ့မျက်နှာသစ်သလိုဖြစ်တဲ့အတွက် မင်္ဂလာ ကျက်သရေအထိမ်းအမှတ် မှဲ့ရှင်တော်ပြန်ပေါ်လာတယ်တဲ့"

"ဩော်"

"ကင်ပွန်းသီးကရော"

"ဒီလိုဟ၊ ကင်ပွန်းသီးက အပုပ်အစပ်အလွှန့်နိုင်တယ်၊ ညစ်ပေ၊ ညှီစော်နံနေတဲ့အရာကို ကင်ပွန်းသီးပြုတ်ရေနဲ့ဆေး၊ ဒါမှ မဟုတ် မီးမြှိုက်ပြီး မီးခိုးမှိုင်းတိုက်ရင်တိုက် အနံ့အသက်ပျောက်ပြီး သန့်ရှင်းစင်ကြယ်စေနိုင်တယ်တဲ့၊ အဲ့ဒါကြောင့် ရှေးမြန်မာလူကြီး သူတွေက တရော်ကင်ပွန်းကို ခေါင်းလျှော်ရည်အဖြစ် သတ်မှတ် ခဲ့ကြတာ၊ ကိုယ့်ရဲ့ဦးခေါင်းနဲ့မျက်နှာကျက်သရေတိုးအောင်ပဲ"

ခန့်သီဟက စကားကို အဆုံးသတ်ပြီဆိုသောသဘောနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်သည်။ သန့်သီလက . . .

"မင်းပြောလို့ပြီးပြီလား သီဟ"

"အေး"

"ပြီးရင် ဒီဝိုင်းမင်းရှင်းလိုက်တော့ ပြန်ကြမယ်"

ဤတွင် စိုးဝတ်ရည်တို့နှင့်လမ်းခွဲ၍ ကိစ္စပြတ်သွား၏။ လမ်းတွင် သန့်သီလက ခန့်သီဟကို . . .

"ဒီမှာ သီဟ၊ မင်း စိုးဝတ်ရည်ကို ဘယ်အချက် သဘောမတွေ့လို့ ကဂျိုးကကျောင်တွေ လျှောက်မေးနေတာလဲ၊ မင်း အဲသလိုတွေ မေးနေပြောနေကတည်းက ငါ သဘောပေါက်ပြီ"

"ရှည်လျားနက်မှောင်တဲ့ စိုးဝတ်ရည်ရဲ့ဆံပင်တွေ မလှဘူးလားကွာ"

"လှတာ လူတိုင်းသိတယ်"

"ဒါပေမယ့် . . . သူခေါင်းငုံ့လိုက်တိုင်း ဦးရေပြားမှာ ဘောက်ဖွေးဖွေးတွေ မြင်နေရတယ်၊ ခေါင်းကို ဂရုတစိုက်လျှော်ပြီး သန့်ရှင်းအောင်ထားရင် အဲ့ဒီဘောက်က ရှိစရာလား"

"ဩော်"

"အဲဒါ ညစ်ပတ်လို့ပဲ"

"အင်း"

"တော်ပြီ၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ကို နောက်တစ်ခါ ဘယ်ကောင်မလေးနဲ့မှ ဂျိုင်းမပေးတော့ဘူး ဟင်း"

အာလူးက ထိုသို့ အပြတ်ပြောလိုက်လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

**သူ** မွေးထားတဲ့သမီးကို ကြည့်ပြီး ဒေါ်စောဥမ္မာ အတော်ရှင်လေးမိသည်။ သူ့သမီးဟာ ဘယ်လိုကြောင့်များ ပြိုင်စံရှားချောမောလှပနေရပါသနည်း။

"တော်ပါတော့အေ၊ နဂိုလှပြီးသားကို ညည်း ဒီလောက်အချိန်ယူပြင်နေစရာမလိုပါဘူး"

ရှည်လျားကော့ညွတ်လှတဲ့မျက်တောင်မွေး မည်းနက်နက်ကို **Mascara** အညိုရောင်တင်နေတဲ့ သူ့သမီးသွေးထက်ရင့်ကို ပြောသည်။ သွေးထက်ရင့်က ပြုံးလိုက်ပြီး . . .

"မေမေ ဘာသိလို့လဲ၊ လှပြီးသားကို အခုလိုထပ်ဖြည့်လိုက်တော့ ပိုပြီးလှသွားတာပေါ့၊ ဒါမှ စွဲဆောင်မှုရှိတာ"

"အလိုတော် . . . စွဲဆောင်မှုရှိတော့ ဘာလုပ်ရမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ညည်းက ရုပ်ပြစားတဲ့ရုပ်ရှင်မင်းသမီးလုပ်မှာမှ မဟုတ်တာ"

"သမီးအလှကို တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးကို သိစေချင်တာ၊ အဲဒါကြောင့် သရုပ်ဆောင်လုပ်ဖို့ စိတ်ကူးသားပဲ၊ ဒါပေမယ့်"

သွေးထက်ရင့်က စကားကိုဆုံးအောင်မပြောနိုင်သေးဘဲ နှုတ်ခမ်းနီရဲရဲထွေးတဲ့ နှင်းဆီဖူးနှုတ်ခမ်းကို ပန်းနုရောင်ဆိုးဆေး ခပ်ပါးပါး တင်သည်။

ပြီးလျှင် အထက်အောက်နှုတ်ခမ်းနှစ်လွှာကို ပူးချည်ခွာ ချည်လုပ်ရုံဖြင့် ပန်းနုရောင်လှပသောနှုတ်ခမ်းတစ်စုံဖြစ်၍သွား၏။ ဒေါ်စောဥမ္မာက သမီးဖြစ်သူ ဆက်ပြောလာမည့်စကားကို စိတ်ရှည်ရှည်မစောင့်နိုင်တော့ဘဲ . . .

" ဒါပေမယ့် ဘာဖြစ်လဲ?. ဘာဖြစ်လို့ မင်းသမီး မလုပ်တာလဲ"

"ဗေလုဝနဲ့တွဲရမှာစိုးလို့"

"ဟေ!"

ဒေါ်စောဥမ္မာက သူ့သမီးကို တအံ့တသြနှင့်ကြည့်နေမိသည်။ သွေးထက်ရင့်ကတော့ ခပ်တည်တည်ပါပဲ။ တကယ်တမ်းကျ ကိုးတန်းဆယ်တန်းကတည်းက မဂ္ဂဇင်းမျက်နှာဖုံးတွေမှာပါခဲ့ပြီး ဗွီဒီယိုတွေက ကမ်းလှမ်းတာခံခဲ့ရသည်။

"အခု ငယ်သေးတယ်၊ ပညာ ဆုံးခန်းတိုင်လို့ အသက် နှစ်ဆယ်ကျော်မှပဲ စဉ်းစားပါ"

ဖေဖေဦးအောင်ဇေယျက စကားကို နှစ်ခါပြင်မပြောတတ်။ ဖေဖေ့လေသံနားထောင်ပြီး သွေးထက်ရင့် ခေါင်းညိတ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

ဖေဖေက ဦးအောင်ဇေယျဆိုပေမယ့် အလောင်းမင်းတရားကြီးဦးအောင်ဇေယျမဟုတ်သလို မေမေကလည်း မိဖုရားစောဥမ္မာမဟုတ်ပါ။

သို့သော် ဖေဖေက အလောင်းမင်းတရားကြီးလို သတ္တိကောင်းပြီး တစ်ချက်လွှတ်ရာဇမာန်ပြင်းထန်သလို မေမေက မိဖုရားစောဥမ္မာလို ချောမောလှပယဉ်ကျေးသူဖြစ်သည်။ ထိုသို့သောမိဘနှစ်ပါး၏ အကျင့်စရိုက်၊ အလှအချောများနှင့် သွေးထက်ရင့်၏ မွေးရင်းအလှပေါင်းလိုက်တော့ သူမတူအောင်လှတာ မဆန်းပေ။

"ညည်းကို နဂိုထဲကမှ စိတ်မချရတဲ့အထဲ အဲသလိုပြင်နေတော့ ငါ ပိုပြီး စိတ်မချတာပေါ့"

"အဟင်း ဟင်း ဟင်း"

"ရယ်မနေပါနဲ့အေ၊ တကယ်ပြောတာ၊ ညည်းက မွေးစတတည်းကိုက လှတာ၊ လေးတန်းအောင်လို့ ငါတန်းဆိုရင်ပဲ ငါ့ရင်တွေပူနေရပြီ"

"ခစ်၊ မပူပါနဲ့ အေးအေးနေပါ မေမေရယ်၊ မိဘ စိတ်မပူရအောင် သမီးကိုယ်သမီး ထိန်းသိမ်းစောင့်ရှောက်ပါ့မယ်"

"ခက်တာပဲအေ၊ ညည်း ဘယ်လိုပြောပြော ဒီလိုအလှမြင်တာရော၊ ခုနစ်တန်းလောက်ကတည်းက ပုရိသတွေ ဝိုင်းဝိုင်းလည်နေတာကိုရော လုံးဝကို စိတ်မချတာ"

"ဝိုင်းဝိုင်းလည်နိုင်သလောက်လည်စမ်းပါစေ၊ သူတို့တွေကိုဆိုးလိုမွေ၊ ရေလိုနှောက်၊ မုဆိုးတစ်ယောက်လို ကျွမ်းကျွမ်းကျင်ကျင်ကို တောကစားပြလိုက်စမ်းပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



"အို၊ မြွေနဲ့ကစားသူက မြွေကြောင့်သေတဲ့၊ မီးနဲ့ကစားသူကလည်း မီးကြောင့် ဒုက္ခရောက်တတ်တာပဲ၊ အန္တရာယ်များတဲ့ ကစားနည်းတွေနဲ့ မကစားချင်စမ်းပါနဲ့"

"အပျင်းပြေပါ မေမေရယ်၊ အန္တရာယ်ဖြစ်လောက်အောင် မကစားပါဘူး၊ နော်"

"ဟင်း"

ဒေါ်စောဉမ္မာက သက်ပြင်းကိုချပြီး ခေါင်းဖြီးကို ကောက်ယူသည်။ ထို့နောက် သွေးထက်ရင့်၏ ဆံနွယ်လိပ်ခွေခွေတွေကို အသာအယာဖြီးသပ်ပေးသည်။

"မျက်လုံးတစ်ချက်အဝင့်၊ ဆံပင်တစ်ချက်အခါ၊ အပြုံးတစ်ပွင့်၊ ခါးတစ်ချက်အလှုပ်၊ ဘာမဆို တစ်ခါပဲ မေမေ၊ သမီးရဲ့ အဲ့ဒီ တစ်ခါမှာ ပုရိသတွေ ဝိုက်ဆင်းလာစေရမယ်"

"အဲ"

"ဒါပေမယ့်"

"အင်း"

"သမီးရဲ့ အဲဒီလက်နက်တွေက ဘာအဆိပ်မှ မပါစေရပါဘူး မေမေရဲ့"

"အေး လေ"

"ခက်တာက အဆိပ်မပါစေရဘူးလို့ ကတိပေးပေမယ့် အဆိပ်ထက်ပိုဆိုးပိုပြင်းထန်နေတာခက်တယ်"

"အို!"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

မြန်မာလူငယ်အများစုတွင် ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် တစ်ယောက်နှင့်တစ်ယောက် ခင်မင်သွားကြလျှင် မိမိအခန်းထဲထိ ခေါ်တတ်၊ ဝင်ထွက်တတ်ကြသည်။ ညီအစ်ကိုလို ညီအစ်မလိုထိ ရင်းနှီးပေါင်းသင်းလို့ကတော့ အဝတ်အစား၊ ဖိနပ်၊ အလှပြင်ပစ္စည်းပါမကျန် တစ်ယောက်ပစ္စည်းကို တစ်ယောက် ယူသုံးကြ၏။

ယခု သွေးထက်ရင့်နှင့်အက်စ်သာက ဆုကတစ်ဆင့် ခင်မင်ခဲ့သူဖြစ်ပြီး ခင်မင်ပေါင်းသင်းတာမကြာသေးသော်လည်း အက်စ်သာခေါ်၍ သူ့အခန်းထဲထိရောက်နေကြသည်။

အက်စ်သာက သူ့အခန်းကို ကြွားချင်၍ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် သူက သွေးထက်ရင့်နှင့်ဆုတို့ထက် ပြည့်စုံချမ်းသာသူမဟုတ်လား။ ဈေးကြီးမိတ်ကပ်၊ ဈေးကြီးအဝတ်၊ ဈေးကြီးဖိနပ်စီးနိုင် သုံးနိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


သို့ပေမယ့် . . . သွေးထက်ရင့်က ဂရုမစိုက်ပါ။ တခြားနေရာတွေမှာ အက်စ်သာ အကုန်သာပေမယ့် သွေးထက်ရင့်အလှတိုတော့ ဘယ်လိုမှမမီပါ။

"တို့ကလေ . . . သွေးလို ထဘီကို ချပ်ချပ်ရပ်ရပ်မဝတ်တတ်တာခက်တယ်၊ ထဘီမဝတ်တတ်တော့ ရယ်ဒီမိတ်စကဒ်တွေဘောင်းဘီတွေပဲ ဝတ်နေရတာ၊ သွေးကထဘီဝတ်တာလှတယ်"

**Thai made** ဒူးဖုံးစကဒ်ကိုဝတ်နေရင်းမှ အက်စ်သာက ထိုသို့လှမ်းပြောသည်။ သွေးထက်ရင့်စိတ်ထဲ တော်တော်အံ့သြသွား၏။ မြန်မာမိန်းကလေးဖြစ်ပြီး ထဘီမဝတ်တတ်ဘူးဆိုတော့။

"ကိုယ်တို့ငယ်ငယ်က သုံးလေးနှစ်ဆို မင်းသမီးလုပ်ပြီး ကတတမ်းခုန်တမ်းကစားကြပြီလေ၊ အဲဒီအခါ ထဘီမဝတ်တတ်သေးတော့ လူကြီးတွေ ဝတ်ပေးရတာ၊ ဒါပေမယ့် ကိုယ်တို့က ထဘီဝတ်ချင်လွန်းလို့ ကိုယ့်ဖာသာ ကြိုးစားဝတ်ရင်း သုံးလေးတန်းဆိုကောင်းကောင်း ဝတ်တတ်နေပြီ"

"တို့က အဲသလိုမကစားခဲ့ရဘူး သွေးရဲ့၊ တို့က ထဘီမဝတ်တတ်လို့ထားပါ၊ ဆုနဲ့ယှဉ်လိုက်ရင်ကို သွေးဝတ်တာ လှကိုပိုလှတာ"

"မဟုတ်ဘူး အက်စ်သာရေ၊ အဲဒါ သွေးကိုယ်လုံးလေးကိုက သိပ်လှတာကိုး၊ ဒီတော့ ပိုလှတာပေါ့"

ဒီစကားကို ဆုက ဝင်ပြောသည်။ သွေးထက်ရင့်က

"ဆုကတော့ လုပ်ပြီ၊ ကိုယ့်အချင်းချင်း မြှောက်နေတယ်"

"မြှောက်တာမဟုတ်ဘူး သွေးရေ၊ နင် စတိတ်မှာကတည်းက နာမည်ကြီးသတင်းမွှေးတာ၊ မကြာခင် တို့တွေ တက္ကသိုလ်ကျောင်းတက်ရတော့မယ်၊ နင့်အလှကြောင့် ကျောင်းတော်ကြီး လှုပ်



www.burmeseclassic.com

www.burmeseclassic.com


လှုပ်ရှုရှုဖြစ်ဦးမှာ မြင်ယောင်ပါသေးရဲ့"

"ဟင်း ဟင်း ဟင်း ဟင်း"

သွေးထက်ရင့် သူသဘောကျလျှင် ထိုသို့ တဟင်းဟင်းနှင့် ညှင်းသွဲ့သွဲ့မျှင်းရယ်တတ်လေ၏။

ဒီလိုပါပဲ။ သွေးထက်ရင့်အလှကို ရောက်လေရာတိုင်း အံ့ဩမဆုံး ချီးမွမ်းတတ်ကြတာ အဆန်းမဟုတ်။

သွေးထက်ရင့်အတွက် မဆန်းပေမယ့် အစ်စ်သာအတွက် ဆန်းသည်။ ပြီးတော့ အက်စ်သာက တစ်မျိုးတွေးသည်။ သူက သွေးထက်ရင့်နှင့်ဆုလို အင်္ဂလိပ်စာအဓိက တက်ရမှာဖြစ်သည်။ သွေးထက်ရင့်နှင့်မေဂျာတူနေမှတော့ အက်စ်သာအဖို့ **Queen** ရစရာ ဘယ်လိုမှ အကြောင်းမမြင်။

ဒီအတွက် အက်စ်သာ စိတ်ကသိကအောက်ဖြစ်ရ၏။ သွေးထက်ရင့်နှင့်ယှဉ်လိုက်လျှင်သာ အက်စ်သာ အလှကနောက် ကောက်ကျသွားသော်လည်း သူ့ဟာသူဆိုလျှင် အလှစာရင်းဝင်သူ ဖြစ်သည်။

ယခုလည်း တက္ကသိုလ်တွေတက်ရတော့မှာမို့ လိုအပ်တာ လေးတွေဝယ်ရန် **Shopping** ထွက်ကြဖို့ဖြစ်သည်။

"အက်စ်သာ"

"ဟင်' ဘာလဲ ဆု"

"ကျောင်းတက်ရင် နင့်ရဲ့ကွာတားဘောင်းဘီတွေ၊ စကဒ် ဆိုတွေ အသုံးဝင်မှာမဟုတ်ဘူး၊ ကျောင်းထဲဝတ်လို့မှ မရတာ"

"အင်း . . . ကြိုးနဲ့ပတ်ထဘီတွေ ထပ်ချုပ်ရုံပေါ့"

သွေးထက်ရင့်စိတ်ထဲက ပိုရန်ကောဟုတွေးသည် နှစ်နှစ်


www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ကလေးလို ထဘီဝတ်သင်ပေးရမလိုဖြစ်နေပြီ။ သွေးထက်ရင့်ကတော့ ထဘီကိုသာ စွဲစွဲမြဲမြဲဝတ်တတ်သည်။ အထည်ဆန်းများကို တက်အောက်ဆင်တူချုပ်၏။ ဝင်းအိနေသောအသားအရေ၊ အချိုးအဆက်လှပသောခန္ဓာကိုယ်က ဘယ်လိုဖြစ်ဖြစ်လှသည်ပင်။

"ပြီးပြီ၊ သွားမယ်"

အက်စ်သာက အလှပြင်၊ အဝတ်အစားဝတ်တာတွေ အဆုံးသတ်ရင်းပြောသည်။ ဆုက . . .

"ကျောင်းတက်ရတော့မှာတွေးပြီး ရင်ခုန်တယ်ဟာ၊ တကယ်ဆို ငါ့ဦးနှောက်က တက္ကသိုလ်ရောက်မယ့်ဉာဏ်ရည်မရှိဘူးလို့ သတ်မှတ်ခံထားရတာ၊ တက္ကသိုလ်မြေ ခြေချချင်လွန်းလို့ နေ့နေ့ညည ကျားကုတ်ကျားခဲ စာကျက်ခဲ့ရတာ"

"ဟင်း ဟင်း၊ နင် တက္ကသိုလ်မရောက်မှာကို နင့်လောက်နီးနီး စိုးရိမ်ရတာ ငါပဲလေ၊ ခုတော့ ကျောင်းတက်ရင် နင်ရောအက်စ်သာပါအဖော်ရှိတော့ အားရှိသွားပြီ"

အက်စ်သာက . . .

"သုံးယောက်ပေါင်း လောင်းကျော်ကြတာပေါ့"

သူတို့ ပျော်ရွှင်စွာ ရယ်မောလိုက်ကြလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"မုခ၊ ဟဲ့ မုခ၊ လာစမ်း ဒီမှာ လာကြည့်စမ်း၊ အမလေး လေး ကျောင်းဆရာမလုပ်မယ့်သူက အမြဲတမ်း ထဘီက ကွင်းလုံပုံ"

ဒေါ်ခင်အေးဟန်က မုခအခန်းပေါက်ဝမှနေ၍ အထဲကို လှမ်းကြည့်ပြီးအော်သည်။ အခန်းရဲ့ အဝတ်ဗီရိုရှေ့တွင် မုခ ချွတ်ထားခဲ့သော ထဘီက အကွင်းလိုက်ပုံလျက်သားလေးရှိနေ၏။

အပြင်ထွက်ခါနီး မုခက . . .

"မေမေကလည်း အဲ့ဒါနဲ့ ကျောင်းဆရာမလုပ်မှာ ဘာဆိုင်လို့လဲ? အခန်းထဲ သူ့ဟာသူနေတာ ဘယ်သူမှမသိဘူး၊ မေမေ အော်တာနဲ့ ပတ်ဝန်းကျင်သိကုန်တော့မယ်၊ ရှက်စရာကြီး"

"ပတ်ဝန်းကျင်သိမှာကျ ရှက်တယ်၊ ဒါကျ မရှက်ဖူးလား"

"မေမေကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ မေမေကလည်းလဲ? ညည်း အဲဒီအကျင့်ကြီး ပြင်စမ်းပါအေး ကိုယ့်ခါးက ချွတ်တဲ့ထဘီ တစ်ခါတည်း ကောက်သိမ်းပြီး အဝတ်စင်ပေါ် လွှားခဲ့မှပေါ့၊ ဘယ့်နှယ် ပြောရတာလည်း တစ်သက်လုံး အပ်ကြောင်းထပ်နေပြီ"

"ပြန်လာရင် သမီးသိမ်းတာပဲ မေမေရဲ့"

"ဟဲ့ ပြန်လာရင် သိမ်းမယ့်အတူတူ တစ်ခါတည်းသိမ်းသွားတော့မကောင်းဘူးလား၊ မြင်မကောင်း ကြည့်မကောင်း၊ ဟင်း"

"သမီးအခန်းထဲ သူ့ဖာသာနေတာကို မေမေက တံခါးဘာလို့ သွားသွားဖွင့်ကြည့်လဲ"

"မုခ"

ဒေါ်ခင်အေးဟန်က ကုန်းအော်သည်။ မုခက အိမ်ထဲ ပြန်ဝင်လာပြီး အခန်းထဲဝင်ကာ ကွင်းလုံးချွတ်ပုံထဘီကို ကောက်ပြီး ထဘီစင်ပေါ် လွှားတင်လိုက်၏။

"ကျွတ်၊ မေမေက တော်တော့်ကို ပွားတာပဲ"

"ကြားလား ဘိုးသောင်းတင်၊ တော့်သမီးက ကျုပ်ကို ပွားသလေးဘာလေးနဲ့ . . . ဟွန်း . . . ညည်းကမှ အတော့်ကိုပွဲ့တာသိလား"

မေမေ့အပြောကြောင့် မုခ ပြုံးမိသည်။ မေမေက ခေတ်လူငယ်တွေကြား ရေပန်းစား အသုံးများနေသော ခေတ်စကားတွေကို ပြိုင်ပြောနိုင်သည်။

"မအေကြီးတို့သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်မိရင် သိပ်ကို နားငြီးတာပဲကွာ"

"နားငြီးရင် တော့်သမီးနိုင်အောင်ပြောလေ၊ ဒီအကျင့်ဆိုး

www.burmeseclassic.com

www.burmeseclassic.com


ကြီး ဘယ်တော့မှ ဖျောက်မှာလဲ? ကျောင်းဆရာမဖြစ်တဲ့ထိ မဖျောက်ရင် မခက်လား"

"အာ . . . လာပြန်ပြီ မေမေကလည်း၊ ဒီကျောင်းဆရာမ ဆိုတာပဲ ခလုတ်တိုက်တိုက်နေတာပဲ"

"ဟဲ့ . . . ကျောင်းဆရာမဆိုတာ ကျောင်းသူကျောင်း သားတွေအတွက် စံပြဖြစ်ရမှာပေါ့၊ အဲသလို လူက စည်းကမ်းမရှိ မှတော့ အောက်(ထ်)တာပေါ့အေ"

"ခစ်"

မုခက မေမေ့အပြောကြောင့်ရယ်ပြန်သည်။ ဖေဖေက

"အားလုံး ငါ့သမီးလေးသဘော၊ ငါ့သမီးလေး ဘာလုပ် လုပ်၊ ဘယ်လိုနေနေ ဖေဖေကတော့ ကျေနပ်တယ်၊ ငါ့သမီး သဘော"

"ဘိုးသောင်းတင်၊ တော်က မြှောက်ပေးနေတယ်၊ ဟင်း ဒါကြောင့် ဒင်းကဲချင်တိုင်းကဲနေတာပေါ့"

"မေကလည်း"

"တော့်သမီးအကြောင်း ဘာသိလို့လဲ? သူကသာ သူများကို ဆရာလုပ်ချင်တာ သူ့ကိုပြောလိုက်ရင် မိဘပြောတာတောင် တစ်ခွန်းနဲ့ဟုတ်ဆိုပြီး ခေါင်းညိတ်ရဲ့လား၊ နားထောင်ရဲ့လား"

"ဒါက အသေးအဖွဲ့ကိစ္စလေးတွေမို့ သမီးက နွဲ့ဆိုးဆိုးနေ တာပါ၊ တို့များသမီးက စာမေးပွဲ တစ်ခါမှ မကျဖူးဘူး၊ ခုထိ ရည်းစား သန့်မထားဘူး၊ ဒီဘက်ခေတ်တချို့ကလေးတွေ အလယ်တန်း လောက်ဆို မိဘ စိတ်ညစ်နေရပြီ"

"အဲဒါ တော့်သမီး သူကြိုက်တာမတွေ့သေးလို့ နေတာပေါ့၊


www.burmeseclassic.com

www.burmeseclassic.com


လိမ္မာလွန်းလို့ ဟုတ်မယ်မထင်ဘူး"

"မေကလည်း"

မုခက နှုတ်ခမ်းကို တစ်တောင်လောက်စူရင်း မူနွဲ့နွဲ့ဆိုသည်။ ဦးသောင်းတင်က . . .

"တို့သမီးက မိဘခွင့်ပြုချက်မရဘဲ ရည်းစားထားမှာမဟုတ်ဘူး၊ နော် သမီး"

"ဟုတ်"

"ကဲ . . . တွေ့လား၊ ဒေါ်ခင်အေးဟန်ရဲ့"

"ဟွင်း . . . ကြည့်သေးတာပေါ့"

"ဒါနဲ့ ဖေဖေ"

"ပြောသမီး၊ ဘာလဲ"

"သမီးကို ရည်းစားထားခွင့် ဘယ်တော့ပြုမှာလဲ"

"ဟော"

"တွေ့လား! တော့်သမီး"

"မေးလို့သာမေးရတာပါ ဖေကြီးရယ်၊ သမီးက ဆရာအတတ်သင်ကျောင်းတက်မှာဆိုတော့ ရည်းစားရဖို့လည်း မလွယ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အမျိုးသားသင်တန်းသားပါဖို့ ရာနှုန်းနည်းလို့ပေါ့"

"အမလေးတော်"

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဖေဖေက ဧည့်ခန်း ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်ကို လွန်းထိုးသလို ခေါက်တုန့်ခေါက်ပြန်လျှောက်နေသည်။ ဖေဖေ အခုလို လျှောက်နေတာ အစာကြေဖို့လည်း မဟုတ်။ အညောင်းပြေ လျှောက်နေတာလည်းမဟုတ်။

ဒါ သူတို့ကို တစ်ခုခုပြောတော့မှာ သေချာသည်။ ခက်တာက ဖေဖေ့ကို လိုက်ကြည့်ရင်း ခေါင်းတွေမူးလာတာ ခက်သည်။ ဖေဖေက ခုထိ ဘာမှမပြောသေးပေ။

"အစ်ကိုကြီး၊ သားတွေကို ဘာပြောမှာလဲ' ပြောစရာရှိရင် ပြောလေ၊ ခင် ခေါင်းတွေမူးနေပြီ"

ဖေဖေ့ကို သီလနှင့်သီဟမပြောရဲသမျှ မေမေကပြောလိုက်၍ ဝမ်းသာသွားရသည်။ ဖေဖေ ဘာပြောမလဲဆိုတာ မြန်မြန် နားထောင်၊ ဩဝါဒခံယူပြီးမှ စိတ်အေးနိုင်မည်။ မဟုတ်လျှင် တစ်ိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်နှင့် ဘာမှန်းမသိ။

"အဟမ်း"

ဖေဖေက စကားစဖို့ ချောင်းတစ်ချက်ဟန့်သည်၊ အဲဒီချောင်းဟန့်သံကြောင့် သီလနှင့်သီဟတင်မက မေမေပါ ဆတ်ခနဲတုန်ပြီးလန့်သွား၏။

ဖေဖေက ဒီလိုပါပဲ။ နှာချေလျှင်လည်း အသံကျယ်လွန်း၍လန့်စရာကောင်းသည်။ ချောင်းဟန့်လျှင်လည်း တုန်သွားတတ်သည်။ လူက ထောင်ထောင်မောင်းမောင်းနှင့်ထွားကျိုင်းသန်မာလှသည့်ဖေဖေ့ပုံစံကို အနီးစပ်ဆုံး ဥပမာပြရလျှင် ရာမ၊ လက္ခဏဇာတ်တော်ထဲက ရာဝဏရဲ့ဦးရီးတော် မာရဇ္ဈပုံစံမျိုးဖြစ်လိမ့်မည်။ လူပုံစံနှင့်မျက်နှာထားမြင်လျှင်ပဲ ကြောက်စရာကောင်းနေ၏။

"လမ်းဆုံရေခဲစက်က ဦးဘရင်က ငါ့ကိုပြောတယ်၊ ခင်ဗျားသားနှစ်ယောက်ကို လမ်းထိပ်ကွမ်းယာဆိုင်က ဇယ်ခုံမှာရော၊ (၁၀)ရပ်ကွက်က လက်ဖက်ရည်ဆိုင်မှာရော အမြဲတွေ့တယ်တဲ့"

ဇာတ်လမ်းက အခုမှ စမှာ။ မေမေက . . .

"အဲ့ဒီတော့"

"ကွမ်းစားချင်လို့ဝယ်စားတာ မပြောလိုပါဘူး၊ ကွမ်းယာဆိုင်မှာ တစ်နေကုန် ပေးလားဝါးလားနေ၊ ဇယ်ခုံမှာ ထိုင်ပြီး ဇယ်တောက်တာဖြစ်သင့်ရဲ့လား၊ အဲဒါ ပြောချင်တာ"

သီလရော သီဟပါ ဘာမှပြန်မပြောပါ။ ဟုတ်နေတာကိုး။

"ကောင်းတာလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ် ဦးသောင်းတင့်သားတွေဆိုပြီး ငါ့နာမည်ရော၊ အေး မင့်နာမည်ပါ ခင်ပပဆိုတဲ့တပ် အပြောခံရမှာ"



www.burmeseclassic.com

www.burmeseclassic.com


"အင်းလေ၊ ဒါတော့ ခင်တို့ရဲ့သားတွေပဲဟာ"

"ဟော့ကောင်တွေ၊ သီလနဲ့သီဟ"

"ခင်ဗျာ"

သီလနှင့်သီဟက ပြိုင်တူထူးသည်။ ဦးသောင်းတင်က

"မင်းတို့ကို ငါက မဆုံးမခဲ့ဘူးလား၊ ဆုံးမခဲ့သလား"

"ဆုံးမခဲ့ပါတယ်ခင်ဗျ" (သံပြိုင်)

"စားချိန်တန် ဘာလုပ်ရလဲ"

"စားရပါတယ်ခင်ဗျ" (သံပြိုင်)

"အိပ်ချိန်တန်"

"အိပ်ရပါတယ်ခင်ဗျ" (သံပြိုင်)

"လည်ချိန်တန်"

"လည်ရပါတယ်ခင်ဗျ" (သံပြိုင်)

"စာကျက်ချိန်တန်"

"ကျက်ရပါတယ်ခင်ဗျ" (သံပြိုင်)

"အေး ... အဲသလို သူ့အချိန်နဲ့သူ စားချိန်တန်စား၊ အိပ်ချိန်တန်အိပ်၊ ကစားချိန်တန်ကစား၊ စာကျက်ချိန်ကျက် သူ့နေရာနဲ့သူ ဆုံးမခဲ့တယ်"

အဲ့ဒါတော့ ယုံသည်။ သီလ ခုနစ်တန်းလောက်က အိမ်က နေ ညဘက်ခိုးထွက်ပြီး ပွဲဈေးတန်းသွားခဲ့ဖူးသည်။ ဖေဖေ မိသွားသောအခါ ခါးပတ်နှင့်ဖြတ်ရိုက်၏။ သီဟကတော့ တစ်ခါလားပဲ အရိုက်ခံရဖူးသည်။ ဖေဖေခိုင်းတာ ချက်ချင်းထမလုပ်၍ဖြစ်သည်။ သီလကတော့ မရေတွက်နိုင်အောင် အရိုက်ခံရသည်။

"အရိုက်ခံရတော့ ဘာဖြစ်လဲ၊ ရိုက်တုန်းခဏပဲနာတာ၊


www.burmeseclassic.com

www.burmeseclassic.com


လည်ရတာအမြတ်"

သီလက ပြန်မပြော နားမထောင်၊ သီဟက ပြန်ပြောတတ်ပေမယ့် လိမ္မာပြီး မိဘစကားနားထောင်သည်။

"ဖေဖေက သားသမီးဆုံးမတာ ကျွဲရိုက်နွားရိုက် ရိုက်တယ်လို့ပတ်ဝန်းကျင်ကပြောတယ်၊ အဲ့ဒါ ဖေဖေ ဘယ်လိုဖြေရှင်းမလဲ"

"ဘာဖြေရှင်းရမှာလဲ' အဲသလိုအပြောခံရကတည်းက မင်းတို့ပြန်ပြောခဲ့ပါလား၊ ကျွန်တော်တို့အဖေက တစ်ခါနှစ်ခါသုံးခါထိ ပါးစပ်နဲ့ပြောတယ်၊ ဆုံးမတယ်၊ မရလို့ ကျွဲလိုနွားလို ရိုက်တာလို့"

သီဟ ပါးစပ်ပိတ်သွားရသည်။

ယခုလည်း ဖေဖေက ပါးစပ်ကပဲ အရင်ဆုံးမပြောဆိုနေသည်။ ဖေဖေ့နောက်ဆုံးစကားတစ်ခွန်းက ရှင်းပါ၏။

"ငါ ဆုံးမနေရဲ့သားနဲ့ မင်းတို့မလိမ္မာလို့ကတော့ သူများကမေးလာရင် ဦးသောင်းတင်နဲ့ဒေါ်ခင်ပပသားလို့မပြောနဲ့ ကြားလားကျွန်တော်တို့မိဘနှစ်ပါးက နေ့တိုင်းဆုံးမတယ်၊ ကျွန်တော်တို့ကိုယ်တိုင်က ဆိုးတာလို့ လူသိအောင်ပြော"

ဖေဖေက ထိုသို့သော လူစားမျိုးဖြစ်သည်။ သီလက . . .

"ဒါဆို ဘယ်သူ့သားသမီးလို့ပြောရမှာပါလိမ့်"

"ဟဲ့"

သီဟစကားကို ဝရန်တာထွက်သွားသော ဖေဖေ မကြားပါ။ မေမေကသာ ပြုံးပြုံးပြုံးပြုံးလှမ်းဟန့်တားလေသည်။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"ကျောင်းစတက်တဲ့ တစ်လအတွင်း မေဂျာပေါင်းစုံက အလှလေးတွေအားလုံးရဲ့ နာမည် သိအောင် ငါ လုပ်ပြမယ်"

အာလူးက တက်ကြွအားရစွာ ထိုသို့ ကျုံးဝါးပြောဆိုလေသည်။ သန့်သီလက . . .

"မင်းကတော့ တစ်နေ့တစ်နေ့ အဲဒီစိတ်နဲ့ သေမှာပဲ အာလူး၊ အချိန်ရှိသရွေ့ ဒါပဲ လုံးပမ်းနေတယ်၊ ကိုယ်ကြိုက်လို့ တစ်ယောက်ဆိုတစ်ယောက်လည်းမဟုတ်၊ တွေ့ရာလူအားလုံး လိုက် မျိုးစပ်နေတယ်"

"ကုသိုလ်ရပါတယ်ကွာ"

"ဟေ့ကောင်၊ ကုသိုလ်ကိုဆိုတာ ဒီလိုနေရာမျိုးရှာရသလားကွ၊ မင်းတော့လား သေရင် နတ်ပြည်နဲ့ဝေးဦးမယ်"

"အဲဒါ အသာထားပါကွာ၊ နတ်ပြည်အထိ မစဉ်းစားနဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ဒီကျောင်းထဲထိပဲ စဉ်းစား၊ ငါတို့ ဘာလုပ်ကြမလဲ"

"ဟ' ကျောင်းထဲ ဘာလုပ်ရမှာလဲ! စာသင်မှာပေါ့ ငလူးရ"

"အောင်မာ၊ လူအထင်ကြီးအောင် အသံကောင်းဟစ်မနေစမ်းပါနဲ့ သီလရာ၊ ဆယ်တန်းကို ခြစ်ကုတ်အောင်လာတဲ့သူကများ"

"အဲ့ဒါ တော်တာပေါ့ကွ၊ တချို့ခြစ်ကုတ်တောင်မအောင်ဘူး"

"ပြောတာကောင်းတယ်"

ခန့်သီဟက သန့်သီလစကားကို ထောက်ခံဝင်ပြောလိုက်သည်။ အာလူးက . . .

"ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်းတူးရင်းဆိုတာ မကြားဖူးဘူးလား"

"မင်းမဟုတ်တဲ့နေရာကျ တော်တော်ပြောတတ်တယ် အာလူး၊ အရေးရယ်အကြောင်းရယ်ဆိုရင်တော့ ခွေးအကြီး လှည်းနင်းထားသလို အို့အို့အအနဲ့"

"ဒါတော့ ငါက မင်းလိုစာကြီးပေကြီးတွေဖတ်ပြီး စကားကြီးစကားကျယ်တွေမှ မပြောတတ်တာ သီဟရ"

"ကဲပါ အာလူးရာ၊ မကောင်းမှုဒုစရိုက်တွေ မလုပ်ရင်ပြီးတာပဲ၊ တက္ကသိုလ်ရောက်မှ စာမေးပွဲလည်းမကျစေနဲ့၊ ပျော်သင့်သလောက်ပျော်၊ ကဲသင့်သလောက်ကဲ၊ မျှမျှတတပေါ့"

"အောင်မာ၊ ဆရာကြီးလုပ်ပြီး ဆုံးမနေစမ်းပါနဲ့ သီဟရာ၊ အဲ့ဒါ မင်းအဖေဦးသောင်းတင်ရဲ့အာဘော်တွေမဟုတ်လား"

"အေး"

"လောကကြီးမှာ မင်းတို့သားအဖပြောသလိုသာ အရာ



www.burmeseclassic.com

www.burmeseclassic.com


အားလုံးတရားမျှတနေရင် မကောင်းမှုဆိုတာ ဘယ်ရှိတော့မလဲ"

"ဒါပေါ့ . . . မကောင်းမှုကတော့ရှိနေမှာပဲ၊ ဒါပေမယ့် အဲဒီမကောင်းမှုထဲ ကိုယ်မပါဖို့အရေးကြီးတယ်"

"တော်ပြီ သီဟ၊ ငါ မင်းနဲ့မပေါင်းတော့ဘူး၊ မင်းက တဖြည်းဖြည်းလိမ္မာတဲ့ဘက်ပါနေပြီ၊ ငါ သီလနဲ့ပဲပေါင်းမယ်"

"ဟား ဟား ဟား ဟား"

သန့်သီလက တဟားဟားထအော်ရယ်သည်။ လောကမှာ လူမိုက်ကိုပဲ မပေါင်းသင်းအပ်၊ ဝေးဝေးရှောင်ရမည်ဟု အဆိုရှိ၏။ လူလိမ္မာမို့ မပေါင်းတာ အာလူးတစ်ယောက်ပဲကြားဖူးသေးသည်။

ပြောလို့ပြောတာမဟုတ်။ အာလူးဆိုတဲ့ကောင်က မျောက်နှင့်သာလိကာ စပ်ကျထားသလို အငြိမ်ကလည်းမနေ။ လေစာလဲ ပေါသည်။ တစ်ကျောင်းလုံး သူ့မသိတာမရှိ။

"တစ်ကျောင်းလုံး အလှစား၊ အမိုက်စား၊ အပျံစားတွေ ချည်းပဲကွာ၊ တက္ကသိုလ်တက်ရတာ အရမ်းတန်တာပဲ၊ ကောင်မလေးသုံးယောက်လောက် ရည်းစားတစ်ပြိုင်တည်းပြိုင်ထားလိုက်ရရင်တော့လား"

"မင်းရုပ်ကြီးနဲ့ရမလား အာလူး"

"သဘောပြောတာပါ၊ ဟော့ ဒါနဲ့ဝိဇ္ဇာတန်းက သမိုင်းကွင်းအဖြစ် တစ်ပြေးနေတဲ့ ကောင်မလေးက အမှန်အကန်လန်းတာကွ"

"တော်ပါ အာလူးရာ၊ မင်း မလန်းတဲ့မိန်းကလေးရော ရှိသေးလို့လား၊ ဟုတ်တာလည်း မဟုတ်ဘူး"

"ငါလည်း အာလူးရှာပေးတာဆို စိတ်မဝင်စားတော့ဘူး၊ ကိုယ့်ဖာသာရင်ခုန်လာသူတွေ့မှပဲ စဉ်းစားမယ်"


www.burmeseclassic.com

www.burmeseclassic.com


ခန့်သီဟာအပြောကို သန့်သီလကပါထောက်ခံလိုက်၏။ အာလူးက . . .

"နေပေါ့" ဟုဆိုကာ ဟိုစပ်စပ် ဒီစပ်စပ် စပ်စုဖို့ ထသွားသည်။ ပြီးတော့ ရှုပ်ရှုပ် ရှုပ်ရှုပ်ဆို ရောက်လာသည်။ သတင်းစုံလည်း ပါလာ၏။

"ခင်ဝဝသီတာက ဆေးတက်နေတယ်၊ စိုးဝတ်ရည်က ကွန်ပျူတာတက္ကသိုလ်တဲ့ကွ"

"မဆန်းပါဘူး၊ သူတို့က စာဂျပိုးတွေပဲ"

"ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက မင်းတို့သာ ကြောင်တောင်တောင်မလုပ်ခဲ့ရင် ခုချိန် ရည်းစားရှိတဲ့ကျောင်းဆီ အပျင်းပြေ သွားလည်လို့ရနေပြီ"

"ခု ပျင်းမှမပျင်းတာ"

"သီဟ ပြောတာမှန်တယ်"

အာလူးက မိန်းကလေးတွေ အများဆုံး ယောင်တတ်၊ ဆဲတတ်သော စကားလုံးဖြင့် ဆဲလေသည်။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

**မုခ**က ဆယ်တန်းကတည်းက **Chemistry** ကို ဆယ်တန်းအချင်းချင်း ပြန်သင်ပေးနိုင်သည်။ **Chemistry** သည် မုခတစ်ဖက်ကမ်းခတ်ကျွမ်းကျင်သော ဘာသာရပ်။

ဒါတင်မက အင်္ဂလိပ်စကားပြောသင်တန်းတက်လျှင်လည်း သင်တန်းဆရာသင်ပေးလိုက်သည့်အတိုင်း တစ်သဝေမတိမ်း တခြားသူများကို ပြန်သင်ပေးနိုင်သူဖြစ်သည်။

"ဆရာ ပါရမီပါတာရယ်၊ သူများအပေါ် ဆရာလုပ်ချင်တာရယ်ဆိုတော့ မုခက ကျောင်းဆရာကောင်းဖြစ်မှာ သေချာတယ်"

မိသားစုအသိုင်းအဝိုင်းတင်မက ပတ်ဝန်းကျင်က လူတွေပါ ထိုသို့ အမြဲမှတ်ချက်ပေးလေ့ရှိသည်။

ယခုဆိုလျှင် ဆရာဖြစ်သင်တန်းကိုတက်နေသော မုခက

www.burmeseclassic.com

www.burmeseclassic.com



တလောကလုံးကို သူပဲ စာသင်ပေးရမလို ဒီဇိုင်းမျိုးဖမ်းလာသည်။

"ကလေးဘဝထဲက သူများအပေါ် ဆရာလုပ်ချင်တာ လက်ညှိုးထိုးခါးထောက်ခိုင်းချင်တာ၊ သူများအပေါ်ထားဦး၊ မိဘကိုတောင် ဆရာလုပ်တဲ့သူ၊ ဆရာမ ဖြစ်ရင်တော့မလွယ်ဘူး"

ဒေါ်ခင်အေးဟန်က သူ့သမီးအကြောင်း သူသာ အသိဆုံးဖြစ်၍ အဲသလို တပ်အပ်ပြောသည်။

မုခကလည်း မုခပါပဲ။ ဆရာလုပ်ရမည်။ လျှာရှည်ရမည်ဆိုလျှင် မိဘအရိုက်ခံပြီးတော့ကို ဆရာလုပ်ရမှ လျှာရှည်ရမှ ကျေနပ်သူဖြစ်သည်။ ယခုလည်းကြည့်။

"မေမေ"

"ဘာလဲဟဲ့"

"သမီးကို ထမင်းလေးဆီဆမ်းနယ်ပေးပါ၊ ကြက်သားကြော်လေးနဲ့စားချင်လို့"

"အိုအေ၊ ကျုပ် မအားသေးပါဘူး၊ ဘုရားပန်းလဲမလို့ ညည်းဟာညည်းလုပ်စား"

"ဟာ . . . မေမေကလည်း ထမင်းဆီဆမ်းက မေမေနယ်ပေးမှကောင်းတာ၊ လုပ်ပါ မေမေရာ၊ သမီး ဗိုက်ဆာလှပြီ"

"ဟဲ့ . . . ငါ မအားပါဘူးဆိုနေမှ ညည်း အားနေတာပဲ၊ ညည်းဖာသာ ခူးစား"

"မေကလည်း၊ ဘုရားပန်းက ဘယ်အချိန်ကပ်ကပ်ကသိုလ်ရပါတယ်၊ ဒီမှာ သမီးက ညနေကျရင် အိမ်နားက ကလေးတွေကို စာသင်ပေးဖို့ စာအုပ်တွေ လေ့လာနေလို့ပါ"

ဒေါ်ခင်အေးဟန်ခမျာ သူပဲ အလျှော့ပေးရမှာ သိချာ



www.burmeseclassic.com

www.burmeseclassic.com


သည်။ မုခက အင်မတန်ခေါင်းကြောမာသူ။ ဦးသောင်းတင်က

"ကဲပါ မအေးကြီးရာ၊ သမီးလေးဆာနေတာကို လုပ်ပေးလိုက်ပါ၊ သမီးနဲ့ပြိုင် ကပ်နေတယ်"

"တော့်ဘိုးသောင်းတင်၊ တော်က ကြပ်ကြပ်အလိုလိုက်၊ ပြီးရင် တော်လည်းနိုင်တာမဟုတ်ဘူး"

ဒါတော့ ဒေါ်ခင်အေးဟန်ပြောတာ မှန်သည်။ တစ်ခါက မုခ ကတ်သီးကတ်သတ်နှင့်ခေါင်းကြောမာနေ၍ ဦးသောင်းတင် ထရိုက်ဖူးသည်။

"အလိုလိုက်တုန်းက တော်ပဲ အလိုလိုက်ထားပြီးတော့ စိတ်မရှည်ဘူးမဟုတ်လား"

"မင့်သမီးက ကပ်ချင်ရင်အလွန်ကပ်တာ မအေးဟန်ရဲ့ ငါ တစ်ခါတလေ စိတ်ကိုမရှည်ဘူး"

ဒေါ်ခင်အေးဟန်က တွေးရင်း လုပ်လက်စအလုပ်ကိုရပ်ထား ထမင်းတစ်ပန်းကန်ခူး၍ ဆီဆမ်း၊ ဆားအနည်းငယ်ဖြူးနယ်ပြီး ဒွန်းပါ တပ်ပေးလိုက်သည်။

"မေမေတို့က ဘုရားပန်းကို တစ်ခါလာလည်း သပြေ၊ တစ်ခါလာလည်း သပြေ၊ ဂန္ဓမာလေး၊ သစ္စာပန်းလေးတင်ပါဦး"

အဲသလို သူများခူးကျွေးတဲ့ထမင်းလည်း မုခတို့က အေးအေးစားတာမဟုတ်ဘူး။ လျှာက ရှည်လိုက်သေးသည်။ ဆရာက လုပ်သေးသည်။

"လျှာမရှည်ပါနဲ့အေ၊ ပန်းအိုး ညည်း ဘယ်နှစ်ခါလဲဖူးလဲ"

"ဟွန်း မေမေက အကောင်းပြောလည်း လက်မခံချင်ဘူး"

"အေးပါ၊ ညည်းကပဲ ဆုံးမပါ၊ ဘာမဆို ညည်းအသိ၊ ညည်း


www.burmeseclassic.com

www.burmeseclassic.com



အတတ်၊ ညည်းက ဆရာပဲ"

ဒေါ်ခင်အေးဟန်ပါးစပ်က ပွစိပွစိပြောရင်း မီးဖိုဆောင်ဘက်ထွက်လာခဲ့သည်။ ဒင်းနှင့်ဝေးဝေးနေတာကောင်းသည်။

ညနေဘက်ရောက်တော့ ပတ်ဝန်းကျင်မှ ကလေးဘုစုခရုတွေ စုခေါ်ထားပြီး မုခ့က စာသင်ပေးသည်။ လူကြီးဆရာမလုပ်ရတော့ ကလေး၊ ကလေးဆရာမလုပ်ရလျှင် ခွေးဖြစ်ဖြစ်တော့ ဆရာလုပ်လိုက်သေးသည်။

"ဘယ်လိုယောက်ျားမျိုးနဲ့ရမလဲတော့မသိဘူး၊ သူ့ဩဇာခံသူဆရာလုပ်တာခံနိုင်မှဖြစ်မယ်"

ဒေါ်အေးဟန်က ထိုသို့တွေးရှုံသာမက ခင်ပွန်းဖြစ်သူကိုပါလှမ်းပြောလိုက်သေးသည်။ မုခကတော့ စာသင်ကောင်းနေ၏။

"ကဲ . . . အားလုံး လိုက်ဆိုမယ်၊ သဝေထိုး 'စ'လုံးယပင့်ဝစ္စနှစ်လုံးပေါက်ဈေး"

မည်သည့်ကလေးမျှ လိုက်မဆိုကြပါ။ အားလုံးပြူးကြောင်ကြောင်လေးတွေဖြင့် မော့ကြည့်နေကြလေသည်။

"ဟဲ့ . . . လိုက်ဆိုကြလေ"

မုခက စိတ်မရှည်ဘဲ ကြိမ်လုံးနှင့်ကျောက်သင်ပုန်းကိုတဖြန်းဖြန်းရိုက်ရင်းအော်သည်။ မည်သူမျှ အသံမထွက်။

"ဈေးကို သဝေထိုးစလုံးယပင့်နဲ့ပေါင်းရတယ်လို့ ညည်းကိုဘယ်သူက သင်ပေးခဲ့ဖူးတာလဲ ဆရာမကြီးရယ်၊ ဈေးက သဝေထိုး'ဈ' ဇွဲနဲ့ပဲ တစ်ခါတည်းပေါင်းတာလေ၊ မတတ်ပါ့ဆရာမကြီးရဲ့"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

**သွေး**ထက်ရင့်က နဖူးတွင် စို့လာသောချွေးကို တစ်ရှုးဖြင့် သုတ်ရင်း ဆုနှင့်အက်စ်သာကို ဟိုဟိုသည်သည် မျက်လုံးဝေ့ရှာသည်။

ကျောင်းဖွင့်စကတော့ ဆုနှင့် သူ့အိမ်ကိုယ့်အိမ် တစ်လှည့်စီဝင်ခေါ်ပြီး အတူသွားဖြစ်သော်လည်း ကြာလာတော့ အသားကျ၍ ကိုယ့်ဟာသာပဲ သွားတော့သည်။ ပြီးမှ ကျောင်းတွင် ဆုံ၏။

ယခု သူရောက်နေသော်လည်း အက်စ်သာနှင့်ဆုကို မတွေ့သေးပေ။ ထိုစဉ်မှာပင် ဆုနှင့်အက်စ်သာကို ကျောင်းသားတစ်ယောက်နှင့်အတူ ရယ်မောရင်းလာနေတာ တွေ့ရသည်။

"ဟဲ့ . . . ဘာတွေများ သဘောကျနေကြတာလဲ"

သွေးထက်ရင့်ကို မြင်သွားပြီး ဆုတို့ကလည်း အနား



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြသည်။ ဒါကို သွေးထက်ရင့်က ဆီးကြိုမေးလိုက်ခြင်း ပင်။ ဆုက . . .

"ဒီမှာ ဂျူကာတစ်ကောင် ကောက်ရလာလို့"

ဆုပြောတာကို သဘောပေါက်သော သွေးထက်ရင့်က အနားက ကျောင်းသားကို တစ်ချက်လှမ်းကြည့်၏။ ထိုအခါ သူ့ကို ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် တအံ့တသြ မှင်တက် ငေးမောနေသော ကျောင်းသားကို တွေ့ရလေသည်။

အဲ့ဒီကျောင်းသား ဘာဖြစ်သွားတာလဲဆိုတာကို သွေး ထက်ရင့်သိတာပေါ့။ ဒါမျိုးက အမြဲကြုံဖူးနေတဲ့ဥစ္စာ။ သူမ အလှ ကို အံ့သြမှင်တက်သွားမှန်း ဗေဒင်မေးစရာမလို၊ သေချာသည်။

သွေးထက်ရင့်ထင်တာ မမှားပေ။ အာလူးခမျှာ အက်စ်သာ ကို တွေ့တော့ ချောလှပြီ အောက်မေ့မိသည်။ ခုတော့ . . .

"သွေးရေ . . . ဒါ ငါတို့ရဲ့ တက္ကသိုလ် ပထမဆုံး **Boy Friend** ပဲ၊ ပြည်သိန်းတန်တဲ့၊ ငါတို့ကို အစစကူညီစောင့်ရှောက် မယ့်သူ၊ ဗေဒင်လက္ခဏာလည်းဟောတတ်တယ်၊ သတင်းပလင်း အစုံအလင်သယ်ဆောင်ပေးနိုင်မယ့်သူပဲ"

"**Class** မှာ ခုံနေရာဦး၊ **Canteen** မှာ ခုံနေရာ ဦးပေး နိုင်တယ်"

ဆုပြောနေတဲ့စကားကို အက်စ်သာကပါ ဝင်ပြီး ထောက်ခံ ပြောသည်။ သွေးထက်ရင့်က . . .

"ကောင်းသားပဲ၊ ကြိုဆိုပါတယ် ပြည်သိန်းတန်၊ ကျွန်မတို့ အားရှိသွားပြီ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ အားကိုးလိုက်စမ်းဘာ၊ အားကိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com


စမ်းဘာ"

"ရှင့်ကြည့်ရတာ ပျော်တတ်ပုံပဲ"

"ပျော်တတ်သလား မေးမနေနဲ့၊ သူ ရယ်စရာကောင်းလွန်းလို့ ခုပဲ ငါတို့နဲ့ခင်လာတာ"

ဆုက ဝင်ပြောသည်။ အက်စ်သာက . . .

"အဲ့ဒီမှာလေ ကျောင်းထဲဝင်ကတည်းက သူ့ကိုခင်မလား ပျော်စေရမယ်၊ အားကိုးရမယ်၊ ဗေဒင်ဟောပေးမယ်၊ မျက်လှည့်ပြတတ်တယ်၊ စုံနေအောင် နောက်က လိုက်အော်နေတာ"

"ကျောင်းဝင်းထဲနဲ့ရွာသာကြီး မှားဝင်လာတာများလား"

"ဟဲ ဟဲ၊ ဒီရုပ်ကိုများ ပြောရက်လိုက်တာဗျာ နီညိုပုပ်ရယ်"

"ဘာ' နီညိုပုပ်လဲ"

"သွေးထက်ရင့်ဆိုမှတော့ နီညိုပုပ်ပဲရှိတော့မှာပေါ့"

"ဟွန်း . . . လုပ်ပြီ၊ နင်တို့ကလည်း ဒီအရှူးပြောသမျှ ယုံပြီး ခေါ်လာတာပဲလား"

"ဘယ်ကလာ' ငါတို့မှမဟုတ်ဘူး၊ သူ့ဘယ်သူ့မှ လက်မခံဘူး၊ ရယ်ပဲရယ်သွားကြတာ"

"အဲ့ဒါနဲ့"

"သူက ငါတို့ပျင်းရင် မျောက်က ကပြမယ်ဆိုတဲ့နောက်ဆုံး တတိကြောင့် လက်ခံလိုက်တာ"

"ခစ် မျောက်က ကတာကိုတော့ ငါလည်းကြည့်ချင်တယ်"

"မျောက်ကမှာမဟုတ်ပါဘူးဗျာ၊ မျောက်လိုကပြမှာကိုပြောတာပါ၊ တကယ်ပါဗျာ ကျွန်တော့်ကိုသာ ခင်မင်လက်ခံရင် မျောက်တတင်မကဘူး၊ ဘီလူးကလည်း ကပြပါ့မယ်၊ ပွဲလမ်းသဘင်တွေမှာ


www.burmeseclassic.com

www.burmeseclassic.com



ဒီပေါက်ကျွေးရင် ကြက်ရိုးနွှာပေးပါ့မယ်”

“ဟုတ်ပါပြီ”

“ကတိသာ တည်ပါစေ”

“ဒါနဲ့ ရှင်က ကျောင်းမှာ သူငယ်ချင်းအပေါင်းအသင်းမရှိဘူးလား”

“ငယ်ပေါင်းသူငယ်ချင်းညီအစ်ကိုနှစ်ယောက်ရှိတယ်၊ ယောကျ်ားလေးချင်းဆိုတော့ ကြာတော့ ပျင်းလာတာပေါ့ဗျာ၊ ပြီးတော့ အဲဒီနှစ်ကောင်က ခပ်ကြောင်ကြောင်ဆိုတော့ သိပ်လည်း မပေါင်းချင်တော့ဘူး၊ ဟဲ ဟဲ”

“အံမယ်၊ ပျော်အောင်လုပ်ပေးမယ့်သူက ပျင်းတတ်သေးတယ်၊ ဟုတ်လား”

“အဲဒါထက်၊ ယောကျ်ားလေးချင်းပေါင်းရတာ ပစိပစပ် အလွန်များတယ်ဗျ”

“ဟယ် . . . သူ့ကျမှပဲအဆန်း၊ မိန်းကလေးတွေသာ ပစိပစပ်များတယ်ကြားဖူးတာပါ”

“အောင်မလေး၊ ကျွန်တော့်သူငယ်ချင်း ညီအစ်ကို နှစ်ယောက်က မိန်းကလေးတွေထက်ဆိုးတယ်”

“ဟင်? ဟုတ်လား”

“ကျွန်မတို့နဲ့ လာမိတ်ဆက်မပေးနဲ့နော်”

“အဲလိုလူတွေနဲ့မခင်ချင်ဘူး”

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟိုကောင် အာလူးရော၊ ဘယ်ရောက်သွားပြီလဲ"

သီလက ခါးအောက်ရှော့ကျနေသော ဂျင်းဘောင်းဘီကို ဆွဲတင်ရင်း သီဟကိုမေးသည်။ မြန်မာစာဆရာမ ဝင်ကတည်းက အိပ်ငိုက်နေသော သီလမှာ ဆရာမထွက်သွားတော့မှပဲ နိုးလာ၏။

"ဆရာမ ဝင်လာကတည်းက ထွက်သွားတာပဲ"

"ဒီကောင် ဝင်လိုက်ထွက်လိုက်၊ ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ ဘာတွေ ဒီလောက်ယောက်ယက်ခတ်နေမှန်း မသိဘူး"

"သွားစမ်းပါစေ၊ မျက်စိနောက်သက်သာတာပေါ့"

"လက်ဖက်ရည်သွားသောက်မယ် သီဟ၊ အိပ်ငိုက်တယ်"

"လက်ဖက်ရည်သောက်ချင်တာကတော့ အချိန်မရွေး သောက်လို့ရပါတယ်၊ အရက်ကိုသာ အချိန်မရွေး၊ နေရာမရွေး



www.burmeseclassic.com

www.burmeseclassic.com


မသောက်ရင်ပြီးတာပဲ သီလ"

"ဆရာ မလုပ်ပါနဲ့ မင်း အကြီးလား၊ ငါ အကြီးလား သီဟ"

"အကြီးဆို အကြီးလိုနေလေ၊ အကြီးလည်း အမြင်မတော်ရင်တော့ ပြောရမှာပဲ၊ ဗုဒ္ဓလက်ယာတော်ရံအရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးတောင် သက်နိုးရုံတော်မှုတာ အဝန်းမညီလို့ သာမဏေလေးတစ်ပါးက သတိပေးတာ အရှင်မြတ်က အရေးတယူ လက်ခံပြီး ပြန်ပြင်ရုံတယ်"

"အဲဒါ သူက ရဟန္တာပုဂ္ဂိုလ်ကြီးလေ၊ ငါက ပုထုဇဉ်"

"ဘာပဲဖြစ်ဖြစ် ကောင်းတာပြောရင် ငယ်သူကပြောလည်း လက်ခံရမှာပဲ"

"ဖေဖေကိုယ်တိုင်က ကိုယ်လုပ်ပြီး ကိုယ်ဖြစ်ကိုယ်ခံတဲ့၊ ငါတော့ လုပ်ချင်တာလုပ်မှာပဲ"

"ကျွတ် . . . နာမည်ဂုဏ်လေးထိန်းပါဦး၊ သီလဆိုတဲ့ အဓိပ္ပါယ်အတိုက ကောင်းသောအကျင့်၊ ကောင်းစွာလုပ်ဆောင်ခြင်းလေ၊ မင့်ဟာက အရက်၊ ဘီယာလေးကလည်းသောက်ချင်၊ လောင်းကစားဖက်ရဦးမလား၊ စီးကရက်လေးတမြမြ၊ ညမိုးချုပ်ထိလည်ချင်၊ ရတာထက်ပိုသုံးချင်၊ ကဲ . . . ငါ ဆက်ရွတ်ရဦးမလား"

"မင့်ပါးစပ်မညောင်းရင်ရွတ်ပေါ့"

"တအားမလိမ္မာချင်နေကွာ၊ ဂုဏ်သရေညှိုးနွမ်းတဲ့အထိ မဆိုးမိုက်ရင်ပြီးတာပါပဲ"

"ဩော် သီဟ . . . သီဟ၊ မင်းသာ နာမည်နဲ့မလိုက် သီဟလို မရဲရင့်ပါလား"

"ရဲရင့်ဖို့လိုအပ်လို့လား၊ ရဲရင့်စရာရှိရင် ရဲရင့်ပြမယ်"


www.burmeseclassic.com

www.burmeseclassic.com


"ကဲပါ ကိုအာလူးအဖေရယ်၊ ကိုအာလူးယောက်နီးနီး သေတွေပေါ်များလာပါလား"

**Canteen** နားရောက်လာ၍ သီဟက ဘာမှဆက်မပြောဘဲနေလိုက်သည်။ ကိုယ်ဖြစ်ကိုယ်ခံဆိုတာ တကယ်တမ်းကျ စကားအဖြစ်သာပြောပြီး ဖြစ်လာလျှင် သွေးသားတွေမဟုတ်လား။ ထိန်းတန်သလောက်တော့ ထိန်းပေးရပါမည်။

"အလို! ငါတို့ နတ်ပြည်ကို မှားပြီး ရောက်လာမိလေရော့သလား"

သီလရဲ့ တအံ့တဩပြောလိုက်သံကြောင့် သီဟခမျာ အတွေးစ ပြတ်တောက်သွားလေသည်။

"ဘာလဲ' ဘာဖြစ်လို့လဲ"

"ဟိုမှာလေ . . . အာလူးကို မတွေ့ဘူးလား၊ မိန်းမချောမိန်းမလှလေးတွေ ဝိုင်းနေတာပဲ"

သီလပြောတာ မှန်သည်။ အာလူးတစ်ယောက် ကောင်းစားနေလိုက်တာ မိုးလည်းမမြင်၊ လေလည်းမမြင်၊ သီလနှင့်သီဟဆိုတာဝေးရော။ သီလက . . .

"လက္ခဏာကြည့်ပေးနေတာကွ"

"ပိုက်ဆံမရတောင် လက်ကိုင်ရတာမြတ်နေပြီ"

"ဒီကောင် နေရာတကာဟိုစပ်စပ်ဒီစပ်စပ်အကုန်ပါတယ်"

"ပြီးတော့မှသာ အဖျားရှူးရှူးသွားတာ"

သီလနှင့်သီဟက ထိုဆိုင်ထဲဝင်လာကြသည်။ ဒီအချိန်ထိ အာလူးက မမြင်သေးပေ။

"အဟမ်း ဟမ်း"


www.burmeseclassic.com

www.burmeseclassic.com



သီလရဲ့ ခပ်ကျယ်ကျယ်ချောင်းဟန့်သံကြောင့် တစ်ဝိုင်းလုံးမော့ကြည့်လာကြသည်။ အသားညိုညို မျက်လုံးမျက်ခုံးကောင်းကောင်းနှင့်ကောင်မလေးက . . .

"လန့်သွားတာပဲ၊ ချောင်းဆိုးတာ တိုးတိုးသက်သာမဆိုးဘူး၊ ဟွန်း"

"ကိုနီဒင်းဝယ်သောက် ပျောက်"

"အသက်"

ကောင်မလေးတွေက တိုးတိုး တိုးတိုးနဲ့တစ်ယောက်တစ်ပေါက်ပြောသည်။ အာလူးက တစ်ချက်မော့ကြည့်ပြီး ဂရုမစိုက်သလိုလို၊ တစ်ခါမှ မသိဘူးတဲ့လူလိုလို ခပ်တည်တည် ပြန်ငုံ့သွား၏။

သီလနှင့်သီဟ အဲဒီဝိုင်းထဲ အတင်းဝင်ထိုင်စရာ ခုံလွတ်မရှိပါ။ ထို့ကြောင့် တခြားစားပွဲ ဝင်ထိုင်လိုက်ရ၏။

"အာလူးဆိုတဲ့ကောင် တကယ့်ကောင်ကွာ၊ ဘယ်လိုကောင်မျိုးမှန်းကိုမသိဘူး၊ အံ့ရော"

"ရှုပ်ပါမလိုဘူး၊ ဗျူဟာပဲလိုတယ်ဆိုတာ ဒါပေါ့ကွ၊ ဒီကောင်မိန်းကလေးတွေအကြိုက်သိတယ်"

"ဒါကြောင့် ဝိုင်းနေတာပေါ့"

"အာ . . . ကြည့်လိုက်စမ်း သီဟ"

"ဘာလဲ"

"အာလူးနဲ့ဘေးချင်းယှဉ်ထိုင်ပြီး လက်ဝါးဖြန့်ထားတဲ့တစ်ယောက်၊ လှလိုက်တာကွာ၊ အရမ်းပဲ၊ လူသားမှဟုတ်ရဲ့လား"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

**မုခ**သည် သူငယ်ချင်းဖြစ်သူဇာဇာနှင့်အတူ အိမ်ထဲ
ဝင်လာသည်။ ကျောင်းစိမ်းကျောင်းဖြူ ဆံထုံးလေးနှင့်မုခက
ချက်သရေရှိရှိလှနေပြီး ချစ်စရာလည်းအလွန်ကောင်းလှ၏။
ဒေါ်ခင်အေးဟန်က သမီးဖြစ်သူကို ကြည့်မဝနိုင်အောင်
ငေးကြည့်နေမိသည်။ ပြီးမှ နံဘေးက ခင်ပွန်းဖြစ်သူဦးသောင်း
တင်ကို လက်တို့ကာ . . .

"အစိမ်းအဖြူဝတ်ထားတဲ့သူချင်းအတူတူ တော့်သမီးလေး
က သူများနဲ့ကိုမတူဘူးနော် ဘိုးသောင်းတင်၊ ကြည့်ကောင်းလိုက်
တာ"

"အင်း"

"ချစ်သူတွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ ရည်းစားများနေပြီ



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး၊ စနေတနင်္ဂနွေပိတ်ရက်တွေ အပြင်ထွက်ရင် ကောင်လေးတွေနဲ့အတူတွေ့တယ်လို့ ပြောသံကြားရတယ်"

"သူငယ်ချင်းလည်းဖြစ်ချင်ဖြစ်မှာပေါ့၊ ရည်းစားဆိုလည်းဘာဖြစ်လဲ၊ သူ့အိမ်ထောင်ဖက်အတွက် ရွေးချယ်သင့်ပြီပဲ"

"အို' ငယ်ပါသေးတယ်၊ ကျောင်းဆရာမဖြစ်တဲ့အချိန်လောက်မှ"

"ဟ' အိမ်ထောင်ပြုဖို့မှာမှမဟုတ်တာ၊ ငါ့သမီးက စဉ်းစားဉာဏ်ရှိပါတယ်"

"အို' ဒါမျိုးဆိုတာ ဘယ်လောက်စဉ်းစားဉာဏ်ရှိရှိ အမိုက်မှောင်ဖုံးသွားတတ်တယ်"

"ရှူး . . . လာနေပြီ"

ဒေါ်ခင်အေးဟန်ပါးစပ်ပိတ်သွားသည်။ အိမ်ပေါက်ဝရောက်လာသော မုခက . . .

"မေမေနော် . . . ပါးစပ်က တလှုပ်လှုပ် ပွစိပွစိနဲ့ ဘာတွေပြောနေတာလဲ' သမီးအကြောင်းပြောနေတာမဟုတ်လား"

"ပါးပါးလေးပါ မုခရယ်၊ ညည်းက မဟုတ်တာလုပ်ထားလို့ မလုံမလဲဖြစ်နေတာလား"

"မေမေနော်၊ ကျောင်းကပြန်လာလို့ မောလာသူကို ဟင့်"

"ကဲပါ အဝတ်အစားလဲ၊ မေမေ သီးစုံဟင်းချက်ထားတယ်၊ ဇာဇာနဲ့အတူ စားကြ"

"ဝါး . . . ပွတာပဲ၊ ဒီနေ့လိုက်လာတာမှန်သွားပြီ၊ အန်တီအေး လက်ရာ သီးစုံဟင်းက တကယ့်အမှန်အကန်"

"အေးပါ၊ သီးစုံဟင်းမှန်သလို ညည်းတို့လဲ မှန်ပါစေနော်'



www.burmeseclassic.com

www.burmeseclassic.com



"ဟင်' အန်တီအေးကလည်း ပဟေဠိတွေပြောနေပါလား"

"ဖေဖေ၊ သမီးမောလာတယ်နော်၊ မေမေ့ကို ပွစိပွစိ နားပူနားဆာမလုပ်ခိုင်းနဲ့"

"ညည်းကတော့ ကွိုင်ပဲ မုခ၊ ငါက အကျိုးအကြောင်းလေး သိချင်လို့ မေးမလို့ပါ"

"ဘာမေးမှာလဲ မေမေ"

"ညည်း ရည်းစားတွေဘာတွေရနေပြီလားလို့"

"ကြံကြံနဲ့ဖန်ဖန် မေမေရယ်၊ သမီးဖြင့် ကြိုက်ရမယ့်သူ မတွေ့သေးပါဘူး၊ သမီးမှာ ရည်းစားရှိရင် မေမေ့ကိုပြောမှာပေါ့၊ ဟုတ်ဖူးလား ဖေဖေ"

"ဒါပေါ့ သမီးရဲ့၊ သမီးက လိမ္မာပြီးသားပဲ"

"ဟွန်း . . . မေမေပဲ သမီးကို မယုံသင်္ကာတဲ့မျက်လုံးနဲ့ ထိုက်ကြည့်နေတာ၊ သမီး အရွဲ့တိုက်ပြီး ရည်းစားထားရင် မေမေ့ကြောင့်ပဲ"

"ကြည့်စမ်း မုခ၊ မိဘကို နင် အလိုလိုက်အမိုက်စော်ကား လုပ်နဲ့၊ ညည်းကိုငါက အလကားနေရင်းပြောတာမဟုတ်ဘူး၊ ကောင်လေးတွေနဲ့စားလိုက်သောက်လိုက် တွေ့တွေ့နေတယ် ကြားလို့"

"အင် . . . အဲ့ဒါလား၊ ထင်သားပဲ၊ ဟိုနေ့က ခေါက်ဆွဲ ဆိုင်မှာ ဂျေဆင်းတို့နဲ့စားနေတာ ဒေါ်ပုမတွေ့သွားတာကိုး၊ အဲ့ဒီ နေ့ချာပီက သမီးကို အရမ်းကြွေနေတာ မေမေရဲ့"

"ဟုတ်တယ် အန်တီအေး၊ မုခက ပြန်မကြိုက်နိုင်တာပါ ဘယ်၊ သူကလည်းသူငယ်ချင်းလိုပဲ ခင်မင်ဆက်ဆံတာ၊ သူဘော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူမို့ ဒီတိုင်း ဆက်ခင်နေတာ"

"ဂျေဆင်းမှ မဟုတ်ဘူး၊ အားတီဆိုတဲ့ တရုတ်လေးက လည်း သမီးကိုကြိုက်နေတာ၊ ပြန်မကြိုက်နိုင်ပေမယ့် ခင်စရာ ကောင်းလို့ ခင်နေတာ"

"အေး၊ အားတီတို့က ချမ်းသာတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမယ့် သမီးက တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရှရှား ဘယ်သူ့မှ ပြန်မကြိုက်ဘူး၊ လူပဲ ပြန် ကြိုက်မှာ"

"ဟဲ့' အဲ့ဒါတွေကလူ မဟုတ်ဖူးလား"

"သြော် . . . လူမျိုးဘာသာတူပြောတာပါ၊ သမီးမွေးလာ မယ့် သားသမီးမျိုးဆက်တွေကို မိမစစ် ဖမစစ်အပြောမခံချင်ဘူး"

"အပြောကတော့ ရွှေမန်းပဲ"

"မေမေနော် . . . သမီးကို မယုံသလိုနဲ့"

"အေးပါ၊ ပြီးမှသာ ငါ့သမီးလေးတော်လှ၊ ယောက်မမြင်းစီး တာတွေဘာတွေမလုပ်ရင် ကျေးဇူးတင်လှပါပြီ"

"ယောက်မ မစီးချင်ပါဘူး၊ မသကာ တံမြက်စည်းဆို ဟုတ် သေး"

"မူခ"

မေမေက အော်၊ ဖေဖေက ရယ်ပြီး မူခနှင့်ဇာဇာက အိပ် ခန်းထဲ လက်ဆွဲပြေးဝင်ခဲ့ကြလေသည်။

◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"အာလူးရာ၊ ဒီတစ်ခါတော့ မင်း အရမ်းတော်သွားပြီ၊ မင်း ဘေးကဟာလေးတွေက တကယ့်အလန်းစားလေးတွေချည်းပဲ၊ တို ပိုးပျော့ဝမ်းဆက်လေးနဲ့တစ်ယောက်က လူသားစစ်စစ်မှဟုတ်ရဲ့လားကွာ"

"ဟဲဟဲ၊ ဟဲဟဲ"

သီလအပြောကြောင့် အာလူးခမျာ ကျေနပ်သလိုလို၊ မနေတတ်မထိုင်တတ်ဖြစ်နေသလိုလို တဟဲဟဲဖြစ်နေသည်။

"နတ်သမီးလေးကျနေတာပဲ၊ မင်းကွာ နေနိုင်လိုက်တာ တစ်ယောက်ထဲ ကောင်းစားနေပြီး ကိုယ့်သူငယ်ချင်းလေးတွေကိုတောင် သတိမရဘူး၊ ဟင်း"

"ငါပြောရင်လည်း မင်းတို့ညီအစ်ကို ကကြိုးကကျောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂိုးများတယ်၊ ပြီးတော့ နောက်ဆို မလုပ်ပေးနဲ့တော့ဆို"

"ဒါတော့ကွာ ဟိုတုန်းက စတိတ်ကျောင်းသားဘဝ ဆယ်တန်းအောင်ပြီးကာလ ကလေးတွေးကိုး၊ ခုက တက္ကသိုလ်နယ်မြေလေကွာ၊ ဘယ်တူမလဲ၊ ပြီးတော့ မင်းကို ဒီလောက်ထိ စွမ်းလိမ့်မယ်လို့မှ ထင်မထားတာ"

"ဟဲ ဟဲ ဟဲ ဟဲ"

အာလူးက ပါးစပ်ကို မစေ့တော့ပေ။ တစ်ချိန်လုံး ဘာမှဝင်မပြောဘဲ ငြိမ်နေသော သီဟက . . .

"ဟိုပုံပြင်ထဲက ဥဒေါင်းလိုဖြစ်နေဦးမယ် မောင်အာလူး"

"ဟင်' ဘာလဲ"

"ငှက်အပေါင်းတို့ရဲ့ အလယ်မှာ ဥဒေါင်းဟာ အတောင်ဖြန့်ပြီး 'က'လိုက်ရင် သိပ်လှတာပဲတဲ့၊ အဲ့ဒါကို ဝိုင်းဝန်းမြှောက်ပင့်ပြောကြတော့ ဥဒေါင်းငှက်က ဘဝင်မြင့်ပြီး ကြွားဝါကပြတာပေါ့၊ ဒါပေမယ့် အတောင်ဖြန့်လိုက်တိုင်း နောက်က ဖင်ပေါ်နေတာကိုတော့ မသိရှာဘူး၊ ဝိုင်းအဟားခံရတာပေါ့ကွာ၊ ဟဲဟဲ"

သီဟစကားဆုံးတော့ အာလူးက ပေစောင်းပေစောင်းနှင့်ကြည့်သည်။ သီလကတော့ ထုံးစံအတိုင်း တဟားဟားရယ်သည်။

"မင်းကလေ သီဟ၊ သူများကို နှစ်ပြားမတန်ပြောရမယ်ဆိုနှစ်ယောက်မရှိဘူး"

"ငါပြောတာမဟုတ်ဖူး၊ ပုံပြင်ဥစ္စာ"

"နေပေါ့ . . . နောက်မှ ကိုရွှေပြည်သိန်းတန်ကို ခြေသလုံးဖက်တောင်းပန်နေရဦးမယ်"

"အဟုတ် . . . ဘာကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘေးနားမှာရှိတဲ့ အလှနတ်သမီးလေးတစ်ပါးကြောင့်ပေါ့ ပြီးတော့ . . . မင်းတို့ ညီအစ်ကိုအတွက် ရင်လေးတယ်"

"အောင်မာ . . . ဘာဖြစ်လို့လဲ"

"လုနေကြမှာစိုးလို့"

"ထွက် . . . မိန်းမတစ်ယောက်အတွက်နဲ့ညီအစ်ကို အရင်း အချင်းချင်းလုစရာလား၊ ရာမ၊ လက္ခဏဇာတ်တော်ထဲက ညီတော်လက္ခဏလို အစ်ကိုကို ဦးစားပေးလိုက်မယ်၊ မင်းသာ ဒဿဂီရိ ဖြစ်မလာစေနဲ့"

"အောင်မာ၊ စကားက ပြောလိုက်ရင်ကို အကြောကြီးနဲ့"

"ဟား ဟား ဟား ဟား"

"သီလ၊ မင်းကတော့ မင်းညီ ဘာပြောပြောရယ်နေတာပဲ"

"မရယ်လို့ . . . ဘာလုပ်နေရမှာလဲ"

"အေးပါ သီလရာ၊ ရယ်ပါ ရယ်ပါ၊ ဟော့ကောင် သီဟ"

"ဘာလဲကွ"

"ဟိုနေ့က ငါ့ဘေးက သွေးထက်ရင့်ဆိုတဲ့ကောင်မလေး ခွတ်နေအောင်ချောလှတာ မြင်တယ်မဟုတ်လား"

"မြင်သားပဲ၊ ဘာလုပ်ရမှာလဲ' အားလုံး အပုပ်ကောင်တွေ ချည်းပဲဟာ၊ စက်ဆုတ်ရွံ့ရှာဖွယ်"

"အေးပါ၊ အေးပါ၊ ပြောထား၊ အပြောကြီးထား၊ တွေ့မယ် ဆင်း တောက်"

အာလူးဆိုတဲ့ကောင် တကယ့်ကောင်။ ပြောသမျှ ယုံနေ သည်။ တကယ်တမ်းကျ သီဟရင်ထဲမှာ အဲဒီနေ့ကတည်းက ရှုပ် ထွေးတုန်ယင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကောင်မလေးကို သီလ အရင်မြင်သွားပြီး တအံ့တဩလက်ဖျားခါတာကို သီဟက ပိုရန်ကောဟုအောက်မေ့မိ၏။

သူ့အစ်ကိုသီလလည်း အာလူးနီးနီးတူလာပြီဟု တွေးရင်းလှမ်းကြည့်ဖြစ်သည်။ ထိုအချိန်တွင် သွေးထက်ရင့်ကလည်း မော့အကြည့်နှင့်မျက်ဝန်းချင်းဆုံကာ သီဟနှလုံးသားက ဒိန်းခနဲ ဆောင့်ခုန်သွား၏။

"ဟ' ဘာဖြစ်တာလဲ"

သီဟက ဘယ်ဘက်ရင်အုံကို လက်ဖြင့်ဖိအုပ်လိုက်ရင်းတအံ့တဩရေရွတ်သည်။ ဒါကိုမြင်သော သီလက . . .

"ရင်ခုန်သွားတာလား"

"အေး . . . မင်းရောဖြစ်သလား သီလ"

"မဖြစ်ဘူး၊ အရမ်းလှလွန်းလို့ အံ့ဩတာလောက်ပဲ"

"ဩော်"

"ရင်ခုန်ရင် ချစ်ပစ်လိုက်ကွာ၊ အမှန်အကန်ကြွေဆင်လေး၊ အာလူးလို ဗရုတ်နဲ့အဖွဲ့ကျနေမှတော့ ပိုင်ရှင်မရှိတာ သေချာတယ်"

အဲဒီနေ့ကတည်းက သီလနှင့်သီဟက အချင်းချင်း ပြေလည်ခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် အစ်ကိုဖြစ်သူသီလနှင့်နှလုံးသားကို ပြိုင်လုစရာမလိုဘဲ စိတ်အေးလက်အေးရှိခဲ့၏။

လက္ခဏာမင်းလို အစ်ကိုအတွက် ဦးစားပေးတယ်ဆိုတာမျိုးက ဒဏ္ဍာရီ၊ ပုံပြင်စာအုပ်တွေထဲမှာသာ ရှိတာ။

အတော့်ကိုတုံးတဲ့ အာလူး။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ကြား မှာ Class တစ်ချိန်အားနေ၍ သီဟက သစ်ပင်ခုံတန်းအောက်တွင် ဘာသာပြန်တစ်အုပ်ဖြင့် ဇိမ်ယူနေသည်။

ထုံးစံအတိုင်း အာလူးဆိုတဲ့သကောင့်သားကလည်း ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် ခြေရှော၊ ဖင်ရှောငြိမ်သူ မဟုတ်။ သီလကျတော့လည်း အဆောင်နေကျောင်းသားများနှင့်ပေါင်း၍ ကျောင်းပြင်ပထိ ခြေရှည်နေတတ်သည်။ တစ်ခါတလေပြန်လာလျှင် အနံ့ကလေးပါ ရော၍ ပါလာတတ်၏။

သူကအကြီး၊ ကိုယ်ကအငယ် ပြော၍မနိုင်ပေ။ သိပ်တရားလွန်လာလျှင်တော့ ဖေဖေ့ကို ပြောလိုက်ရုံပင်။ ခုတော့ ဒီလိုပဲစောင့်ကြည့်နေလိုက်၏။

"စတိုင်လ်ထုတ်ရင်လည်း ပီပီပြင်ပြင်ထုတ်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"အေးလေ၊ ဘယ့်နှယ် လူအထင်ကြီးအောင် စာဖတ်ချင်ယောင်ဆောင်ပြီး စာအုပ်ကြီးက ဇောက်ထိုးကြီး"

"ခစ် ခစ်"

သီဟနားစည်ထဲ မိန်းကလေးတွေရဲ့ သံရော်လှောင်ပြောင်သံ၊ ခိုးခိုးခစ်ခစ်ရယ်သံတွေ ကြားရသည်။

ဒါ သူ့ကို ချွတ်နေတာပဲ။ သူ ဖတ်နေတဲ့စာအုပ်ကို ဇောက်ထိုးကြီးဆိုပြီး ဟားနေကြပုံရသည်။ တက္ကသိုလ်ဆိုတာ ဒီလိုပါပဲ။ သူဦးသူတွယ်၊ ကိုယ်ဦးကိုယ်ဟား။

သီလက ခေါင်းထောင်ကြည့်လိုက်သည်။ တခစ်ခစ်ရယ်နေသူလေးက သူ့နှလုံးသားကိုခုန်အောင် ကိုင်လှုပ်နိုင်စွမ်းရှိသော ကောင်မလေး။ အာလူးပြောပြထားပုံအရဆိုလျှင် သူလေးက သွေးထက်ရင့်ဆိုတာလေးပဲ။

"ဟား ဟား ဟား ဟား"

ရုတ်တရက် ထအော်ရယ်လိုက်သော သူ့အသံကြောင့် ကောင်မလေးတွေ လန့်ဖြန့်ကြောင်အမ်းသွားပြီး ပြူးတူးပြဲတဲကြည့်လာကြသည်။

"ဘာလဲ' ရူးနေတာလား"

"အရူးလား"

"ကြောင်တောင်တောင်နဲ့"

တကယ်တမ်း ယခုဖတ်နေသော စာအုပ်က နဂိုဖုံးထားကတည်းကိုက အဖုံးက ပြောင်းပြန်။အတွင်းစာသားတွေက အမှန်။ ဘေးလူကြည့်လျှင်တော့ စာအုပ်ဇောက်ထိုးကြီးဖတ်နေတယ် ထင်စရာပင်။ ဒါကိုမသိဘဲ မချောသုံးယောက်က သီဟကို ဝိုင်း


www.burmeseclassic.com

www.burmeseclassic.com


လျှောင်နေခြင်းဖြစ်သည်။

"ဩော ဩော၊ ရုပ်ဆောင်နေတဲ့ အပုပ်ကောင်တွေပါလား"

"ဘာရှင့်"

"အောင်မာ၊ရာရာစစ လူကိုများ အပုပ်ကောင်တွေတဲ့"

"ဟွန့် . . . ရှင်ကတော့ ဘာကောင်ကြီးမို့လို့လဲ"

"ကျွန်တော်လား ကျွန်တော်က နံ့သာအမွှေးတုံးကြီးပေါ့"

"အောင်မလေးဟဲ့၊ လူပါးဝတဲ့လူနဲ့လာတွေ့နေတယ် ဟွန်း"

"အေးလေ၊ အရှုးပါးကြီးနေမှာ"

"ဝေးဝေးရှောင်ရအောင်"

တော်တော့်ကို တရားကျစရာကောင်းတဲ့အဖြစ်နဲ့လာတွေ့နေရသည်။ သူတို့ကလည်း လူကို အရင်လာရန်စပြီး သူတို့ကပဲ သူတို အရှုးပြောလိုပြော၊ လူပါးဝတယ်ပြောလို့ပြောနှင့်ဘာလေးတွေ မှန်းကိုမသိ။

သီဟာက ထိုင်ရာကနေ ထရပ်လိုက်ပြီး သွေးထက်ရင့်ကို ကြည့်သည်။ နုဖတ်မှုန်ညက်နေအောင် လှရက်နိုင်လွန်းသော အောင်မလေးကို သူ့ရှေ့က ပျောက်မသွားစေချင်သေးပါ။

"ဒီမယ် . . . ဒေါ်သွေးထက်ရင့်"

"ဟယ်"

"အံ့မယ် . . . အံ့မယ်၊ တို့ရွှေမင်းသမီးရဲ့နာမည်ကို သိနေသယ်ပေါ့၊ ကေဗ္ဗ ကျိတ်ပုန်းသမားကြီးနဲ့တူတယ်"

သူတို့ တအံ့တသြဖြစ်နေကြတုန်း တဖုန်းဖုန်းပြေးလာသူက [illegible]


www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဗျာ၊ ရှာလိုက်ရတာ၊ ဟင်' သီဟာ၊ မင်းက ဘာလုပ်တာလဲ"

ယခုမှ သီဟာကိုမြင်သွားသော အာလူးက မျက်လုံးပြူးမျက်ဆံပြူးဖြင့်မေးသည်။ သီဟာက . . .

"အောင်မာ . . . ငပြူးကများ ပြဲနေရသေးတယ်၊ ဘာလုပ်ရမှာလဲ' ငါ့ဟာငါ အစကတည်းက ဒီမှာနေပြီး စာအုပ်ဖတ်နေတာတစ်ယောက်ပြီးတစ်ယောက် လာနှွယ်နေကြတယ်"

"အံမယ် . . . စကားပြောတာ အကြောကြီးနဲ့"

"ဟုတ်တယ်ဟေ့ . . . ကြည့်ရတာ လူပါးဝမယ့်ပုံပဲ"

"နင့်နာမည်သိနေတယ်နော် သွေး"

ကောင်မလေးတွေက တစ်ယောက်တစ်ပေါက်နှင့် ကျီးအာသလို ဝိုင်းအာကြသည်။ လူတွေကလှပြီး ပေါ့ပေါ့ပါးပါးဖရီးစတိုင်လ်မို့ ပုံစံတွေက မိုးပေါ်ပျံတက်တော့မလောက် ကြွရွနေ၏။

အာလူးက . . .

"ဟဲ ဟဲ၊ သွေးထက်ရင့်နာမည်ကို သူသိနေတာ မဆန်းပါဘူးလေ၊ ကျွန်တော့်သူငယ်ချင်းညီအစ်ကိုနှစ်ယောက်ထဲက အငယ်ခန့်သီဟာဆိုတာသူပေါ့၊ အကြီးကောင်သန့်သီလက သွေးကိုလှတယ်ဘယ်သူလဲမေးလို့ နာမည်ပြောပြလိုက်တာ၊ ဒီကောင်ကတော့ခင်ဗျား အလှဟာ အရေပြားတစ်ထောက်စာပဲ၊ သေရင်ပုပ်မှာလို့ပြောခဲ့သူပေါ့"

"ဘာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ယခုတစ်ပတ် စနေ၊ တနင်္ဂနွေပိတ်ရက်တွင် ဘယ်သွားရကောင်းမလဲဟု မုခက လမ်းကြောင်းရှာသည်။ လမ်းကြောင်းရှာမရခင် မုခတို့အိမ်ရှေ့အိမ်က ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမလေးရွှေစင်ထွင့်နှင့် ပတ်သက်၍ အကြောင်းဖန်လာ၏။

"မုခရေ . . . မုခ"

"ရှင်"

"ငါပါဟဲ့ မုခရဲ့"

"ဪ၊ ရွှေစင်ထွင့်၊ လာလေ ငါတောင် နင့်ဆီလာမလို့ ငါတို့ ဒီတစ်ပတ် ရုပ်ရှင်သွားကြည့်ရအောင်၊ နင် အားလား"

"အားတယ်၊ ဒါပေမယ့် ငါတို့ရုပ်ရှင် နောက်မှကြည့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ပတ်တနင်္ဂနွေ သွားစရာပွဲတစ်ပွဲရှိတယ်"

"ဟင်' ဘာပွဲလဲ"

"**Dumex** ကလုပ်တဲ့ပွဲ၊ **Day Duty** ရှိလို့ မလိုက်နိုင်တဲ့ ဆရာမတွေဆီက ဖိတ်စာအပို ရထားတယ်၊ နင် လိုက်ခဲ့"

"ဟဲ့ . . . ဖြစ်ပါ့မလား"

"အမလေး၊ ပွဲလုပ်တိုင်း အဲသလို သွားနေကျ၊ နင့်ကို တစ်ခါမှ မခေါ်ဘူးလို့ ခေါ်ချင်နေတာ၊ ကံစမ်းမဲတွေလည်းပါမှာ၊ ကော်ဖီနဲ့မုန့်အပြင် မနက်စာက ဒံပေါက်လား၊ ကြက်ဆီထမင်း လားပဲ"

"ဘယ်မှာလဲ"

"သူနာပြုတက္ကသိုလ်မှာ"

"နင်တို့ သူနာပြုဆရာမတွေကို ဖိတ်တာပေါ့"

"အေး၊ အဲဒါ နင် လိုက်သာလိုက်ခဲ့၊ ပျော်စရာကောင်း တယ်ဟာ"

"လိုက်မယ်လေ၊ ငါလည်း ဒီတစ်ပတ် ဘယ်သွားရမလဲ စဉ်းစားနေတာ အတော်ပဲ"

"နင် ဆရာအတတ်သင်ကျောင်းပြီးရင် ကျောင်းဆရာမပဲ လုပ်မှာပေါ့ ဟုတ်လား မုခ"

"ဒါပေါ့ဟဲ့၊ ကျောင်းဆရာမလုပ်ချင်လွန်းလို့ သေချာရွေး တက်ခဲ့တာ"

"နင် အခုထဲက အစိမ်းအဖြူပဲဝတ်နေရတယ်၊ တခြား အဝတ်တွေ နှမြောစရာကြီးပေါ့"

"အဲဒါကြောင့် ငါက အပြင်ထွက်ဖို့ လမ်းပဲရှာနေတာလေ



www.burmeseclassic.com

www.burmeseclassic.com


အိမ်ထဲတော့ အောင်းမနေနိုင်ပါဘူး”

“နင့်အဖေနဲ့အမေက နင့်ကို အရမ်းအလိုလိုက်တာပဲနော်။ နင် ဘာလုပ်လုပ် ဘာမှမပြောဘူး၊ ဆူလည်းမဆူဘူး”

“အံမယ်၊ ဆူရအောင် ငါက ဆိုးနေတာမှမဟုတ်တာ၊ ဒါတောင် မေမေက အမြဲ ဖျစ်တောက်ဖျစ်တောက်နဲ့၊ ဒီလောက် လိမ္မာတဲ့သမီးကို မေမေက အားကိုအားမရနိုင်ဘူး၊ တကယ်”

“အံမယ်၊ ဘာလိမ္မာတာလဲ၊ နင် ရည်းစားမထားတာတစ်ခု ပဲ လိမ္မာတယ်၊ ထမင်းလည်း မချက်ရ၊ အဝတ်လည်းမလျှော်ရ၊ အိမ်အလုပ်ဖြင့် ဘာမှမလုပ်ရဘဲ”

“ဟဲ့ . . . သူများသားသမီးတွေ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ရည်းစားထားကြလို့ မိဘတွေ ဘယ်လောက်စိတ်ပူစိတ်ညစ်ရသလဲ! အိမ်အလုပ်မလုပ်တာက လုပ်မယ့်အိမ်အကူရှိတာကိုး၊ ဘာအရေး ကြီးလို့လဲ”

“အေးပါ၊ နင်က အရမ်းကံကောင်းတာကိုး၊ ဟဲ့ အဲဒီနေ့ကျ လှလှပပအပျံစားဝတ်ခဲ့၊ ဟုတ်ပြီလား”

“စိတ်ချ၊ အဲဒီအတွက်တော့ မပူနဲ့ ရွှေစင်ထွန်းရေ”

ရွှေစင်ထွန်းက စကားပြော၊ လက်ဖက်သုပ်စားပြီး ပြန်သွား သည်။ ရွှေစင်ထွန်းပြန်သွားမှ ဇာဇာ့ကို သတိရသည်။ ဇာဇာပါ လိုက် လျှင် ကောင်းမည်ဟု စဉ်းစားမိ၏။ သို့သော် မတတ်နိုင်။ မုခ ကိုယ်တိုင် သူများခေါ်တာ ကပ်လိုက်ရမှာမဟုတ်လား။

တကယ်ဆို ဇာဇာက မုခကို အရမ်းခင်သူဖြစ်သည်။ ထို့ကြောင့် မုခနှင့်အတူ ဆရာအတတ်သင်လိုက်တက်သည်။ တကယ်ဆို ဇာဇာက ကျောင်းဆရာဖြစ်ချင်စိတ်မပြင်းထန်ပေ


www.burmeseclassic.com

www.burmeseclassic.com



"ဇာဇာ၊ နင့်ကိုငါ ကြေးအိုးတိုက်မယ်"

မုခက ဇာဇာမပါမယ့် တနင်္ဂနွေအတွက် ကြိုတင်အားနာ ပြီး ချော့သည်။ ဇာဇာဆိုလျှင် ဘယ်သွားသွား၊ ဘာစားစား၊ ဘာ လုပ်လုပ် မုခမပါလျှင် မပြီးဘူးမဟုတ်လား။

"မွေးနေ့လည်းမဟုတ်၊ ကြိုတင်လည်း မစီစဉ်ထားဘဲ ကြေးအိုးကျွေးမယ်ပြောတာ သွေးရိုးသားရိုးတော့မဖြစ်နိုင်ဘူး"

ဇာဇာက မုခအကြောင်း ကောင်းကောင်းသိပြီးသူဖြစ် သည်။ ထို့ကြောင့် အထာနပ်၏။

"ပြော မုခ၊ ငါမသိအောင် နင် ဘာတွေကြံစည်ထားသလဲ"

"ဟို . . . မဟုတ်ပါဘူးဟ၊ တနင်္ဂနွေနေ့ကျရင် ငါ့ထ ရွှေစင်ထွန်းခေါ်လို့ သူနာပြုတက္ကသိုလ် လိုက်သွားမလို့၊ သူတို့ထ ဒံပေါက်ကျွေးမှာဆိုတော့"

"ဪ ငါမပါဘဲသွားမယ်ပေါ့၊ ဒါကြောင့် လာဘ်ထိုးတာ"

"ဖိတ်စာက တစ်စောင်တည်းပိုတာမို့ပါတဲ့ဟယ်၊ လူပိုခေါ် လို့ရရင်ခေါ်တာပေါ့"

ဇာဇာက ဘာမှပြန်မပြောတော့ဘဲ နှုတ်ခမ်းစူပြီး မျက် စောင်းထိုးသည်။ မုခက ဇာဇာ့ကို ကြေးအိုးလိုက်ကျွေးမည်ဟု ဆိုသော်လည်း ထိုနေ့က ပိုက်ဆံမကျန်ပါ။အဘယ့်ကြောင့်ဆိုသော် ဂျေဆင်းနှင့်တွေ့၍ ဂျေဆင်းက ပိုက်ဆံရှင်းသွားလေ၏။

ဪ . . . ပန်ချာပီကို မချစ်သော်လည်း ကြေးအိုးကို တော့ အလွန်စားလို့ကောင်းပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လမင်းကြီးလို ထွန်းလင်းတောက်ပသော သွေးထက်ရင့် ရင့်သောကြာကြယ်လို လင်းလက်သော အက်စ်သာနှင့်ဆုတို့အတွဲ သည် မြင်သူနှုတ်ဖျားရေပမ်းစားလျက်ရှိ၏။ ခင်ချင်သူ၊ ချစ်ချင်သူ တွေ ဝိုင်းဝိုင်းလည်နေပြီး အလှသတင်းက မွှေးနေသည်။

အဲသလိုမိန်းကလေးမျိုးကိုမှ အရေးမစိုက်ဘဲ အပုပ်ကောင် သူ ပြောလာသူကို ခံပြင်းသည်။ စိတ်နာသည်။

"ပြည်သိမ်းတန်၊ ရှင့်သူငယ်ချင်းက လူ့ဂွစာကြီး၊ ဒါကြောင့် နှင့် သူတို့နဲ့မပေါင်းဘဲ ကျွန်မတို့နဲ့ လာပေါင်းနေတာ လက်ခံသွားပြီ"

သွေးထက်ရင့်က လှပတဲ့နှုတ်ခမ်းကို လှလှပပမဲ့ရွဲ့ရင်း ပြောသည်။ သီဟာက . . .

"ဟော့ကောင် အာလူး၊ မင်း ငါတို့ညီအစ်ကိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဘာတွေ မကောင်းပြောထားလဲ"

"အမှန်တရားတွေ၊ ဘာမှမလုံမလဲဖြစ်မနေနဲ့၊ ဟွင်း ဟွင်း"

"အတော်အာချောင်တဲ့ကောင်၊ အမေကျော် ဒွေးတော်လွှမ်း၊ မင်း စားချိန်သောက်ချိန်ကျမှ ငါတို့အနား ပြန်မလာနဲ့ အာလူး၊ သိမယ်၊ ဒါပဲ"

"အမလေး၊ ရှင့်သူငယ်ချင်းက အကြောကြီးပဲနော်၊ ပြည်သိန်းတန်"

"အေးလေ၊ ဂရုစိုက်မနေနဲ့ ပြည်သိန်းတန်၊ ကျွန်မတို့ အရင်လိုပဲ ကဲန်တင်းသွားကြတာပေါ့"

"ဟဲ ဟဲ၊ ဟဲ ဟဲ၊ ဒါပေါ့၊ ဒါပဲပေါ့"

အာလူးက အမြင်ကပ်စရာကောင်းလောက်အောင် တဟဲဟဲနှင့်ဖျစ်ညှစ်ရယ်နေ၏။ သီဟာက . . .

"ဘာပြည်သိန်းတန်လဲ? အာလူးဟာ အာလူးပဲပေါ့ကွ၊ အရှိကို အရှိအတိုင်းနေစမ်းပါ အာလူးရာ"

"အာလူး"

သီဟာစကားကြောင့် ကောင်မလေးတွေက ပြိုင်တူအသံထွက် ရေရွတ်ကြသည်။ အာလူးက နဂါးတို့ မျက်စောင်းအကြောင်း သုံးပါးမရွေးမဟုတ်ဘဲ ယောက်ျားတို့မျက်စောင်းဖြင့် လှမ်းထိုး၏။

"ဆု၊ နင်အာလူး အရမ်းကြိုက်တယ်ဆို"

သွေးထက်ရင့်က အချွန်နှင့်မသည်။ ဆုက . . .

"အေး၊ အာလူးချက်၊ အာလူးသုပ်၊ အာလူးကြော်၊ အာလူးနဲ့ပတ်သက်တဲ့စားစရာအကုန်ကြိုက်တယ်၊ လူအာလူးတော့ ကြိုက်မကြိုက်မသိသေးဘူး၊ ခစ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟာဗျာ၊ ခင်ဗျားတို့ကလည်း"

"ဟဲ့ ဘာပဲဖြစ်ဖြစ် အာလူးဆို ပိုပြီးခေါ်လို့ ကောင်းတယ်"

"ဟုတ်တယ်၊ ရင်းနှီးမှုလည်း ပိုရှိသွားတယ်၊ ငါတို့ အာလူး ခဲ ခေါ်ကြရအောင်"

"အေး"

အာလူးက အားလုံးကိုခြုံပြီး ယောက်ျားမျက်စောင်းထိုးပြန် သည်။ ကောင်မလေးတွေက အာလူးကို မောင်နှမလို ခင်မင်နေတာ ထင်ရှား၏။ သီဟာက သွေးထက်ရင့်ကို ကြွေခြေရရ လှမ်းကြည့်သည်။ ဘယ်လိုကြည့်ကြည့်၊ ကြည့်မဝသော မျက်နှာလေးပင်။ တကယ့်ကို ချွေမွန်စားမွေးလာလေရော့သလားမသိ။

"ကဲ အာလူးရေ၊ ရှေ့ကနေ ကဲန်တင်းကို ချီတက်ပေတော့ အားရင်းသောက်ရင်းမှ အာလူးရာဇဝင်မေးရမယ်"

အက်စ်သာက ရယ်မောရင်းပြောသည်။ သူတို့အားလုံး ကန်တင်းသွားတော့ သီဟာက ဖတ်လက်စ စာအုပ်ကိုပိတ်ပြီး ခပ်တည်တည်လိုက်လာ၏။

"နေစမ်းပါဦး၊ ရှင်က အနောက်က ဘာလို့ လိုက်နေရတာ ခဲ လူကို အပုပ်ကောင်တွေပြောပြီး အပုပ်နဲ့လိုက်ခံနေတာလား"

"မင်းကွာ၊ သွေးထက်ရင့်ဆိုတဲ့နာမည်နဲ့ လူလှသလောက်၊ အားအပြောအဆိုတွေက တစ်စက်မှ မလှပပါလား"

"အောင်မလေး၊ ကြီးကျယ်လို့ ရှင်ကရော ပြောလိုက်ရင် ရှင်မတို့ကို နှစ်ပြားတန်အောင်ပြောလို့လား"

"ဘယ်နှစ်ပြားတန်အောင်ပြောရမှာလဲ' မင်းက ဘယ်နှစ် ပြားတန်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"ရှင်နော် . . . သွား သွား၊ လိုက်မလာနဲ့ ဟွန်း စကား ပြောရတာ လက်ပေါက်ကပ်တယ်"

"အောင်မလေးဗျာ၊ ကဲန်တင်းကို ကိုယ့်ခြေထောက်နဲ့ကိုယ် သွားနေတာ၊ ဘယ်သူက မင်းနောက်လိုက်နေလို့လဲ' ကိုယ့်ကိုယ် ကိုယ်အထင်ကြီးနေပြန်ပြီ"

"သွေးရယ်၊ သူနဲ့တုပြောမနေစမ်းပါနဲ့"

ဆုက ဝင်ပြောသည်။ အက်စ်သာက ပြုံးနေ၏။ အာလူးက

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့ညီအစ်ကိုကို ကျွန်တော် တောင် တုမပြောဘူး၊ စိတ်ကုန်လွန်းလို့"

အာလူးက မိန်းကလေးတွေဘက် အကြိုက်လိုက်ပြောဖြီ သီဟာနောက်လှည့်ကာ မျက်စိမှိတ်ပြသည်။ ထို့နောက် လက်တစ် ဖက်နောက်ပစ်ကာ လက်ယပ်ခေါ်၏။

အာလူးမခေါ်လည်း သီဟာက သွေးနောက် ထပ်ချ မကွာလိုက်ဖို့ ဆုံးဖြတ်ထားပြီးသားပင်။ သူ့ရင်ကို ခုန်သွားစေသော မိန်းကလေးနောက်မလိုက်လို့ ဘယ်သူ့နောက်လိုက်ရမည်နည်း

သီဟာသည် သူတို့အားလုံး ရှေ့က ကျော်တက်လိုက်ရ

"ငါ့နောက်က လိုက်မနေကြနဲ့နော် . . . ဒါပဲ"

"အံမယ်"

"သေနာကောင်"

"လူလည်ကြီးသားသမီး"

မေတ္တာပို့သံတွေ ဝေစီသွားလေ၏။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

**မုခ**က ကော်ဖီခွက်ကို လှမ်းယူသည်။ သူ့ လက်ထဲ ကော်ဖီခွက်ပါလာချိန်တွင် တခြားတစ်ယောက်ရဲ့လက်က တစ်ဝက် တစ်ပြွက် လေထဲရပ်သွား၏။

မုခခမျာ အားနာပါးနာနှင့်မော့ကြည့်မိတော့ အရည်လဲ့လဲ့ မျက်ဝန်းညိုတစ်စုံနှင့်ရင်ဆိုင်ဆုံသည်။ မုခရင်ထဲ ဒိန်းခနဲခုန်သွား၏။ ဆီဟာန်ပြုကာ မုန့်ဘန်းတွေဆီအာရုံပြောင်းသည်။

"အယ်"

မုခတစ်ယောက် ဆိတ်သားပတ်(ခ)တစ်ခုကို လှမ်းယူပြီး ချိန်တွင်လည်း လက်တစ်ဖက်နှင့်ဆုံပြန်သည်။ ဒီတစ်ခါလည်း မုခ [illegible]င် ဦးသွားပြန်၏။ ဘူဖေးစနစ်မို့ မုန့်နှင့်ကော်ဖီယူပြီးသွားသော ရွှေစင်ထွဋ်နောက် မုခလျှောက်လာခဲ့သည်။ ရွှေစင်ထွဋ်က. . .

www.burmeseclassic.com



"ရှေ့မှာထိုင်မလား၊ နောက်မှာထိုင်မလား"

"နောက်မှာပဲထိုင်ရအောင်၊ ထွက်ရလွယ်တာပေါ့"

သို့နှင့်နောက်ဖက်ခုံတန်းတွေဆီလျှောက်လာခဲ့ကြသည်။ ရွှေစင်ထွန်းက သူနာပြုမို့ သူတို့အချင်းချင်းအသိမိတ်ဆွေ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေနှင့်တွေ့သည်။

ထို့ကြောင့် အစီအစဉ်တွေမစခင်ထိ ၁၀သိတစ်ယောက်တွေ့လိုက် ထသွားလိုက်၊ စကားပြောလိုက်နှင့်ငြိမ်ငြိမ်မထိုင်ရပေ။ ခုလည်း ထသွားပြန်ပြီ။ မုခက ရွှေစင်ထွန်းကို လှမ်းကြည့်ရင်း မုန့်တစ်ကိုက်ကိုက်စား၍ ကော်ဖီပူကို စတင်မှုတ်သောက်သည်။

"ကော်ဖီနဲ့မုန့်တွေ အလုံအလောက်စီစဉ်ထားပါတယ်ဗျာ၊ မဝသေးရင် နောက်ထပ်ယူလို့ရပါသေးတယ်၊ လုစရာမလိုပါဘူး"

ဘေးနားကပ်ပြောလိုက်သံကြောင့် မုခစားနေတာတွေပင်နင်သွား၏။ လှည့်ကြည့်လိုက်တော့ ခုနက မုန့်ရော ကော်ဖီပါအတူလှမ်းမိသည့် မျက်ဝန်းညိုပိုင်ရှင်။ မုခက . . .

"အဲ့ဒီခုံက လူရှိတယ်၊ ဟိုမှာ သွားစကားပြောနေလို့"

"ဩော . . . ခင်ဗျားလေးက မုန့်နဲ့ကော်ဖီတင်လုတာမဟုတ်ဘူး၊ ခုံလည်းလုနေတာပါပဲလား"

"နင်နေဦး၊ ပေါက်တတ်ကရတွေ လာပြောမနေနဲ့၊ ခုံတွေအများကြီးရှိတာပဲ၊ ငါ့သူငယ်ချင်းနေရာမှ ဘာလို့လာရွေးထိုင်လဲ"

"သူများဖိတ်စာပိုလို့ ကပ်လိုက်လာရတဲ့သူအချင်းချင်းခင်ဗျားလေးက ကြီးကျယ်နေပြန်ပါပြီ၊ ကဲပါလေ ဒီဘက်ခုံက ခင်ဗျားသူငယ်ချင်းခုံဆိုတော့ လာရင် ဖယ်ပေးပါ့မယ်"

မျက်ဝန်းညိုပိုင်ရှင်က ထိုသို့ပြောပြီးထသွားသည်။ မုခရဲ့

www.burmeseclassic.com

www.burmeseclassic.com


ဒီဘက်ဘေးမှာထိုင်နေတာက စစ္စတာဝဝကြီးတစ်ယောက်။

ခဏအကြာ မျက်ဝန်းညိုလေး ပြန်ရောက်လာပြီး . . .

"စစ္စတာကြီးခင်ဗျား၊ စစ္စတာကြီးမိတ်ဆွေ အန်တီကြီးက ရှေ့ခုံတန်းတွေဘက် ကြွခဲ့ပါတဲ့ခင်ဗျာ၊ သားကို လာပြောခိုင်းလို့ပါ"

အဲ့ဒီအသံကြောင့် မုခက လှည့်ကြည့်မိသည်။

"ခစ်"

မျက်ဝန်းညိုပိုင်ရှင်လေးက သူ့ရဲ့ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့သူ့ကိုယ်သူ သားတဲ့။

စစ္စတာကြီးကလည်း တအံ့တသြနှင့်မော့ကြည့်ပြီး

"ဟော' ဟုတ်လား၊ အေး အေး ငါ့ကိုတဲ့လား"

"ဟုတ်ပါတယ် စစ္စတာကြီး၊ စစ္စတာကြီးကို သေချာလက်ညှိုးထိုးပြပြီး သားကို ပြောခိုင်းတာပါ"

"ဩော် ဆေးရုံက ဘော်ဒါတွေနေမှာ ကျေးဇူးပဲသားရယ်"

စစ္စတာဝဝကြီးက ကျေးဇူးတင်စကားပြောပြီး ထသွားသည်။ ပြီးတော့ အရှေ့တန်းက ခုံတွေမှာ သူ့ဘော်ဒါစစ္စတာတွေဆီ ရှာသည်။ မတွေ့တော့ အူကြောင်ကြောင်ဖြစ်သွားပြီး မူလခုံကို ပြန်မလာဘဲ ကြုံရာနေရာ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တာတွေ့ရ၏။

"ဟဲ ဟဲ၊ ဘယ်မှာထိုင်ထိုင် ခုံဟာခုံပါပဲ"

မုခက စစ္စတာ့ခုံဝင်ထိုင်ရင်းပြောလိုက်သော မျက်ဝန်းညိုလေးကို မျက်စောင်းလှည့်ထိုးသည်။ မျက်ဝန်းညိုလေးက . . .

"ဒီခုံကတော့ ခင်ဗျားလေးသူငယ်ချင်းအတွက် နေရာဦးထားတာမဟုတ်တာ သေချာတယ်နော်၊ တို့က တို့အသိ Male Nurse အစ်ကိုကြီးနဲ့ ကပ်လိုက်လာတာ"


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သူက မေးနေလို့လဲ"

"ဩော် . . . မမေးတာနဲ့ဘဲ မပြောရတော့ဘူးလား၊ အဲ့ဒါ သူက ဒီပွဲမှာ သူနာပြုချောချောလေးတွေ အများကြီးလာတယ်တဲ့ ဝတ်မှုန်ရွှေရည်နဲ့တူတာတောင်ပါတယ်ဆိုလို့ တို့က လာရှိုးတာ"

တော်တော့်ကို လေးစားစရာကောင်းတာပဲဟု မုခစိတ်ထဲ တွေးသည်။ ကိုယ့်ဖာသာ ဘူးကျတဲ့ကိစ္စလာပြောနေရသေး၏။ ဒါမျိုးက ဘယ်ယောကျ်ားများ ဝန်ခံတတ်လို့လဲ။ အံ့ရော။

"တို့နာမည်က သန့်သီလတဲ့၊ ခင်ဗျားလေးနာမည်ကတော့ မေးလည်းပြောမှာမဟုတ်တော့ မမေးတော့ပါဘူး"

သူ့ကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။ မုခက စားလက်စ တွေကို လက်စသပ်ပြီး ပါးစပ်နှင့်လက်ကို တစ်ရှူးနှင့်သုတ်သည်။ ပြီးမှ ရွှေစင်ထွန်းကို လှမ်းရှာ၏။ ရွှေစင်ထွန်းက မုခနောက်မှ ပေါ် လာသည်။

"မုခ၊ နင် ပျင်းနေပြီလား၊ ပြီးပြီ ငါ ဘယ်သူနဲ့မှ စကား သွားမပြောတော့ဘူး"

"မုခသူငယ်ချင်းလား"

ရွှေစင်ထွန်းစကားသံကြောင့် သန့်သီလ မုခနာမည်သိသွား သည်။ ခဏအကြာ အစ်ကိုကြီးတစ်ယောက်ရောက်လာပြီး . . .

"ဟာ' ရွှေစင်ထွန်း၊ နင်နဲ့သီလက သိနေကြတာလား"

ဇာတ်လမ်းက လှလှပပလေးဖြစ်သွား၏။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"ဟာင်' အဲ့ဒါ ကိုအောင်သူ့မိတ်ဆွေလား"

"အေးလေ၊ နင်တို့ပဲ စကားပြောနေကြပြီးတော့"

မုခနှင့်ရွှေစင်ထွင့်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ မုခကလည်း ရွှေစင်ထွင့်ကို သန့်သီလ သိသည်ဟုထင်ပြီး ရွှေစင်ထွင့်ကလည်း မုခနှင့်သန့်သီလကို သိနေကြသူတွေဟု ထင်နေသည်။

"ကဲပါဗျာ၊ ပဟေဠိတွေနဲ့သောကတွေ၊ အတွေးတွေ များနေကြပါနဲ့၊ အခု တစ်ယောက်နဲ့တစ်ယောက် အားလုံးသိသွားပြီပဲ၊ ပြီးပြီပေါ့၊ ရွှေစင်ထွင့်နဲ့မုခက အဲ့ဒီဘက်မှာထိုင်၊ ကိုအောင်သူနဲ့ တွန်တော်မျိုးသန့်သီလတို့က ဒီဘက်မှာထိုင်မယ်"

သီလရဲ့စွမ်းဆောင်မှုလေးက အင်မတန်လှပသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမိသွားလျှင် မလိမ့်တစ်ပတ်ဉာဏ်နှင့်လိမ့်လုံးဖိနဲ့လုံးတွေက အလိုလိုဝင်လာတတ်၏။

"ရွှေစင့်သူငယ်ချင်းကရော ဘာလုပ်တာလဲ"

ကိုအောင်သူက ဟိုဘက်ခုံကနေပြီး မုခကို လှမ်းမေးသည်။

"အခုမှ ဆရာအတတ်သင်ကျောင်းတက်နေတာ၊ မုခ အဲ့ဒါ ငါတို့ဆေးရုံကပဲ၊ ကိုအောင်သူတဲ့၊ ခွဲခန်းမှာ တာဝန်ကျတယ်၊ ငါတို့ကို အမြဲမုန့်ဝယ်ကျွေးနေတဲ့ မုန့်တိုက်ကြီးပေါ့"

"တော်ပါဟာ . . . နင်တို့သာ သာပေါင်းညာစားတွေ ဒီလောက်လှတဲ့သူငယ်ချင်းရှိတာကျ ဝှက်ထားတယ်"

"အံမယ်၊ ကိုအောင်သူကြီးနော် . . . သမီးတို့သူငယ်ချင်းတွေက လှတယ်ပြောသူက မုန့်ဝယ်ကျွေးရတာ"

"တွေ့လား မုခ၊ ညည်းသူငယ်ချင်းရွှေစင်ထွဋ်က အလည်မတလေးရယ်"

"ဟွန်း ကိုအောင်သူနဲ့ပါလာတဲ့လူက ရွှေစင်ထွဋ်ထက်တောင်လည်သေးတယ်၊ ဘယ်က ခေါ်လာတာလဲ"

"ဟော့ဗျာ၊ မုံခနဲ့သီလက ခုနကတည်းက အတူထိုင်ပြီး စကားပြောနေကြတာ၊ အသိတွေမဟုတ်ဖူးလား"

"ဟွန်း . . . ဟုတ်လိမ့်မယ် အားကြီး၊ နာမည်ကတော့ သန့်သီလတဲ့၊ အရက်နံ့ကနံသေး၊ စစ္စတာကြီးတစ်ယောက်ထိုင်နေတာကို ကလိန်ကကျစ်ကျဖယ်ခိုင်းပြီး လာထိုင်လေပေါ်နေတာ"

"ဟေ' ဟုတ်လား၊ ဟား ဟား ဟား ဟား"

"အရက်နံ့မဟုတ်ပါဘူး မုခရယ်၊ ဘီယာပါ"



www.burmeseclassic.com

www.burmeseclassic.com


သီလက မျက်နှာငယ်လေးဖြင့်ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဘီယာလည်း အယ်လ်ကိုဟောပါတာပဲ၊ ဟောကြည့် ခု ဆေးလိပ်က ထုတ်သောက်ပြန်ဦးမှယ်၊ လူကြားထဲ မသောက်နဲ့၊ ဆေးလိပ်နံ့က အများစုမခံနိုင်ဘူး၊ ပြီးတော့ နီကိုတင်း ဓါတ်တွေက လေထဲပျံ့ပြီး အဆုတ်ထဲရောက်ကုန်ရော၊ ဘီယာတို့ အရက်တို့က အသည်းထိတယ်၊ ဘာမှမကောင်းဘူး၊ မသောက်နဲ့"

"ဟင်' မုခကလည်း သော်က်တဲ့လူပဲပြောပြီး ထုတ်လုပ်တဲ့ လူတွေကျမပြောဘူးလား"

"ဩော နင်တို့မသောက်ရင် သူတို့မထုတ်နိုင်ဘူးပေါ့"

"သူတို့မှထုတ်ရင် ငါတို့မသောက်ဘူး"

"ဟွန်း . . . ဒါ အကောင်းဆုံးဆင်ခြေပဲ"

"ကိုအောင်သူရေ၊ သမီးသူငယ်ချင်းမုခက ကျောင်းဆရာမ ဖိပီ သူများကို ဆရာလုပ်ရမှနော်၊ အဲ့ဒါ ကိုအောင်သူမိတ်ဆွေ သိအောင်ပြောတာ"

"လူတိုင်းကို သူတို့အတန်းက ကျောင်းသားပဲ သဘော ထားသလား"

"နားမထောင်ချင်နေပေါ့၊ မုခက အကောင်းပြောတာ"

"နားထောင်လို့ပဲ ဒီမှာ စီးကရက် ပြန်သိမ်းလိုက်ပြီလေ၊ ဘီယာကတော့ ပြန်အန်ထုတ်လို့မရတော့ဘူး"

"ဟွန်း"

မုခက သီလကို မျက်စောင်းထိုးသည်။ ကိုအောင်သူက

"သီလက Chemistry နဲ့ ကျောင်းတက်နေတာ၊ ကိုယ့်ကို ညီအစ်ကိုလိုပဲ ခင်ကြတယ်"


www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုချောချောတွေငမ်းဖို့ လိုက်လာတာဆို၊ ရွှေစင်ထွန်းချေ နှင်းရော နှင့်လုပ်ဖော်ကိုင်ဖက်တွေပါ သတိထားနော်"

"မလိုတော့ပါဘူးဗျာ၊ ဘယ်သူနာပြု ဘယ်လောက်ချောချော စိတ်မဝင်စားတော့ပါဘူး"

"ဖြစ်ရပြန်ပြီ"

"သူနာပြုသူငယ်ချင်းကိုပဲ"

"ဖြန်း"

"အ! ဒီကျောင်းဆရာမကလည်း လက်မြန်လိုက်တာ၊ ကျောင်းသားတွေတော့မလွယ်ဘူး"

ပေါင်ကိုပွတ်ရင်း ပြောနေသော သီလကိုကြည့်၍ ရွှေစင်ထွန်းနှင့်ကိုအောင်သူက ရယ်သည်။

မုခနှင့်သီလက ဒီနေ့၊ ဒီအချိန်၊ ဒီနေရာ လိုက်လာမိတာမှန်သွားပြီဟု နှစ်ဦးလုံးတွေးရင်း ကြည်နူးနေ၏။ အခမ်းအနားအစီအစဉ် စတော့ လူရွှင်တော်ကြာစိ၊ ကျင်ဝှက်တို့ ပြက်လုံးတွေဖြင့် ပရိသတ်တွေ တဝါးဝါးတဟားဟား ပွဲကျနေသည်။

မုခက သီလကို ခိုးကြည့်မိတော့ သီလက မျက်စိမှိတ်ပြသည်။ မုခက မျက်စောင်းထိုးပြီး ပွဲကြည့်စင်ပေါ် အကြည့်ကိုပို့သည်။ သီလက မုခကို ပြန်ခိုးကြည့်သည်။ အစီအစဉ်တွေပြီး၍ ပြန်ထွက်ကြတော့ အပေါက်ဝတွင် စစ္စတာဝဝကြီးကို တွေ့၏။

"ကျေးဇူးအထူးတင်ပါတယ် အန်တီ"

စစ္စတာဝဝကြီးခမျာ သီလစကားကို ဘာမှနားမလည်ဘဲ တအံ့တသြငေးမောကျန်ရစ်ခဲ့လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ယခုတလော သီလတစ်ယောက် ပျောက်ပျောက်နေပြီး ာလူးဆိုတဲ့ကောင်ကတော့ ထုံးစံအတိုင်း ဖမ်းလို့ မမိ။

သီဟာသည် သီလနှင့်အာလူးကို ခေါင်းထဲကထုတ်ပြီး သွေး ်ရင့်ကိုရှာရန် ထွက်လာခဲ့သည်။ အတန်းပဲတက်နေသလား၊ ဒီပဲ လမ်းသလားနေကြသလားမသိ။ တက္ကသိုလ်ကျောင်းသူ ျောင်းသားမှန်သမျှ တစ်နေရာတည်းတွင် ငြိမ်ငြိမ်ကုပ်ကုပ်နေတာ သည်။

"ဟော့ ဟော့၊ မနုသီဟာ ဖင်နှစ်ခွ"

"ခြသေ့်၊ ခြသေ့်"

"သီဟာပါ၊ သီဟာ . . . သီဟာ"

အတွေးတစ်ချက်လွှန်သွားစဉ် နောက်ဖက်မှ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ လှောင်ပြောင်သံကြားရ၏။ သီဟက သူ့နာမည်ကို လှောင်နေ၍ နောက်လှည့်ကြည့်သည်။ သွေးထက်ရင့်တို့သုံးယောက်ကို တွေ့ရ၏။

"ခင်ဗျားတို့က အရင်လာစတာနော်"

သီဟက ခပ်တည်တည်ပင် ပြောသည်။ အက်စ်သာက

"အမလေးဟဲ့ . . . ကိုကြီးကျယ်တို့ကတော့ မာန်တက်နေပြန်ပါပြီ"

"ဒီမှာ ဒီမှာ အာလူးကိုလိုချင်လို့လိုက်ရှာနေတာ မတွေ့မိဘူးလား"

"တွေ့သားပဲ"

"ဘယ်မှာလဲ'"

"ဈေးထဲမှာ . . ."

"ဝေး ဟေး ဟေး"

"အလာကြီးပဲ"

"နောက်နေတယ်၊ နောက်နေတယ်"

မိန်းကလေးသုံးယောက်က ဝိုင်းအော်ကြသည်။ သီဟက သူ လိုက်ရှာနေသောသူက သူ့အနားရောက်လာ၍ ဝမ်းသာဖျော်ရွှင်နေသည်။

"လူအာလူးကိုပြောတာပါ၊ လူအာလူး"

"ပြည်သိန်းတန်၊ ပြည်သိန်းတန်"

"ကျွန်တော်လည်း အခု အာလူးကိုရှာနေတာပဲ"

"ဟုတ်လား'"

"အာလူး မတွေ့လည်း အားမငယ်ပါနဲ့၊ ကျွန်မတို့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ယောက်တည်း အားငယ်နေမှာပေါ့"

ဆုနှင့်အက်စ်သာက အတိုင်အဖောက်ညီနေကြပြီး သွေးထက်ရင့်က ခပ်ပြုံးပြုံးသာ လုပ်နေ၏။ သီဟာဆိုတဲ့ငတိက ရယ်စရာကောင်းသည်။ သွေးတို့နောက်မှလိုက်နေမှန်းသိလျက်နှင့်မေးလိုက်လျှင် မဟုတ်ဘူးငြင်းသည်။ ကြည့်နေလျက်နှင့်ဘာကြည့်တာလဲမေးလျှင် မကြည့်ဘူးငြင်းသည်။ သွေးကို စိတ်ဝင်စားမှန်းသိရှိရိပ်မိနေသော်လည်း သီဟာက ဝန်မခံ။

ယခုလည်းကြည့် လိုက်ခဲ့ခေါ်တာကို ပါးစပ်ကတော့ ခလိုက်ဖူးငြင်းပြီး အနောက်က တကောက်ကောက်ထပ်ချပ်မကွာပါသာသည်။

"ငတိကို ပညာပြရအောင်"

"အေး . . . ဘယ်လိုပြမလဲ"

အက်စ်သာနှင့်ဆုက ကျိတ်ကျိတ်တိုးတိုးကြံစည်သည်။

"သွေး"

"ဟာင်"

"ဒီနောက်ပိုင်းအချိန်တွေ ပရက်တီကယ်မပါဘူး၊ အတန်းဆက်ချင်ဖျက်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ အက်စ်သာ"

"မနူသီဟာဖင်နှစ်ခွကို ပညာပြမလို့"

"ဟဲ့"

"ဘာဟဲ့လဲ! စိုးရိမ်တာလား၊ ပါးပါးလေးပါ၊ နင့်လူ ဒုက္ခရောက်အောင်မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆုရဲ့၊ ငါက ငါ့ကို စိတ်ဝင်စားလာသမျှ ဘယ်သူ့ကိုမှ ပြန်မကြိုက်နိုင်တောင် ညှင်းဆဲတာ ဒုက္ခပေးတာမျိုး တွေမလုပ်ချင်လို့ပါ"

သွေးရဲ့စကားဆုံးတော့ ဆုက အနားကပ်ကာ လေသံကို တိုးနိုင်သမျှ တိုးတိုးကလေးပြောသည်။ သူတို့နှင့်မလှမ်းမကမ်းတွင် သီဟပါလာသည်မဟုတ်လား။

"ဒီမှာ သွေးရဲ့၊ သီဟက တခြားကျောင်းသားတွေနဲ့တူလို့လား၊ သူများတွေက နင့်ကို စိတ်ဝင်စားကြောင်း၊ ချစ်ကြောင်းစာပေးတယ်၊ လိုက်စကားပြောတယ်၊ တစ်ဆင့်အောင်သွယ်နဲ့ချဉ်းကပ်တယ်၊ သူ့ကျမှ ဝန်မခံဘဲ အသည်းယားအောင်လုပ်နေတယ်"

ဆုပြောတာ မှန်သည်။ သီဟရဲ့မျက်ဝန်းတွေက နူးညံ့သော အညိုရောင်မျက်ဝန်းတွေ။ အဲ့ဒီမျက်ဝန်းတွေက သွေးကို ချစ်မြတ်နိုးဟန်တွေပါနေသည်ဟု စိတ်က ခံစားရသည်။

"လာ . . . တစ်ကျောင်းလုံးအနှံ့ လျှောက်ပတ်ရအောင် ဒင်း ဘာလုပ်မလဲကြည့်ကြတာပေါ့"

ဆုနှင့်အက်စ်သာ ဆရာမကြီးနှစ်ယောက်က ဦးဆောင်တော့ သွေး ဘာမှမပြောသာ။

သီဟမှာလည်း သွေးထက်ရင့်တို့တစ်တွေ အာလူးကို ပတ်ရှာပြီး ကဲန်တင်းထိုင်ကြမည်ဟု ထင်ပြီး နောက်က ခပ်တည်တည် လိုက်လာသည်။

နောက်တော့ ခြေထောက်တွေလည်း ညောင်း၊ ဗိုက်တွေလည်းဆာ၊ အတန်းချိန်တွေလည်း လွတ်ကုန်တော့မှ သူ့ကို ကောင်းကောင်းပညာပြနေမှန်းသိတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ပညာပြတဲ့သူတွေကိုယ်တိုင်လည်း ခြေကုန်လက်ပမ်းကျ တာ ဒရွတ်ဆွဲကုန်ပြီ။

"သွေးရေ၊ ငါတို့တော့မရတော့ဘူး၊ အိမ်သာပြေး ဝိတ် လျှော့ပြီး ကန်တင်းမှာ ဗိုက်ဖြည့်မယ်"

ဆိုနှင့်အကက်စ်သာ ရေအိမ်ထဲ ဝင်သွားကြသည်။

အကက်စ်သာက . . .

"သွေး၊ နင် လိုက်ဝင်မလာနဲ့၊ တော်ကြာ မနုသီဟက ဒီထဲ ထိလိုက်လာနေဦးမယ်"

ဟု လှမ်းအော်သွား၏။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သာသာမာန်မိန်းကလေးတစ်ယောက်အတွက်တောင် ဒီလိုလမ်းသလားနေရင် လူတွေသတိထားပြီး အကြည့်ခံရသေးတာ သွေးက မင်းသမီးလေးလို ထင်ပေါ်လှပတဲ့သူဆို . . ."

သီဟာက တစ်ယောက်တည်းရပ်စောင့်နေတဲ့ သွေးထက်ရင့်အနား တိုးကပ်သွားကာ ပြောသည်။ သွေးက . . .

"ဘာဖြစ်လဲ"

"ရှုထောင့်တိုင်း နေရာတိုင်းမှာ သွေးကို စောင့်ကြည့် လိုက်ကြည့်နေတဲ့ ပုရိသကျောင်းသားတွေ အများကြီးပဲ"

"အဲ့ဒီတော့"

"ကျွန်တော်သာ သွေးရဲ့မလှမ်းမကမ်းကနေ ကပ်လိုက်မနေရင် အညှိကို ယင်တွေ ဝိုင်းအုံသလို၊ ထန်းလျက်ကို ပုရွက်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဝိုင်းခဲသလို၊ ပန်းပွင့်လှလှကို လိပ်ပြာတွေဝဲသလို"

"အမလေး . . . တော်ပါတော့"

"ကျွန်တော်ပြောတာမဟုတ်လို့လား၊ မိန်းမလှလေး တစ်ယောက်အတွက် နေရာတိုင်းမှာ အန္တရာယ်တွေပဲ"

"အဲ့ဒီအန္တရာယ်တွေထဲမှာ ရှင်ရော မပါဘူးလား"

"ဗျာ'"

သွေးထက်ရင့်မေးခွန်းက သီဟအရှိက်ကို တည့်တည့်ထိ မှန်သွားသည်။ ရုတ်တရက်မို့ ဘာပြန်ပြောရမှန်းမသိ။

"နေစမ်းပါဦး၊ ရှင်က မိန်းကလေးသုံးယောက်နောက်က အကောက်ကောက်ကပ်လိုက်နေရအောင် ဘယ်သူ့ကို စိတ်ဝင်စား သို့လဲ' အက်စ်သာလား၊ ဆုလား၊ ဒါမှမဟုတ် ကျွန်မကိုလား"

"ခင်ဗျားလေးကို ဖြစ်ဖို့များပါတယ်၊ ကျွန်တော်ကစပြီး ဘာမှ မပြောဘူးနော်၊ ခင်ဗျားဟာသာ မြောင်းဖောက်လာတာ"

"အမလေး၊ ကြီးကျယ်လို့ . . . အားလုံးကို ကျွန်မက ဒီလို ပြောနေကျပဲ၊ မြောင်းလည်း မဖောက်ဖူးဘူး၊ လမ်းလည်း ခင်းဘူး၊ ရှင့်ကိုမှမဟုတ်ဘူး၊ တလောကလုံး ဘယ်ယောကျ်ားကိုမှ ကျွန်မ စိတ်မဝင်စားဘူး၊ သိရဲ့လား"

"အပြောမကြီးပါနဲ့၊ လူ့စိတ်ဆိုတာ စက္ကန့်နဲ့အမျှ ပြောင်းလဲ နိုင်လျက်နေတာ"

"ပြောင်းလဲလာတော့လည်း ပြောင်းလဲလာတဲ့အယောကျ်ား ပါ ရှင် ပူပန်မနေပါနဲ့၊ ကဲ ရှင့်လမ်းရှင်သွားပါတော့"

"ကျွန်တော် သွားတာနဲ့ ဟိုမှာ ခင်ဗျားနား ကပ်လာမယ့် ကောင်တွေ တစ်ပုံကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ရှင် မပူပါနဲ့၊ ကျွန်မ အန္တရာယ်ကျွန်မဖာသာ ရှောင်တိမ်းဖြေရှင်းတတ်တယ်၊ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး ပြီးတော့ လူတွေကြားသွားလာနေတာ၊ ရှင် ကပ်လိုက်နေတာကိုက ကျွန်မအတွက် လာဘ်ပိတ်တယ်"

"ဩော် . . . ခင်ဗျားလေးက ယောကျ်ားတကာ ဝိုင်းဝိုင်းလည်ဖို့ လာဘ်ခေါ်နေတာလား၊ အံ့ပါရဲ့ဗျာ၊ ကျွန်တော် ခင်ဗျားကို အထင်ကြီးမိတာ အလကားပဲ"

သီဟက ပြောပြီး လှည့်ထွက်သွား၏။ သွေးထက်ရင့်တစ်ယောက် စွေ့စွေ့ခုန်ကျန်ခဲ့လေသည်။

"ဘာတွေ ကဏ္ဍာမငြိမ်ဖြစ်နေတာလဲ သွေး၊ ရှုးပေါက်ချင်လည်း သွားပေါက်၊ အောင့်မထားနဲ့"

ဝိတ်လျှော့ပြီး ပြန်ထွက်လာသော အက်စ်သာက ပြောသည်။ ဆုက . . .

"ဟဲ့ . . . ဟိုတစ်ယောက်ရော ဘယ်ရောက်သွားပြီလဲ မနုသီဟဖင်နှစ်ခွ"

"ငါ ကောလွတ်လိုက်လို့ လစ်သွားပြီ"

"ဟယ် . . . သူက နင့်ကို ဘာလုပ်လို့လဲ သွေး"

"ကောင်လေးက ရိုးရိုးသားသားလေးပါ"

"ဘာ' လူရိုးဆိုတာ သချိုင်းမှာပဲရှိတယ်ဟဲ့၊ ကိုယ်ယူထားတဲ့ယောကျ်ားတောင် သေပြီး ဂူထဲရောက်မှ ရိုးရှာတယ်လို့ ချီးမွမ်းရတယ်တဲ့"

"အံမယ်၊ လေသံက၊ လေသံက နေစမ်းပါဦး သွေး နင့်ဘေး ဝိုင်းဝိုင်းလည်နေတဲ့သူတွေထဲမှာ အဲ့ဒီတစ်ယောက် စိတ်



www.burmeseclassic.com

www.burmeseclassic.com


ဝင်စားဖို့ကောင်းတယ် မဟုတ်လား"

"ဒီအကြောင်း ဆွေးနွေးချင်လည်း ကဲန်တင်းရောက်မှ ဆွေးနွေးပေတော့ ဆုရေ၊ ငါ ဗိုက်အရမ်းဆာနေပြီ၊ နင်တို့ ပညာပေးတာကြီးက မနိုပ်ပါဘူး၊ အလကား ကိုယ်ပါရောပြီး ခြေထောက်ညောင်းတယ်"

"ခံနိုင်ရည်နဲ့ဇွဲကို စမ်းသပ်တာလေ"

"အပိုတွေ . . . ယောကျ်ားတွေက သူတို့လိုချင်တာမရခင်တော့ အနစ်နာခံ၊ အပင်ပမ်းခံ၊ ဇွဲကောင်းတတ်ကြပေမယ့် ဟင်းဟင်း နောက်ဆို ဖျာလိုခင်း၊ နင်းချေချင်ကြတာမဟုတ်လား"

"အရေးထဲ ကြော်ညာဝင်နေပြန်ပြီ သွေးရယ်၊ ငါတို့က မိန်းမတွေဖြစ်နေတယ်လေ၊ ဘာပြောပြော နောက်ဆုံးတော့ ဒီယောကျ်ားတွေကိုပဲ ယူရမှာမဟုတ်လား"

"ဟွန်း . . . အက်စ်သာနော်၊ နင့်လေသံက ယောကျ်ားတွေ ဘာလုပ်လုပ် ခွင့်လွှတ်မယ့်လေသံမျိုးပါလား"

"သဘောပြောတာပါ"

"ဟေး၊ ဘာမှပြောမနေနဲ့၊ တစ်ခွန်းပဲမေးမယ်၊ မနုသီဟာ ဇင်နှစ်ခွကို နင်စိတ်ဝင်စားလား၊ မစားဘူးလား၊ ဒါပဲ ပြော သွေး"

"စိတ်မဝင်စားဘူး"

"ပြီးရော၊ ဒါဆို မနုသီဟကို ငါ ယူမယ်"

"ဟေ"

"တော်တော်အကြံကြီးတဲ့ ဆုပါလား"

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"ဒါနဲ့ မိဘတွေက ဘယ်သူတွေလဲ၊ ဘာလုပ်ငန်းများ လုပ်ကြသလဲ"

"ကျွန်တော့်အဖေက အင်ဂျင်နီယာမှူးကြီးပါခင်ဗျာ၊ ဦးသောင်းတင်လို့ခေါ်ပါတယ်"

"ဟေ' ဟုတ်လား ဟား ဟား ဟား တိုက်ဆိုင်လှပါလား"

"ဟဲ့ တို့အဖေ နာမည်ကလည်း ဦးသောင်းတင်ပဲလေ"

မုခက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ မုခတို့အိမ်ကို သန့်သီလရော၊ ကိုအောင်သူပါ ပါလာခဲ့ခြင်းဖြစ်၏။

လိုက်လာခဲ့ခြင်းအကြောင်းက ဤသို့ဖြစ်သည်။ **Dumex** ပွဲက ကံစမ်းမဲကို မုခက **EVD** စက်ပေါက်ပြီး၊ ရွှေစင်ထွန်းက ဓါတ်ဘူး အကြီးကြီးပေါက်သည်။ ကိုအောင်သူနှင့်သန့်သီလက

www.burmeseclassic.com

www.burmeseclassic.com


ဘာမှ မပေါက်ကြပေ။

"ဘူကောင်တွေပဲ၊ အဲ့ဒါ ငါးပါးသီလမလုံလို့ ဘာမှ မပေါက်တာ၊ ဘီယာသောက်ခဲ့တာကိုး"

မုခက သန့်သီလနှင့်ကိုအောင်သူကို ခနဲ့သည်။ ကိုအောင်သူရော သန့်သီလပါ အပြုံးမပျက်တဲ့အပြင် မဲပေါက်ပစ္စည်းတွေ သယ်မပြီး အိမ်အထိ လိုက်ပို့ပေးသည်။

"ကိုအောင်သူရေ၊ ဒီလိုဒုက္ခတွေကြောက်လို့ ကျွန်တော်က ရည်းစားမထားတာဗျ၊ မိန်းကလေးတွေနဲ့ပတ်သက်မိပြီဆိုတာနဲ့ ဝေယျာဝစ္စက ရှုပ်ပြီ"

"အံ့မယ်၊ အနေသာကြီးပါနော်၊ သူ့ဖာသာပဲ အတင်းလာပတ်သက်ပြီးတော့၊ ဟွန်း အခု အချိန်မီသေးတယ်၊ ပြန်ချင်ပြန်"

"ပြန်ပါဘူး၊ ကိုယ့်အတွက် ဒုက္ခပြီး သုခလာမှာပေါ့၊ သုခလာလည်း မုခလာရင်ပဲတော်ပါပြီ"

"ကြည့် . . . တွေ့လား၊ လူတစ်ကိုယ်လုံး အကြံချည်းပဲ"

မုခက ချစ်စဖွယ်မျက်စောင်းထိုးရင်း မူနွဲ့နွဲ့ပြောသည်။ သီလက မုခကို ချစ်ခင်စိတ်ဖြင့် အသည်းယားနေသည်။ အလွန်လှသောသွေးထက်ရင့်ကိုမြင်စက ထိုသို့မခံစားရပေ။ မိန်းမလှလေးချင်းတူသော်လည်း ခံစားချက်က မတူ။ မုခကိုတွေ့ရတာ သူ့စိတ်ထဲ ရင်းနှီးနေသလို ခံစားရ၍ ရင်ထဲမှာလည်းပျော်သည်။

ယခုနေ့ သီလကို ကုတ်နှင့်ကော်ထုတ်တောင် မုခအနားက တစ်ဖဝါးမခွာနိုင်ပါ။ ဤသို့ဤပုံဖြင့် မဲပေါက်လာသောပစ္စည်းကို အကြောင်းပြုကာ မုခအိမ်သို့ သီလနှင့်ကိုအောင်သူ လိုက်ပါခဲ့ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်သူကရော အိမ်ထောင်ရှိလား"

မုခမေမေ ဒေါ်ခင်အေးဟန်က မေးသည်။ တကယ်ဆို ဒေါ်ခင်အေးဟန်သည် သူ့သားအရွယ်လေးတွေမြင်လျှင် သား တစ်ယောက်လိုချစ်သည်။ သားသမီးက မုခတစ်ယောက်သာ အဖတ်တင်၍ သားလေးလိုချင်စိတ် မွတ်သိပ်၏။

"အိမ်ထောင်က မကြာခင်ပြုတော့မှာပါ"

"ဩော် ဩော်"

"သူက မိန်းမကဖြင့်ရချင်လှပြီ အန်တီအေးရဲ့၊ အသောက် အစားလေးကလည်း လက်မလွှတ်ချင်ဘူး၊ အဲ့ဒါ မစုမိမဆောင်းမိ တော့ ခုထိမယူနိုင်သေးတာ"

ရွှေစင်ထွန်းက ကိုအောင်သူ့ ငယ်ကျိုးငယ်နာဖော်ပြော သည်။ ကိုအောင်သူက . . .

"ရွှေစင်ထွန်းရာ လူကြီးတွေကို ဘာတွေလျှောက်ပြောနေ တာလဲ"

"ဟုတ်တာပြောတာပဲ"

"ယောကျ်ားလေးပဲ၊ အသောက်အစားအပျော်အပါး အနည်းအပါးရှိတာပေါ့"

"ဟော့ . . . မောင်အောင်သူ၊ အဲဒီစကားက မဟုတ်တာ လုပ်တတ်သူတွေရဲ့ဆင်ခြေပဲ၊ အေးပေါ့ကွာ၊ လူငယ်တွေ မကင်းနိုင် လို့သောက်စားလည်း အလွန်အကျွံအစွဲအလမ်းတော့ မလုပ်နဲ့ပေါ့ ကြားလား မောင်အောင်သူနဲ့မောင်သီလ"

ဦးသောင်းတင်က ဆုံးမသည်။

"ဟုတ်ကဲ့ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


လူကြီးဆိုတဲ့အမျိုးက သူတို့စကား နားထောင်ထောင် မထောင်ထောင် ကွယ်ရာမှာလုပ်ချင်တာလုပ်၊ ပြန်မပြောဘဲနေလျှင် သဘောကျသည်။

ထို့ကြောင့် သီလသည် မိသားစုအပါအဝင် ဘယ်သူ့ကိုမှ ပြန်ပြောလေ့မရှိ။ ဘာပြောပြော ဟုတ်ကဲ့ပဲ။ သို့သော် ကွယ်ရာကျ လုပ်ချင်ရာလုပ်သည်။ သီဟကတော့ ထိုသို့မဟုတ်။ အင်မတန် ပြန်ပြော၍ စကားများလွန်းသည်။ ပြီးတော့ နားမထောင်တာလည်း မဟုတ်။ တကယ်တမ်း သီလထက်စာလျှင် သီဟက ပိုပြီး လိမ္မာ၏။

"မင်းတို့နှမများကို လိုက်ပို့တာ ကျေးဇူးပဲကွယ်၊ နောင် ဒီဘက် ရောက်ရင် ဝင်ခဲ့ပေါ့၊ ဟုတ်လား"

ဦးသောင်းတင်က လောကွတ်စကားဆိုသည်။ လူငယ်တွေ တစ်ယောက်နှင့်တစ်ယောက် သဘောကျသွားလျှင်လည်း မမြင် ကွယ်ရာ တွေ့ကြမှာထက်စာလျှင် ကိုယ့်အိမ် လာခွင့်ပေးတာ ကောင်းသည်။ ဒါမှ မျက်စိရှေ့ ကိုယ်လည်း လေ့လာနိုင်၏။

"မုခကဖြင့် ကံစမ်းမဲဆို ဘယ်တုန်းကမှ ပေါက်တတ်တာ မဟုတ်ဘူး၊ ခုမှ ကြားသားမိုးကြိုး"

ဒေါ်ခင်အေးဟန်က ပြောသည်။ သီလက . . .

"အဲ့ဒါ အနားကနေ ကျွန်တော် ဂါထာတစ်ပုဒ်ရွတ်ပေးနေ လို့ပါ အန်တီ"

"ဟေ' ဟုတ်လား၊ မင်းဂါထာက တယ်စွမ်းပါလား၊ လုပ် စမ်းပါဦး၊ နောက်ဆို ငါလည်း ကံစမ်းမဲနှိုက်ရင် မင်းဂါထာရွတ်ရ မယ်"

"အဲ့ဒီဂါထာက ကျွန်တော်ကိုယ်တိုင်ရွတ်မှ စွမ်းတာပျ"


www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် . . . အံ့ပါရဲ့"

"ဟား ဟား ဟား ဟား"

"တွေ့အတိုင်းပဲ ရွှေစင်ထွန်း၊ နင့်မိတ်ဆွေကိုအောင်သူရဲ့ သူငယ်ချင်းက တော်တော်အပါးဝတာပဲနော် ဟွန်း"

ကိုအောင်သူက ဘာမှပြန်မပြောဘဲ ခေါင်းကုတ်နေသည်။ ဘာပဲပြောပြော မုခအိမ်က သီလကို ရွေးထွေးကြိုဆို ခင်မင်တာ အမှန်ပင် ဖြစ်သည်။ ကောင်းလေစွ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ . . . အစက ပြန်ပြောကွာ"

သီလက မုခနှင့်တွေ့ဆုံခဲ့တဲ့အကြောင်းကို သီဟနှင့်အာလူးကို ပြန်ပြောပြနေခြင်းပင်။ သီလစကားလည်းဆုံးရော သီဟက ပြန်မေးသည်။

"မင်းကွာ . . ငါဖြင့် ဗီလင်အပြည့်နဲ့ပြောလိုက်ရတာ နားမထောင်ဘူး"

"နားထောင်တယ်၊ သေချာအောင် ပြန်မေးတာ မပြောချင်လည်း နေပေါ့"

ဒီလိုကိစ္စမျိုးက ဘယ်နှစ်ခါပြောရပြောရ မပြောချင်ဘူးဆိုတာ ရှိမှ မရှိတာ။

"အဲ့ဒီကောင်သီဟ၊ အမြဲတမ်းဒီလိုပဲ၊ နေပစေ၊ သူ့အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကျမှ ဝင့်လည်မယ်”

“ဝင့်လည်မယ်၊ ဝင့်က ဘယ်လိုလည်မှာလဲ အာလူး”

“မင့်နှလုံးသားက ခံစားတတ်ပြီး စကားပြောချင်လာမှသိမယ်၊ အဲဒီအခါ ရင်ဖွင့်ကြတာ ဓမ္မတာပဲ၊ ဒီတော့မှ မင်းကို အရေးမလုပ်ဘဲကို နေပြမယ်”

“မင်းတို့ကလည်းကွာ၊ အငြိုးအတေး အာဃာတတွေထားနေပြန်ပြီ၊ ငါက တကယ်စိတ်ဝင်စားလို့ ပြန်မေးတာပါကွ”

သီဟက လေသံကိုလျှော့ပြီး ပြင်ပြောလိုက်သည်။ ဒီတော့မှ သီလက သူ့ကြွေဆင်ဇာတ်လမ်းကို အစကနေ ပြန်ပြောပြ၏။

သီလစကားဆုံးသွားသည်နှင့်အာလူးက . . .

“မင့်နှလုံးသားကလည်း နယ်ကျော်လိုက်တာ သီလရာ၊ နီးနီးနားနား ကိုယ့်ကျောင်းက မိန်းကလေး စိတ်မဝင်စားဘူး၊ အက်စ်သာလည်း လှတာပဲ”

“တော်စမ်းပါ အာလူးရာ၊ မင်းဟာလေ ဟိုးစတိတ်ကျောင်းကတည်းက ငါတို့ညီအစ်ကိုနှစ်ယောက်ရဲ့နှလုံးသားကိစ္စကို အတော်ဝင်ရောက်စွက်ဖက်ချင်တာ”

“အောင်မာ၊ နေပေါ့၊ မင်းတို့ အဲသလို ကလန်ကဆန်လုပ်လို့ သွေးတို့နဲ့တောင် တွေ့ဆုံမိတ်ဆက်မပေးခဲ့တာကွ”

“မင်းစွမ်းဆောင်ပေးမှ ငါတို့က ရည်းစားရနိုင်မှာကျနေတာပဲ အာလူးရာ၊ လေနည်းနည်းလျှော့စမ်းပါ”

အာလူးက ဘာမှဆက်မပြောတော့ဘဲ နှုတ်ခမ်းစူ၊ မျက်စောင်းထိုးပြီး တစ်ဖက်လှည့်သွား၏။ ဟင်း သူ့ရုပ်ကြီးနှင့်လှအောင်လည်းမဟုတ်ဘဲ မူနွဲ့ချင်နေသေးသည်။ အတော်ပုံတဲ့ကောင်။ မြင်



www.burmeseclassic.com

www.burmeseclassic.com


နေရတာ ခံစားရခက်လှသည်။

"ဒါနဲ့ သီဟ၊ မင်းကောင်မလေးနဲ့ ဘယ်အခြေအနေ ဘယ်အဆင့်ရောက်ပြီလဲ"

"ဝါး ဟား ဟား ဟား"

သီလအမေးစကားလည်းဆုံးရော အာလူးက ဝါးလုံးကွဲအရယ်သည်။ ပြီးမှ . . .

"မင်းကောင်မလေးတဲ့၊ ဟိုက အလှမှာဘုရင်ထိပ်ခေါင်ဆင် ပြိုင်ဘက်မရှိဗိုလ်စွဲနေသူ၊ အဲသလို မိန်းကလေးမျိုးနဲ့အဆင်ပြေဖို့ဆိုတာ ဟုတ်တာရောမဟုတ်တာရော ပလီပလာ၊ မူယာအယာခရာတာတာစသဖြင့် ပညာကုန်ထုတ်သုံးပြီး ချဉ်းကပ်ရမှာတောင် သူ့အချစ်ကိုရဖို့ မပြောသေးဘူးနော်"

"နေဦး အာလူး၊ အခု မင်း ဘာကို အဓိကပြောချင်တာလဲ"

"ငါ့စကားမဆုံးသေးဘူးလေ၊ ဆက်ပြောမယ်၊ အဲသလိုအတက်ဖက်က ရှုထောင့်ပေါင်းစုံက အားလုံးထက်သာနေရင်တောင် အဲ့ဒီကောင်မလေးစိတ်ဝင်စားချင်မှစားဦးမှာ ဒါကို မင်းကဆရာကြီးစံတိုင်လုပ်နေတော့ မင်းကောင်မလေးဖြစ်လာဖို့ လမ်းမမြင်ဘူး၊ ငါပြောချင်တာ ဒါပဲ"

"ကြီးကျယ်လို့၊ မိန်းမတစ်ယောက်ရဲ့အချစ်ရဖို့များ ဒသလိုတွေ တလိန်ကညစ်အကောက်ဉာဏ်နဲ့ အကြံအဖန်တွေ မလိုပါဘူးကွာ၊ ဟွင်း ဟွင်း ဟွင်း"

"ငါတော့ မင်းလိုမဟုတ်ဘူး သီဟ၊ အခု မုခဆိုတဲ့ကောင်မလေးကို ငါ စိတ်ဝင်စားတယ်၊ သဘောကျတယ်၊ သူ့အချစ်ရဖို့ဆိုရင် လိမ်သင့်လိမ်မယ်၊ ညာသင့်ညာမယ်၊ ဟန်ဆောင်သင့်


www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မယ်၊ ငါ့ခံယူချက်က အဲ့ဒါပဲ၊ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်မိကြရင် ဘာလိုဦးမှာလဲ' နင့်ကို ငါချစ်တယ်၊ ငါ့ကို နင် ချစ်မလား' ဒါပဲမဟုတ်လား"

"အောင်မလေး သီလရာ၊ မင်းပြောမှပဲ ချစ်တာ ဒီလောက် လွယ်မှန်းသိတယ်၊ နာမည်နဲ့မလိုက် သီလမရှိ ဘာမရှိ မကောင်း ဉာဏ်ချည်းပဲနဲ့ကိုယ့်နာမည်ကိုယ်ဖျက်မဲ့ကောင်က ကြီးကျယ်လို့"

"မင်းကရော၊ နာမည်က သီဟ၊ ခြသေ့်လိုပဲ ရဲရဲဝံ့ဝံ့ရှိလို့ လား၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါ ကိုယ့်ချစ်သူရဲ့အချစ် ဘယ်သူ အရင် ပိုင်ဆိုင်ခွင့်ရမလဲ ကြည့်ကြသေးတာပေါ့ သီဟရာ"

"ပျင်းတောင်ပျင်းသေးတယ်ဟေ့၊ ပျင်းတယ်"

"အကူအညီလိုလည်း ပြောကွာ သီဟ၊ မင်းပြောရင်တော့ ငါ ကူညီပေးပါ့မယ်"

"ဟေ့ကောင် အာလူး၊ ဖင်ခေါင်းပွမနေနဲ့ မင်းကိုယ်မင်း သာ ဂရုစိုက်၊ ဟင်း . . . ပုံစံကဖြင့် ယောကျ်ားယူမှာလိုလို မိန်းမ ယူမှာလိုလိုနဲ့ဘာမှန်းကိုမသိဘူး"

သီဟစကားကြောင့် စိတ်ဆိုးမာန်ဆိုးဖြင့် အာလူး ထွက် သွားသည်။ သီလက . . .

"ငါလည်း လစ်ပြီ"

အသီးသီး ထွက်သွားကြသည်။ သွားပေါ့။ သူတို့မှာပဲ ခြေ ထောက်ပါတာမှ မဟုတ်တာ။ ဟုတ်ဘူးလား။

သီဟလည်း လစ်ဖို့ ခြေလှမ်းပြင်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ထိကွတ္တိ၊ မိန်းမကို၊ ဝိဠန္တတိ၊ 'အ'ကိုတွင်းခံ၊ ဝင်းလျှံတက်ဆီ၊ ရေသီအနား၊ ငါးပါးစုံလင်၊ တန်ဆာဆင်၏။ ကွတိတသွာ အနှီ့ကြောင့်၊ ထိမိ၊ ထိပိမည်၏ တဲ့"

အာလူးက သီဟာအနားမှ ထပြေးချင်နေသည်မှာ ခြေကိုသွားနေ၏။ သို့သော် . .

"မင်း ဟိုဘက်စားပွဲဝိုင်းကို ထသွားရဲသွားကြည့်၊ ဒီနေ့တော့ ငါ့အကြောင်းကောင်းကောင်းသိစေရမယ်"

ဟု သီဟာက ကြိမ်းသည်။ ဟိုဘက်စားပွဲဝိုင်းတွင် သွေးညီအဖွဲ့ရှိသည်။ ဒီဘက်စားပွဲဝိုင်းမှာက သီဟာနှင့်အာလူး။ သီဟာက အာလူးကို ကျောင်းသင်ခန်းစာမဟုတ်သော အကြောင်းအရာတွေပြီး နားပူတိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဓိကကတော့ ထဘီဝတ်မလာဘဲ ထဘီနှင့်ဆင်တူရိုးမှား ပုံမှားရိုက်ဝတ်ထားသော အလုံပိတ်စကတ်ထဘီတွေနှင့် သွေးတို့ကို စောင်းပြောလို၍သာဖြစ်၏။

"ဘယ့်နှယ် တစ်သက်လုံးပေါင်းလာတဲ့သူငယ်ချင်းကို ရင်ဘတ်စုံကန်ပြီး အမေကျော်ဒွေးတော်သွားလွှမ်းနေတာကြာပြီ၊ အဲဒီသုံးယောက်ထဲက တစ်ယောက်က မင်းရည်စားတော်နေလို့ တပူးတွဲတွဲ၊ တကောက်ကောက်လိုက်နေတာဆိုလည်း လက်ခံသေးတယ်၊ ခုတော့ မင်းကိုယ်မင်း ဘယ်ဘဝရောက်နေပြီလဲဆိုတာ စဉ်းစားမိရဲ့လား အာလူး၊ ဟင်"

"ကောက်ရိုးပုံစောင့်တဲ့ ခွေးမင်းသားလေ၊ ဟဲဟဲ"

"စကားလှအောင်ပြောပြီး မင်းဖာသာမင်းသိရင် ပြီးရော"

"ဒါတော့ကွာ၊ ဘော်ဒါကဏ္ဍအနေနဲ့ပေါင်းတာပဲ"

"မင်းဘေးနားမှာ မင်းဘော်ဒါကြီးငုတ်တုတ်ရှိတယ်၊ ဘာဆင်ခြေမှမပေးနဲ့၊ ယောက်ျားမာနနဲ့အသိက္ခာလေးလည်း ထားဦး"

အဲသလို ခပ်နာနာလေး ဖိပြောပစ်လိုက်မှ အာလူးဆိုတဲ့ကောင် ငြိမ်သွားတော့သည်။ သီဟက . . .

"နေဦး၊ စောစောက ငါပြောနေတဲ့စကားမဆုံးသေးဘူး၊ ဇတာယဝတ္တာယ၊ ထိုအဝတ်ဖြင့်၊ ထိသကြိ၊ မိန်းမတို့ကို၊ ဗန္ဓတိ၊ လုံခြုံစေ့စပ်၊ လစ်မလပ်အောင်၊ ထိုးချုပ်ခါးတင်၊ ရင်ကိုမရှား၊ လွှား၍ကျပ်တည်း၊ ဖွဲ့ရှက်စည်း၏တဲ့"

"ကျွတ်"

"အဲ့ဒါကြောင့် ထဘီဆိုတာ မိန်းမတွေအတွက် လုံခြုံစေဖို့ဝတ်ရတာ၊ ဒါကို တချို့မိန်းမတွေက သူတို့လုံခြုံမှု သူတို့ဖျက်ဆီးနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြတယ်”

“မင်းကလည်း သီဟရာ၊ ခေတ်လူငယ်မဟုတ်တာကျနေတာပဲ၊ ပြောနေလိုက်တာ ရှေးအဘိုးကြီးလို”

“ပေါင်ပေါ၊ ဒူးပေါ၊ အတိုအဟိုက်ဝတ်မှ ခေတ်မှီတာမဟုတ်ပါဘူးကွာ”

အာလူးက သီဟနှင့်ပြိုင်မငြင်းချင်တော့၍ ရေငုံနှုတ်ပိတ်နေလိုက်သည်။ ရေငုံမဟုတ်၊ ရေနွေးငုံဟုပြောရမည်။ ရေနွေးတွေတစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်နေသည်။

သွေးတို့ထဲက တစ်ယောက်ယောက်နှင့်မျက်ဝန်းချင်းဆုံမိုင်း အားနာပါးနာပြုံးပြရသည်။ အဲဒီအဖြစ်ကို အာလူး မကျေနပ်။

“ဒီမှာ သီဟ”

“ဘာလဲ”

“ငါမြင်ရသလောက်တော့ သွေးကို မင်းစိတ်ဝင်စားနေသလားလို့”

အာလူးက လေသံကို နှိမ့်ပြောသည်။

“အေးလေ”

“ဒါမျိုးကွာ”

“ဘာဖြစ်လဲ”

“ကိုယ်စိတ်ဝင်စားနေတဲ့မိန်းကလေးပဲ၊ အဆင်ပြေအောင်နေစမ်းပါ”

“ဟ' အဆင်မပြေရအောင် ငါက သူ့ ဘာလုပ်နေလို့လဲ”

“တိုးတိုးပြောစမ်းပါ၊ ပြောမှ ပိုဆိုးနေတယ်၊ ဘာလုပ်ရမှာလဲ မင်း အခုလိုတောပြောတောင်ပြောတွေ မပြောနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမဟုတ်တာပြောလို့လဲ! ပြောမှသိမယ့်လူကို ပြောရမယ်၊ ခိုင်းမှလုပ်တဲ့လူကို ခိုင်းရမယ်"

"သွားပြီ၊ သွားပြီ၊ မင်းတော့ ကြာလေ ငကြောင်ဖြစ်မှန်းမသိ ဖြစ်လေပဲ သီဟ၊ ဒီပုံအတိုင်းဆို ဘယ်ကောင်မလေးမှ မင်းကိုကြည့်မှာ မဟုတ်ဘူး"

အာလူးက ထိုစကားကိုတော့ လေသံခပ်ကျယ်ကျယ်ဖြင့်ကောင်မလေးတွေ မကြားကြားအောင်အော်ပြောသည်။ အတော်ယုတ်မာတဲ့ကောင်။ သွေးက တစ်ချက်လှည့်ကြည့်ပြီး မျက်စောင်းထိုးကာ တစ်ဖက်သို့ ပြန်လှည့်သွား၏။

အက်စ်သာနှင့်ဆုကတော့ မကြားတကြားပြန်ပြောသည်။

"လူကို စောင်းတာလိုလို မြောင်းတာလိုလိုနဲ့ ဘာလဲ"

"အေးလေ၊ ဆရာကြီးလား၊ သမ္မာကြီးလား၊ ဟွန်း ရုပ်လေးကြည့်တော့ အဆင်ပြေချင်ရဲ့နဲ့"

သီဟက ပြုံးသည်။ နှစ်ဖက်ကြားကနေ ဟိုဘက်လှည့်ပြုံးပြလိုက်၊ ဒီဘက်လှည့်နားထောင်လိုက်နှင့်ဗျာများနေသော အာလူးအဖြစ်ကိုလည်း ရယ်ချင်သည်။

ထို့ကြောင့် ပိုပြီး ကလိနေခြင်းပင်။

"အနာပေါ်တုတ်ကျဆိုတဲ့စကားက အလကားပြောထားတာမဟုတ်ဘူး အာလူးရ၊ မှန်တာပြောရင် လူတွေက နားမခံသာကြဘူးကွ"

"ဒါပေါ့ . . . မင်းတော့ လူမုန်းများဦးမယ်"

"သိသူဖော်စား၊ မသိသူကျော်သွား၊ ငါ့တန်ဖိုးနားလည်တဲ့သူ ငါ့အနားလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com


သီဟာစကားလည်းဆုံးရော . . .

"မုဆိုးမ ဖော်စားစမ်းပါစေ"

ကောင်မလေးသုံးယောက် မေတ္တာတော်ပို့သကာ မျက်စောင်းထိုး၊ နှုတ်ခမ်းစူ၊ ခြေဆောင့်ပြီး ထွက်သွားကြလေသည်။

♦ ♦ ♦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"**မင်း**ကလည်း ခုတလော ပျောက်လိုက်တာ သီလရာ၊ ငါ့မှာဖြင့် ပျင်းနေတာပဲ၊ ဒီမှာ သီဟနဲ့နေရတာ အဆင်မပြေဘူး။ အဲဒီငကြောင်နဲ့ခက်တယ်၊ မင်း ဟို မုခဆိုတဲ့ကျောင်းဆရာမလေး ဆီပဲ သွားနေတာလား"

အာလူးက သီလကိုတွေ့သည်နှင့်မြိုသိပ်ထားသမျှတွေ တလစပ်ပြောတော့သည်။ သီလက . . .

"မင်းသိချင်တာဖြေမယ်၊ ဒါပေမယ့် ခုချိန်ကစပြီး မင်း ဘာ စကားမှမပြောနဲ့တော့ အာလူး၊ ငါပဲ ပြောမယ်"

"အောင်မာ . . . ဘာဖြစ်လို့လဲ"

"တစ်သက်လုံး မင်းလေပေါသမျှ နားထောင်ခဲ့ရတာ၊ အခု ငါ့အလှည့်၊ မင်း နားထောင်"



www.burmeseclassic.com

www.burmeseclassic.com


"အေးပါကွာ၊ ပြောချင်တာပြော ငါ နားထောင်ပါ့မယ်"

"ဒါနဲ့ သီဟရော သူ့ကောင်မလေးနဲ့ပြေလည်လား"

"ပြေလည်ပါ့မလား၊ စကားကို ငါ့စကားနွားရပြောတယ်၊ စာအုပ်ကြီးအတိုင်းနေတယ်၊ ကြီးကျယ်တယ်၊ ကြောင်တယ်၊ ဂဏန်းလို သွားတယ်၊ နောက် . . ."

"ဟိုး . . . ရပြီ၊ ဒါလောက်ဆို ပေါက်ပြီ၊ ကောင်မလေးကို ဒီကောင် တကယ်ကြိုက်ပြီး မနေနိုင်မထိုင်နိုင်ဖြစ်လာရင် သူ့ဖာသာ အသဲအသန်ကြိုးစားလိမ့်မယ်"

"အင်း"

"သီဟလို စည်းမျဉ်းစည်းကမ်းတွေနဲ့စာအုပ်ကြီးအတိုင်း လိမ္မာဖို့မလိုဘူး၊ လူဆိုတာ အလိုက်သိရင် လူတွေရဲ့ခင်မင်မှုနဲ့ မေတ္တာ အလွယ်တကူရတယ်၊ ဒါအမှန်ပဲ"

"ခု ကောင်မလေးရဲ့မေတ္တာ ရပြီလား"

"တယ် . . . အဲသလောက်ထိတော့ လွယ်ပါ့မလားကွ၊ တွေ့တာ ဘာကြာသေးလို့လဲ' ဒါပေမယ့် စတွေ့တွေ့ချင်း သီဟလို တော့ အခါမခံရဘူး၊ ခုလည်း တွေ့ခွင့်ရနေကယ်၊ သူ့အိမ်လည်း ဝင်ထွက်ခွင့်ရှိတယ်၊ ဟဲ ဟဲ"

"ရလှဲ့၊ တယ် ဟုတ်ပါလား"

"ပိုပြီး ကံကောင်းတာက သူ့မိဘတွေက ငါ့ကို သားလို ချစ်ဟန်ပြတာပဲ"

"မင်းလိုကောင်ကိုလေ"

"အေး"

အာလူးက သီလမျက်နှာကို မမြင်ဘူးတဲ့ အထူးဆီဆန်း


www.burmeseclassic.com

www.burmeseclassic.com


သတ္တဝါတစ်ကောင်လို စူးစိုက်ကြည့်သည်။

သီလကတော့ ကြည်နူးစရာအဖြစ်ကို ပြန်တွေးရင်း ပျော်ရွှင်မြူးကြွနေ၏။

သူသည် မုခနှင့်စတင်ဆုံဆည်းကတည်းက ကံကောင်းခဲ့၏။ နောက်တစ်နေ့တွင် မုခရှိရာကျောင်းသို့ သီလအရောက်သွားသည်။ တစ်ခါ အိမ်သို့လည်း လမ်းကြုံ၍ဟုဆိုကာ ဝင်သည်။ ဝင်တိုင်းလည်း . . .

"အန်တီ၊ သား ဈေးသွားဝယ်ပေးရမလား၊ အန်တီတို့ အိမ်က ဈေးနဲ့ဝေးတော့ တစ်ခါတစ်ခါသွားဖို့ခက်မယ်"

"အန်တီနဲ့ဦးလေးကြိုက်တဲ့ ဝက်ခေါင်းသုပ် ဝယ်လာတယ်"

မုခ မိခင်က ထိုသို့အလိုက်သိတာကို အလွန်သဘောကျသွားသည်။ တစ်ခါတစ်မျိုး မရိုးရလေအောင် သီလက လောကွတ်ကောင်း၏။

"မီးသွေးကုန်နေရင် သား သွားဝယ်ပေးမယ် အန်တီ"

"အေးကွယ်၊ ဒီနေ့ညနေ မီးပျက်မှာ မီးသွေးကုန်နေလို့ မုခကိုဝယ်ခိုင်းတာ၊ နေ့ရွှေ့ညရွှေ့နဲ့ ကျေးဇူးပါပဲ သားရယ်"

ဒေါ်ခင်အေးဟန်ခမျာ ကျေးဇူးတင်မဆုံးပေ။ ဒါတင်မက မုခအဖေရှိနေလျှင်လည်း သီလက အဆင်ပြေအောင် ဆက်ဆံနေထိုင်ပြောဆိုတတ်သည်။

"ဦးလေးနဲ့ကျွန်တော် အပျင်းပြေ **Chess** ထိုးကြမလား"

"ဟော' ငါက **Chess** ကျတော့ သိပ်မကျွမ်းဘူး၊ မင်း **Scrabble** ကစားတတ်သလား"

"ကစားတတ်ပါတယ်၊ ဒါပေမယ့် **Chess** လောက်တော့


www.burmeseclassic.com

www.burmeseclassic.com


မကျွမ်းဘူး၊ **Scrabble** က အင်္ဂလိပ်စာလုံး ပိုသိသူက ကျွမ်းကျင်ပြီး နိုင်ဖို့များတဲ့ကစားနည်းပဲ ဦးလေးရဲ့"

"ဒါဆို တစ်လှည့်စီကစားကြတာပေါ့ မောင်သီလ"

"ကောင်းပါတယ် ဦးလေး"

စနေ၊ တနင်္ဂနွေ ရုံးအားရက်တွေမှာ မုခအဖေအတွက် အပျင်းပြေစေခဲ့သည်။ ဒါကို မုခက

"ဖေဖေ၊ ဖေဖေ့အသက်မငယ်တော့ဘူး၊ အားတဲ့အချိန် တရားလေးဘာလေးထိုင်ပါ၊ လူငယ်နဲ့တုပြီး အလကားကစားမနေပါနဲ့"

"ဟား ဟား၊ အေးပါ သမီးရယ်၊ လေးငါးပွဲလောက်ပါ။ မောင်သီလရေ၊ ဦးလေးသမီးကတော့ ဖအေတောင် ဆရာလုပ်တာကွ၊ ငါ့အိမ်လာရင် မင်းသတိသာထား"

သီလအခြေအနေက စကတည်းက ထိုသို့ အစစအရာရာ အဆင်ပြေသည်။ ဒါတွေကို ပြောပြတော့ အာလူးက သိပ်မယုံချင်။

"နားရှိလို့သာ မင်းပြောသမျှကြားရတယ်၊ အရက်ကလေး တ တမြမြ၊ ကျောင်းစာ ဘိတ်ချိုး၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား မင်းလိုကောင်ကိုများ"

"ဒီမှာ အာလူး၊ ငါလိုကောင်က ရှပါရော၊ ဗျူဟာရောရှိတယ်လေ၊ ဟဲ ဟဲ ဒါကို မင်းလို လူ့အန္တက ဘယ်သိမှာလဲ၊ လေ့လာဦး လေ့လာဦး"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

**သွေး**တို့ စာသင်ခန်းရှေ့၊ သွေး သွားလေရာနေရာ သွေးရောက်နေတဲ့အရပ် စသဖြင့် အဲဒီနေရာတွေမှာ လူစည်တာ၊ ပွဲဆူတာ၊ အုံးအုံးကျက်ကျက်ဖြစ်တာတွေက အဆန်းမဟုတ်။

ဒါကို မိန်းကလေးပီပီ ကြည်နူးကျေနပ်တာမျိုးရှိပေမယ့် တစ်ခါတလေ မျက်လုံးပေါင်းများစွာအောက်၊ စကားလုံးများစွာကြား စိတ်ရှုပ်တဲ့အခါလည်းရှိသည်။

အလှူပေါင်းစုံအသီးသီး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့မှ သွေးထက်ရင့်ကို ချည်းကပ်ကြသည်။ ချစ်ခွန်းခြွေ၊ ချစ်သဝဏ်လွှာများ ကမ်းလင့်ကြသည်။ လမင်းကြီးဘေး ခြံရံနေသော လင်းလက်ကြယ်အက်စ်သာနှင့်ဆုကို ပိုးပမ်းချင်သူတွေလည်း ရှိ၏။

"တရားဝင်ရည်းစားလေးတစ်ယောက်ထားမလားသွေး"

"ဟင်' ဘာဖြစ်လို့လဲ ဆု"



www.burmeseclassic.com

www.burmeseclassic.com


"အန္တရာယ်တွေ ဝိုင်းနေသလားလို့"

"ဆုပြောတာ ဟုတ်တယ်၊ တရားဝင်ရည်းစားအနားမှာရှိနေရင် ရှုပ်ယှက်ခတ်နေတာတွေ ရှင်းသွားမှာ"

အက်စ်သာကပါ ထောက်ခံသည်။ သွေးက . . .

"အက်စ်သာ တွေ့ထားပြီလား"

"အင်း"

"ဟယ်' ဘယ်တစ်ယောက်လဲ! ဟို ပြိုင်ကားအဝါလေးနဲ့ တစ်ယောက်လား၊ သူ အရမ်းချမ်းသာတယ်ဆို"

"မဟုတ်ပါဘူး၊ တို့အတွက် ငွေမလိုဘူး၊ တို့ချစ်ဖို့ပဲလိုတယ်"

"ဒါဖြင့် ဘယ်သူလဲ' ဒီကျောင်းကတော့ မဟုတ်ဘူးထင်တယ်"

"ဒီကျောင်းကဆို ငါတို့သိမှာပဲ၊ ဘယ်ကလဲ အက်စ်သာ"

"ဒီကျောင်းကပဲ၊ နင်တို့သိပါတယ်၊ ဟင်း ဟင်း ဟင်း"

"ဟယ်"

"ဘယ်သူပါလိမ့်' အံ့ဩစရာပဲ"

"ဒါပေမယ့် သူက ငါ့ကို စိတ်မဝင်စားပါဘူး၊ ငါ သဘောကျတာကိုပြောတာ"

"ဟဲ့"

"တစ်မျိုးကြီးပဲ၊ ဘယ်သူလဲပြော"

"ခန့်သီဟ"

"ဟယ်"

"ဗုဒ္ဓေါ"

အက်စ်သာရဲ့ပွင့်လင်းမှုကြောင့် သွေးနှင့်ဆု ပါးစပ်ပြီသွား


www.burmeseclassic.com

www.burmeseclassic.com



သည်။

"မနုသီဟာဖင်နှစ်ခွ၊ ငကြောင်ကို နင်က"

"ဖြစ်ရလေ အက်စ်သာရယ်"

"ဟင်း ဟင်း၊ လူ့စိတ်က ဆန်းတယ်နော်၊ သူက နင့်ကို စိတ်ဝင်စားနေတာ သွေးရဲ့ ခက်တာက ဝန်မခံဘူး၊ ဒါပေမယ့် သိသာတယ်၊ တကောက်ကောက်လိုက်နေတတ်သလို၊ နင့်ပတ်ဝန်းကျင်မှာ အမြဲရှိနေတယ်၊ ပြီးတော့ နင့်ကို ခိုးပြီးငေးကြည့်တဲ့ မျက်ဝန်းတွေက သိပ်အသက်ဝင်လှပလွန်းတယ်"

"အယ်"

"သြော လက်စသပ်တော့ တစ်ယောက်ကိုတစ်ယောက် လှည့်ပတ်ချောင်းနေကြတာကိုး"

"အန္တရာယ်က ရှောင်ချင်လို့ ကိုယ်ရံတော်ရည်းစားထားမှာ၊ အဲဒီအန္တရာယ်က ပိုဆိုးနေပါဦးမယ် အက်စ်သာရယ်၊ ဒီအတွက်ဆို ပူမနေပါနဲ့၊ ပုရိသတွေအန္တရာယ် ငါ ရှောင်တတ်တယ်"

"ဟင်' ဟုတ်ရဲ့လား"

"ဆိုစမ်းပါဦး သွေး၊ နင့်မှာ ဘာနည်းလမ်းတွေရှိနေလဲ"

"သတိလေ၊ အမြဲသတိရှိရမှာပေါ့၊ သွားသတိ၊ လာသတိ၊ စားသတိ၊ လူရှင်းလူပြတ်တဲ့နေရာ တစ်ယောက်ထဲမသွားနဲ့၊ ကျားကျား၊ မမ၊ မရင်းနှီးတဲ့သူခေါ်တဲ့ ကားကြုံနောက်လိုက်မစီးနဲ့၊ အဲဒီလိုလူတွေကျွေးတဲ့အစာ၊ တိုက်တဲ့အရည်မသောက်နဲ့၊ ဒါတွေပေါ့"

"အေး မိန်းကလေးတွေအတွက် အဲဒါ အရေးကြီးတာပဲ"

"မိန်းကလေးတွေအတွက် အနေအထိုင်၊ အသွားအလာ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒီတော့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်တဲ့အတွက် ကိုယ်ရံတော်ရည်းစားမလိုဘူး"

"ဒါဆို နှင် သီဟကို နည်းနည်းလေးမှ စိတ်မဝင်စားဘူး ဆိုပါတော့ သွေး"

"အဟွန်း၊ ငါကပဲ စိတ်ဝင်စားနေရဦးမယ်၊ ဟုတ်လား အကစ်သာ၊ နှင့်လူက မြူစိစိနဲ့ ဝန်ခံချင်တာလည်းမဟုတ်ဘူး"

"အေး အဲ့ဒါကိုက စိတ်ဝင်စားစရာပဲမဟုတ်လား၊ နှင့်ကိုသူ ဘာနဲ့မှမဆွဲဆောင်ဘူး၊ ပြီးတော့ အကြံအဖန်သမား မဟုတ်ဘဲ အမှန်အကန်သမားဟဲ့"

သွေး တစ်ချက်တွေသွားသည်။ လူကို အနီးအနားက လိုက်ပြီး ဆုံးမဩဝါဒတွေနှင့်စောင်းမြောင်းပြောတတ်သူကို အံ့ဩထူးဆန်းတာတော့အမှန်ပင်။

"တော်ပါပြီ၊ အဲသလိုလူမျိုးကို ချစ်ရတာ အဆင်ပြေမယ် မထင်ပါဘူးဟယ်"

"ဒါဆို သူငယ်ချင်းအဖြစ် အရင် လက်ခံကြည့်ရအောင်"

"အမလေး၊ တော်ပါ ဆုရယ်၊ သူကဖြင့် အကြောကြီးနဲ့ လုပ်နေတာများ"

"တို့အထင်ဆိုရင် သူက ရှက်တတ်လို့နေမှာပါသွေးရဲ့"

"ရှက်နေလို့ ချစ်ရတာ အဆင်ပြေပါ့မလားဟဲ့"

"ဟော"

"အယ်"

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ငါ စာမေးပွဲကျရင် နင့်ကြောင့်ပဲ မုခ"

သီလက သနပ်ခါးတုံးကို လွှနှင့်ဖြတ်နေရာမှ ပြောသည်။

"အံမယ်၊ မဆီမဆိုင် အပြစ်လာလွှဲမချနဲ့"

"ဟုတ်တယ်လေ၊ နင့်ဆီလာရတာ ဘယ်လောက်အချိန်ကုန်တယ်မှတ်လဲ"

"ဟဲ့ . . . အဲ့ဒါဆိုလည်း မလာနဲ့ပေါ့"

"မလာနဲ့ဟုတ်လား၊ နင်က ငါမလာလဲ ဂရုမစိုက်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား မုခ"

"ပြဿနာမရှာစမ်းပါနဲ့ သီလရယ်၊ ဘာလဲ' နင်က ငါ့အဖေရော၊ အမေရော သားလေးလိုချစ်မှန်းသိလို့ မာန်တက်နေတာလား"

"မာန်တက်ရအောင်ထားလို့ လှည်းတန်းကထမင်းဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com


စားချင်တယ်ဆိုတဲ့နင့်အတွက် ငါ့မှာ တကူးတကန့်ဝင်ဝယ်ရသေး"

"အေးလေ၊ အဲ့ဒါဘာဖြစ်လို့ စကားများနေလဲ"

"အိမ်ရောက်ရင် ပင်ပမ်းပြီး စာမကျက်နိုင်တော့ဘူး၊ ဟို ပြေးရဒီလွှားရနဲ့ ညောင်းလွန်းတော့ တစ်ခါတလေ တစ်ခွက်တစ် ဖလားကစ်ရသေးတာ"

"ဟွန်း ဗီဇကိုကမကောင်းဘဲ ငါ့ကိုလာ အပြစ်လွှဲချမနေနဲ့"

"အပြစ်လွှဲတာမဟုတ်ပါဘူး၊ သွားရ လာရနဲ့အလုပ်ရှုပ် လွန်းလို့ မပြန်ဘဲ ဒီမှာပဲ တစ်ခါတည်းနေလိုက်ရကောင်းမလား စဉ်းစားတာ"

"သေလိုက်"

"အ"

မုခက သီလကျောကို အုန်းခနဲထုသည်။ ဒါကို ဒေါ်ခင် အေးဟန်က မီးဖိုချောင်ထဲက ထွက်လာရင်းမြင်တော့ . . .

"ဟဲ့ . . . မုခ၊ တွေ့သမျှလူတိုင်းကို လက်ပါခြေပါနဲ့ ညည်းတပည့်တွေချည်းပဲ အောက်မေ့နေလား"

"မေမေက လုပ်ပြီ၊ ဘာမှမသိဘဲ"

"ဘာမသိရမှာလဲ' ငါ့သားလေးက ညည်းထက်အစစ အားကိုးရတယ်ဟဲ့ သိလား"

ဩော် ဖြစ်ရလေ။ မေမေတို့က ထိုသို့ အပြောင်းအလဲ မြန်သည်။ သမီးပျိုကလေးရှေ့ထားပြီး သီလကို ငါ့သားလေး၊ ငါ့ သားလေးဖြင့် ပါးစပ်ဖျားကမချ။

"အဲဒီသနပ်ခါးတုံးဖြတ်ပြီးရင် ငါ့သား ထမင်းစားတော့"

"အန်တီ့လက်ရာဆို စားမယ်၊ မုခချက်တာဆို မစားဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်သားကို အန်တီကိုယ်တိုင် စပါယ်ရှယ်ချက်ထားတာ ပါ သားရဲ့ ဟင်း ဟင်း"

"အံမယ်၊ ကြီးကျယ်လို့ မစားရင်နေပေ့ါ၊ နောက်နေ့ကစပြီး ငါပဲ နေ့တိုင်းချက်မှာ သိလား"

"အေးလေ၊ နင့်လက်ရာက ကောင်းမှမကောင်းတာ အငတ်ခံမယ်၊ မစားဘူး"

"နင်"

မုခက သီလကို ရိုက်ရန် လက်ရွယ်ရုံပဲရှိသေးသည်။ ဒေါ်ခင်အေးဟန်က လှမ်းအော်ဟန့်တားလိုက်၏။

"မုခ"

"အာ . . . မေမေကလည်း လန့်သွားတာပဲ၊ ဟွန်း"

"ညည်း အဲသလို လက်ပါတတ်လွန်းလို့ ပတ်ဝန်းကျင်က ကလေးတွေ အလကားစာသင်ပေးမယ်ဆိုတာတောင် မလာကြ တော့ဘူးလေ"

"အိုးကောင်းချင်ရင် နာနာထုရတယ်ဆိုတာ ရှိသားပဲ"

"အေး၊ အဲ့ဒါ ညည်းကို နာနာထုရမှာ မုခရဲ့၊ လာခဲ့"

သီလက တဟားဟားအော်ရယ်နေသည်။ ဘာပဲဖြစ်ဖြစ် မုခနှင့်အတူရှိနေရတာကို သီလပျော်သည်။ မုခနှင့်သာအတူနေရ လျှင် သူ့ဘဝ ဘာမှမလိုတော့ပြီ။

သို့နှင့် သူ့ကို ချစ်ခင်နွေးထွေးသော မိသားစုအိမ်ကို ထ ထွက်သွားလာရင်း ဘဝကို ပေ့ါပေ့ါပါးပါးပျော်ပျော်ရွှင်ရွှင်ပင် ဖြတ် ကျော်လာခဲ့၏။

မုခအချစ်ကို တောင်းခံဖို့ကတော့ အချိန်စောနေပါသေး



www.burmeseclassic.com

www.burmeseclassic.com


သည်။ အလောတကြီး တောင်းခံဖို့မလိုဟုလည်း သီလ ထင်သည်။ ရွှေစွန်ညို ဘာကိုလိုလို့ခဲမှန်း အားလုံးသိနေမှတော့ သင့်လျော်သော အချိန်တစ်ခုကိုပဲ စောင့်ရမည်။

သီလအတွက် အချစ်ရေးက အစစ အဆင်ပြေနေ၏။ သီလအဆင်ပြေသလောက် သီဟာခမျာ ချစ်ရတာအဆင်ပြေဖို့ထား၊ ကောင်မလေးအနားကပ်ခွင့်ပင်မရသေးပေ။ သီဟာကိုယ်တိုင် ထိုသို့ အနားကပ်ခွင့်ရအောင်မှ မကြိုးစားတာ။ ဘာမှန်းကိုမသိ။

"ဒါနဲ့သူများနောက် ပါသွားလိမ့်မယ်"

သီလနှင့်အာလူးက အားမလိုအားမရပြောတော့ သီဟာက

"ဥစ္စာရှင်းမှန်ရင် ကိုယ့်ဆီလာလိမ့်မယ်"

"စာကြီးပေကြီးတွေဖတ်ပြီး စိတ်ကူးယဉ်သမားတွေဟာ ဒီလိုပဲ၊ ဘာမှန်းကိုမသိဘူး"

အာလူးဆိုတဲ့ကောင် သူ့ကိုယ်သူတောင် ဘာကောင်မှန်း မသိဘဲ သူများပြောနေရသေးသည်။

ဤသို့ဤပုံ ဘာမှန်းညာမှန်းမသိဘဲ ဝေ့လည်ကြောင်ပတ်နှင့် အချိန်တွေ ကုန်သွား၏။ ကျောင်းသက် ဒုတိယနှစ်ကုန်သွားတဲ့ အထိ သီဟာကတော့ မည်သို့မျှ ထူးခြားမှုမရှိ။ သီလက မုခ အချစ်ကို တောင်းခံပြီး ဒုတိယနှစ်စာမေးပွဲအပြီး တုန့်ပြန်အချစ်ရခဲ့သည်။

သီဟာက "တတိယနှစ်စတက်တဲ့နေ့မှာ သွေးကို ငါ ရီးစား အပေးမယ် ဒါပဲ" ဟု ကြွေးကြော်လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

တတိယနှစ်စ,ဗာက်ရသော ကျောင်းဖွင့်ရက်တွင် ဆူညံ နေသော ကျောင်းတော်ကြီး၌ ဘာက တိတ်ဆိတ်နေမှန်းမသိ၊ တိတ် ဆိတ်နေ၏။ အခြေ အနေကို သေချာလေ့လာသုံးသပ်ကြည့်တော့ ရက်ပေါင်းများစွာ ရင်းနှီးတွေ့ မြင်ခဲ့ဖူးသော အရိပ်နှင့်အသံ ပျောက် နေခြင်းပင်။

"ဟဲ့ . . . တစ်ခုခုတော့ တစ်ခုခုပဲ"

ထိုထူးဆန်းမှုကို အားလုံးက သတိထားမိသည်။ သွေးနှင့် အက်စ်သာက စဉ်းစားတွေးခေါ်နေဆဲ ဆုက မအောင့်အီးနိုင်တော့ ...မှာပြောသည်။

"ကျောင်းဖွင့်တာပဲ နှစ်ပတ်ရှိပြီ၊ အာလူးနဲ့ ...ည ...ကိုနှစ်ယောက်ကို ခုထိ မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အံ့သြစရာပဲ"

"အကြီးကောင်သီလကတော့ ထားပါ၊ အရင်ကလည်း ကျောင်းမှာ သိပ်တွေ့ရတာမဟုတ်တာ၊ ဟို လူလိမ္မာ၊ ကိုကြီးကျယ်၊ ကြောင်၊ မနုသီဟက ဘယ်လိုဖြစ်တာလဲ"

"နာမည်ဂုဏ်ပုဒ်တွေ ပေးထားတာကလည်း များလှပါလား သွေးရဲ့"

"ဟုတ်တယ်လေ"

"တတိယနှစ်စတက်ရင် ချစ်သဝဏ်လွှာ ဆက်သမယ်ဆိုတဲ့ သူက ကြောက်ပြီးပြေးပြီထင်တယ်"

"တော်ပါ ဆုရယ်၊ အဲဒီတစ်ယောက်ဟာ နားလည်ရခက် တယ်၊ ဘာမှန်းကိုမသိဘူး၊ ရည်းစားစကားပြောဖို့တောင် အကြော ကြီးနဲ့ စောင်းမြောင်းပြောတာမကြားဘူးလား၊ ကိုယ်စိတ်ဝင်စားတဲ့ မိန်းကလေးကို အရမ်းကာရော ကြိုက်လို့မဖြစ်ဘူး၊ အရင် လေ့လာ ဦး စိတ်တိုင်းကျမှ ကြိုးစားမယ်ဆိုတာမျိုး"

"ဟဲ့ . . . အဲ့ဒါ ကောင်းတာပေါ့ သွေးရဲ့၊ ဒါ မိန်းကလေး ကို အလေးအနက်ထားတဲ့သဘောပဲ"

"ဆုပြောတာ ဟုတ်တယ်သွေး၊ မိန်းကလေးဘက်ကလည်း ကိုယ့်စိတ်တိုင်းကျ လေ့လာပြီးမှ တုန့်ပြန်သင့်တာမဟုတ်လား"

"သိဘူး၊ သွေးကတော့ သူ့ကို ကြည့်လို့မရဘူး၊ အမြင်ကပ် တယ်"

"ဟယ်' အလကားနေရင်း အမြင်ကပ်နေတယ်၊ သူ့ခမျာ ဦးအနီးမှာ စောင့်ရှောက်ပေးနေတာ"

"ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဤပုံဖြင့် သူတို့ဝန်းကျင်မှာ တိတ်ဆိတ်ခြောက်ကပ်မှုလေး မသိမသာဖြစ်နေသလို ကျောင်းတော်ကြီးရဲ့ပရဝုဏ်အတွင်း ပြောင်းလဲမှုလေး မသိမသာဖြစ်သွားတာကိုတော့ သိတဲ့သူနည်းသည်။

ထိုပြောင်းလဲမှုလေးကား သန့်သီလနှင့်ခန့်သီဟဆိုသော ညီအစ်ကိုနှစ်ယောက် ကျောင်းတော်ကြီးက ပျောက်ချင်းမလှ ပျောက်သွားခြင်းပင်။ နောက်နောက်ပြောင်ပြောင်နှင့် ပြီးသွားလိမ့်မည်ဟု ထင်မှတ်ထားကြသော်လည်း နေ့ရက်မှလသို့ ကူးပြောင်းလာသောအခါ ခံစားချက်တို့ ပြောင်းလာသည်။

"သူတို့ မေဂျာသွားစုံစမ်းရအောင်"

"နေဦး အက်စ်သာ၊ ဒီအတိုင်း **Class** မှာ မေးလို့ကတော့ သိကြမှာ မဟုတ်ဖူး၊ တစ်ခါတလေ သူနဲ့ ကဲန်တင်း ထိုင်တတ်တဲ့ ကုလားလေး မေးကြည့်ရအောင်"

ဆုနှင့်အက်စ်သာအပြောကို သွေးလည်း ထောက်ခံသည်။ ယခုလက်ရှိ သွေးရင်ထဲက ခံစားချက်ကို အမှန်အတိုင်း ဝန်ခံရလျှင် အဖိုးတန်ပစ္စည်းပျောက်သလိုဖြစ်နေ၏။ ထိုအဖိုးတန် ပစ္စည်းကား မည်မျှတန်ဖိုးရှိမှန်းပင် မခန့်မှန်းတတ်ပေ။

သူတို့ကြိုးစားမှုက အရာမရောက်ဖြစ်ခဲ့သည်။ ကုလားလေးနှင့်တွေ့သောအခါ . . .

"ကျွန်တော်လည်း သတိထားမိတယ်ဗျ၊ အဲ့ဒါကြောင့် တစ်နေ့ပေါ် လာနိုးစောင့်နေတာ၊ ကျန်တာ ဘာမှမသိဘူး"

"ဩော်"

"ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ တခြားရင်းရင်းနှီးနှီးပေါင်းတဲ့လူမရှိဘူးလား၊ စုံစမ်းရအောင်"

"အဲဒါ ခက်တာဗျ၊ အကြီးကောင်က ကျောင်းမှာ သိပ်မတွေ့ရဘူး၊ အငယ်ကောင်နဲ့ပြည်သိန်းတန်ကလည်း တွေ့သမျှလူနဲ့အဖွဲ့ကျတာ၊ ဒီနေ့တစ်ဖွဲ့ဆို နောက်နေ့တစ်ယောက်ဖြစ်သွားတော့ အကြောင်းမသိကြဘူး"

"ခက်လိုက်တာ"

"အံ့သြစရာပဲ"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျွန်တော် စုံစမ်းကြည့်မယ်၊ ကျောင်းသားရေးရာမှာ ဖြစ်ဖြစ်၊ ဆရာတစ်ယောက်ယောက်ကိုဖြစ်ဖြစ် မေးမယ်"

"အင်း ကောင်းတယ်၊ အကျိုးအကြောင်းသိရတာပေါ့"

"လိပ်စာပါ ယူခဲ့ရှင်"

"မနက်ဖြန် ကဲန်တင်းမှာတွေ့ကြမယ်"

မျှော်လင့်ချက်ရှိသွား၍ သွေးတို့တစ်တွေ စိတ်ပေါ့သွားသည်။ သို့သော် . . . နောက်တစ်နေ့ ကုလားလေးနှင့်တွေ့သောအခါ စိတ်မကောင်းစရာအကြောင်းကြားရ၏။

"သန့်သီလနဲ့ခန့်သီဟာ ညီအစ်ကိုနှစ်ယောက်စလုံး ကျောင်းထွက်သွားပြီတဲ့ဗျ"

"ရှင်"

"ဟယ်"

"ဘာဖြစ်လို့ပါလိမ့်"

"ပြည်သိန်းတန်က ခုထိ ကျောင်းမလာသေးပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထွက်တာတော့မဟုတ်ဘူး"

"အဲ့ဒီအာလူးဆိုတဲ့တစ်ယောက် တစ်ရက်လောက်တော့ ရောက်လာဖို့သင့်တယ်၊ သူ့ကို ဒီလောက်ခင်တာ"

"ဟုတ်တယ်၊ အချင်းချင်းတွေ ခုလိုလုပ်စရာလား"

သွေးထံမှ ဘာစကားသံမှ ထွက်မလာဘဲ တိတ်ဆိတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

ယခုကဲ့သို့ ရှုပ်ရှုပ်ထွေးထွေးကိစ္စတွေဖြစ်လာရခြင်း၏ အဓိကတရားခံသည် မုခမိခင်ဒေါ်ခင်အေးဟန်ဖြစ်၏။

သီလသည် မုခနှင့်တွေ့ဆုံသည်မှစ၍ ခင်မင်ခဲ့ကာ အိမ်သို့ ဝင်ထွက်ခွင့်ရခဲ့သည်။ သူ့အပေါ် ချစ်ခင်လိုလားသော မုခမိဘများနှင့်အတူ တစ်နှစ်ကျော်သောအခါ မုခအချစ်ကိုရသည်။

အိမ်ကိုဝင်ထွက်ခွင့်ရတာက သပ်သပ်၊ ချစ်သူတို့သဘာဝနှစ်ယောက်ထဲ ရှေ့လက်တွဲ၍ လျှောက်လည်ချင်တာက သပ်သပ်။

ထို့ကြောင့် အခါအခွင့်သင့်တိုင်း သူနှင့်မုခ အပြင်ထွက်လျှောက်လည်တတ်ကြ၏။ ရုပ်ရှင်သွားကြည့်တာမျိုး၊ ဈေးပွဲတော်သွားတတ်တာမျိုး စသဖြင့်ပေါ့။

ဒါကို ဒေါ်ခင်အေးဟန်ကိုယ်တိုင်လည်း ကြည်ဖြူခွင့်ပြုထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ ကောင်းပင်ကောင်းရက်နှင့် ဒုတိယနှစ်စာမေးပွဲ ဖြေအပြီးတစ်ရက်တွင် ထုံးစံအတိုင်း မုခနှင့်သီလ အပြင်ထွက် လျှောက်လည်ကြ၏။

ထိုနေ့က အိမ်က စထွက်ကတည်းကိုက နေအတော်မြင့်နေပြီ။ သွားဖြစ်လိုက်တာလည်း သုံးဆယ်မြို့က ဆရာတော်ဘုရားကြီးဖူးဖို့ သွားတာ။

ဟိုရောက်တော့ ဆရာတော်ဘုရားကြီးဖူးရတာ ဘာမျှမကြာ။ အသွားအပြန်ခရီးအချိန်က ကြာသွားသည်။ ဒါ့အပြင် အပြန်ကျတော့ သုံးဆယ်မြို့စထွက်ကတည်းက မိုးရွာလာပြီး လေပါပြင်းလာသည်။ လမ်းဘေးသစ်ပင်တွေ လမ်းမပေါ် ကျိုးကျတဲ့ အထိဖြစ်လာ၏။ ထို့ကြောင့် ကားက ရှေ့ဆက်မောင်းဖို့ ခက်နေသည်။

သို့နှင့် နားလိုက်၊ မောင်းလိုက်၊ အခြေအနေကြည့်လိုက်ဖြင့် ရန်ကုန်ရောက်တော့ မိုးချုပ်စပြုနေပြီ။ ဒီကြားထဲ ကားပေါ် က ဆင်းပြန်တော့လည်း မိုးတွေဝေါခနဲရွာချလာ၍ ဟိုဆိုင် ဒီဆိုင်ဝင်ခိုနားရ၏။

နောက်ဆုံး မုခ အိမ်ပြန်ရောက်တော့ အပြင်က လေပြင်းမိုးထက် ဒေါ်ခင်အေးဟန်၏ မျက်နှာတိုင်းက ပိုပြင်းထန်ကာ လိမ္မော်ရောင်အဆင့်သို့ ရောက်နေပေပြီ။

"မုခ"

"ရှင်"

"ညည်းကိုယ်ညည်း ဘာထင်နေလဲ"

"ဟို လူ လူလို့ပဲထင်ပါတယ် မေမေ"

"အေး၊ လူက ယောကျ်ားလေးမဟုတ်ဘူး၊ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com


အလျှော့ပေးလို့ ကမ်းတက်တယ်ပေါ့၊ ဒီအချိန်ထိနေရအောင် မိဘကို မခန့်လေးစားနဲ့"

"မဟုတ်ဖူး မေမေ၊ တမင်နေတာမဟုတ်ဖူး၊ မီး ရှင်းပြ"

"တော် . . . တိတ်"

ဒေါ်ခင်အေးဟန်က လိပ်ပြာလွင့်မတတ်အော်လိုက်၏။

သီလနှင့်မုခ ဇက်ပုသွားသည်။ ဦးသောင်းတင်ကတော့ ဘာမှဝင်မပြော။ ဗီတိုအာဏာကို ဒေါ်ခင်အေးဟန်အား အကုန်လွှဲအပ်ထားပုံရသည်။

"ဒီမှာ မောင်သီလ"

"ခင်ဗျာ"

"မင်းကရော ဘာအချိုးလဲ"

"ဗျာ . . . ဟို . . . ဟို"

"အခု ဘယ်လိုလုပ်မှာလဲ"

"ခင်ဗျာ"

အဖြစ်က တကယ့်ကို အူကြောင်ကြောင်နှင့်ဘာပြောရမှန်းမသိ။ ဦးသောင်းတင်က . . .

"အေးဟန်ရာ၊ ကွေ့ဝိုက်မနေနဲ့ ပြောစရှိတာ ရှင်းရှင်းနဲ့ တဲ့တဲ့ပြောလိုက်"

"တော် အသာနေပါ"

သီလမှာ ဘာမှန်းကိုမသိ။ နားမလည်တော့ပေ။

"ဟို . . . မုခကို ကျွန်တော် မှဲ့တစ်ပေါက်မစွန်းဘဲ အိမ်တိုင်ရာရောက် ပြန်ပို့ပြီးပြီလေ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

မုခက ညည်းသည်။ ဒေါ်ခင်အေးဟန်က . . .

"မိကောင်းဖခင်သားသမီး မိုးချုပ်သန်းခေါင်ခေါ်သွားပြီးမှ ဒီလို ဖုတ်ဖက်ခါပြန်လာထားလို့ရမလား"

"ဒါ ဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ ဟုတ်လား၊ မင်း မုခကို ယူရမှာပေါ့ဟဲ့"

"ဗျာ ဟို ကျွန်တော်တို့ ဘာမှဖြစ်ကြတာလဲ မဟုတ်ဘဲနဲ့"

"ဩြေ- င်းက မယူနိုင်ဘူးဆိုတဲ့သဘောလား"

အံ့သြစရာအဖြစ်ပါပဲ။ သူလိုကောင်က မုခလို ချစ်သူလေးကို ငြင်းစရာလား။ အားနာလို့ သူတို့အတွက်ပြောတဲ့ဥစ္စာ။

"မေမေကလည်း"

"ညည်းပါးစပ်ပိတ်ထားစမ်း မုခ"

သူနှင့်မုခ တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ ပြီးတော့ မုခက မသိမသာခေါင်းညိတ်ပြ၏။ သူ့ သဘော ပေါက်ပြီ။

"ကျွန်တော် မုခကို အမြန်ဆုံး လက်ထပ်ပါ့မယ်"

ဤသို့ဤပုံဖြင့် သီလ၏ အချစ်ရေး၊ အိမ်ထောင်ရေးက အလွန်ပင် လွယ်ကူချောမွေ့ခဲ့ပါ၏။ ဒါက လက်ရှိအချိန်ထိကို ပြောတာ။ ချစ်သူတွေအတွက် မြန်မြန်အတူနေခွင့်ရတာ နည်းတဲ့ ကုသိုလ်တရားလား။

"ကျေးဇူးကြီးပါပေ့ ယောက္ခမကြီးရယ်"

သီလစိတ်ထဲ အားပါးတရ ရေရွတ်မိလေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟယ် . . . ပြည်သိန်းတန်"

"အာလူး"

အာလူးကို တွေ့လိုက်ရ၍ အက်စ်သာနှင့်ဆုက ဝမ်းသာအားရ အော်သည်။ သွေးက မျက်မှောင်ကုတ်ကြည့်၏။

"ဘယ်လိုဖြစ်တာလဲ' ပြောပါဦး"

"နင် တော်တော်နေနိုင်တာပဲ"

"ပြောပေတော့ဗျာ"

အာလူးက မျက်နှာငယ်လေးနှင့်ပြောသည်။ သွေးက . . .

"ဘယ်လိုဖြစ်တာလဲ' ဟိုညီအစ်ကို ကျောင်းထွက်လိုက်တာ ငါတို့ သိပြီးပြီ၊ နင်ကရော"

"ငါလည်း အဝေးသင်ပြောင်းမလို့၊ အင်းလေ ငါတို့



www.burmeseclassic.com

www.burmeseclassic.com


သုံးယောက်စလုံးဆိုပါတော့"

"အဲ့ဒါ ဘာစတိုင်လဲ"

"အကြီးကောင်သီလက ရုတ်တရက် အိမ်ထောင်ပြုလိုက်လို့ ငါကတော့ အိမ်က စီးပွားရေးအခြေအနေကြောင့် အလုပ်ပေးတဲ့သူရှိတာနဲ့"

"တစ်ယောက်ကရော"

"မသိဘူး"

"ဟယ် . . . မဖြစ်နိုင်တာ"

"ပြည်သိန်းတန်ရယ်၊ လုပ်မနေစမ်းပါနဲ့"

"အေးလေ၊ အချင်းချင်းတွေ ဗိုင်လျှိုနေတယ်"

"တကယ်မသိတာပါဟာ၊ အခု သီဟ သူ့အိမ်မှာမရှိဘူး"

"ဟယ် . . . ဘာဖြစ်လို့"

"နှင်ချခံထားရတာ"

"ဟော တော်"

"သူ ဘာလုပ်လို့လဲ"

"အဲ့ဒါ သီဟကိုယ်တိုင်ပြောပြမှပဲ သိမှာပဲ"

"မဟုတ်သေးပါဘူး"

"မနေ့သီဟဖင်နှစ်ခွက လိမ္မာပါတယ်"

"အိမ်ပေါ်က နှင်ချခံရတဲ့အထိ အပြစ်လုပ်မယ့်သူမျိုး မဟုတ်ဘူး"

"ဆန်းတယ်"

သူတို့အားလုံး စဉ်းစားမရဖြစ်နေကြသည်။ အာလူးက

"အဲ့ဒီကောင် သွေးကို ပေးဖို့ရေးထားတဲ့ ရည်းစားစာ


www.burmeseclassic.com

www.burmeseclassic.com


ခိုးလာတယ်၊ ကိစ္စတွေ အခုလို ကမောက်ကမဖြစ်သွားတာနဲ့ သူ သွေးကို မပေးဖြစ်တာနေမှာ၊ ရော့"

သွေးက မဝံ့မရဲနှင့်ချီတုံချတုံဖြစ်နေသည်။ ပြီးမှ

"ကာကယ်ရှင်မပေးတဲ့ဟာ ငါ ယူစရာအကြောင်းမရှိဘူး ထင်တယ်"

"သူက အခု ဒုက္ခဖြစ်နေတာလေ သွေးရဲ့ သီဟာအကြောင်း ငါ ကောင်းကောင်းသိတယ်၊ သူ နင့်ကို ပေါ့ပေါ့တန်တန်သဘော ထားတာမဟုတ်ဖူး၊ ပြီးတော့ သူဖြစ်နေတဲ့ ပြဿနာကို ရှင်းမပြဘူး၊ သူက သူမှန်နေရင် အဲသလိုပဲ"

"ဘာဆိုင်လဲ'"

"ဘာပဲဖြစ်ဖြစ်ဟာ ကြားက ငါ အောင်သွယ်တယ်လို့ သဘောထားချင်ထား၊ သီဟာရဲ့တစ်ခုတည်းသော အမှတ်တရ ပစ္စည်းလို့ပဲဆိုဆို ယူထားလိုက်ပါ"

"ဟုတ်သားပဲ သွေး"

"ဒုက္ခရောက်နေတယ်ဆိုတဲ့သူကို ငါတို့ မပစ်ပယ်သင့်ဘူး သွေး၊ ပြီးတော့ နင်လည်း သူ့အပေါ် မချစ်တောင် ဘော်ဒါကဏ္ဍ သံယောဇဉ်ရှိတာပဲ"

"ဒါပေမယ့် သီဟာကိုယ်တိုင်ကရော ဘော်ဒါကဏ္ဍသဘော ထားလို့လား၊ ငါတို့ကို အကျိုးအကြောင်းတော့ ပြောပြသင့်တာပေါ့။ ခုလို သစ်စိမ်းချိုးချိုးပြီး ရှောင်ပြေးပုန်းသွားစရာလား"

"မဟုတ်ဖူး သွေး၊ သီဟာက အခု ဘယ်သူ့ကိုမှ ဘာမှ မပြောပြနိုင်လောက်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတာ၊ ငါ မပြော သည်း တစ်နေ့ နင်တို့သိမှာပါ"


www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ငါတို့ ဒီလောက်ခင်မင်ရင်းနှီးကြတာ သူများပြောမှ သိရမှာလား၊ အခု နင်ပြောလိုက်ပါလား"

"ဟုတ်တယ်"

"ပြော အာလူး"

"ပြောရခက်တဲ့စကားမို့ ပြောမထွက်လို့ပါဟာ"

အာလူးက စိတ်ရှုပ်စွာခေါင်းကို တဖျင်းဖျင်းကုတ်သည်။ အာလူးပြောရခက်မယ်ဆိုလည်း ခက်စရာ။ သူ့ကို အလုပ်ရအောင် လုပ်ပေးသူက သီဟအဖေဦးအောင်ဇေယျ။

ဦးအောင်ဇေယျက အာလူးကိုအလုပ်ရအောင် စီစဉ်ပေးပြီး သီလ၊ သီဟတို့နှင့်အတူ တစ်ကျောင်းထဲ တစ်မေဂျာထဲမို့ ကျောင်းဝန်းကျင်မှ သူ့ကိုပါ ဆွဲထုတ်ခြင်းလည်း ဖြစ်သည်။

"သီဟ အချုပ်ခံရမလားတောင်မသိဘူး"

"ဟင်'"

"ဟယ်"

"ဘယ်လို"

"အပြစ်မရှိလို့ ဖြေရှင်းပြီးသွားရင်တောင် နာမည်ပျက်နဲ့ အမဲစက်စွန်းထင်းခံရမှာ"

"ဘာတွေ ဘယ်လိုများဖြစ်ကုန်ရတာလဲဟယ်"

"ဖြစ်သွားတာက ဒီလိုဟာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

မုခတစ်ယောက် ယောက်ျားရမှ နားအေးပါးအေးကို မနေရ။ ယခုလည်းကြည့်။ မိခင်ဖြစ်သူဒေါ်ခင်အေးဟန်က သီလကို တဖျစ်တောက်တောက်နှင့်ပြောနေတာ တစ်မနက်ခင်းလုံးမပြီးနိုင် မစီးနိုင်ပေ။

"မုခတစ်ယောက်ထဲတုန်းကတောင် သူ့အဝတ်တွေ သိမ်းလို့မနိုင်တာ အခု နင့်အဝတ်တွေပါ လိုက်သိမ်းနေရတယ်၊ အခု အားနေတာ တစ်ခါတည်း လျှော်"

သီလက ဘာမှပြန်ပြောမနေပါ။ ကောက်ယူသိမ်းလိုက်သည်။ ပြီးရင် မုခ လျှော်လိမ့်မည်။ မုခက သူ့မိန်းမပဲ။

"မုခ . . . မနက်က စားထားတဲ့ ပန်းကန်တွေ ဆေးလိုက်ဦး နင့်အမေ အော်နေမယ်"

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မုခလည်း နားပူတာမခံနိုင်၍ ကျောပူခံလိုက်သည်။ မုခ ပန်းကန်တွေ သွားဆေးတာမြင်တော့ ဒေါ်ခင်အေးဟန်က

"ဟင်း ဟင်း၊ တစ်သက်လုံး သူများအပေါ်၊ မိဘအပေါ် ဆရာလုပ်၊ ခိုင်းစားလာတဲ့မိန်းမက အခုတော့ သူ့ကို ဆရာလုပ်ခိုင်း စားတဲ့ယောက်ျားနဲ့တွေ့နေပြီလေ၊ ဟင်း ဟင်း"

"မေကလည်း"

အဲဒါသာကြည့်၊ မလုပ်လည်းတစ်မျိုး၊ လုပ်လည်းနားမအေး နဲ့။ ဘာမှန်းကိုမသိ။

"အိမ်ထောင်ကျပြီးမှတော့ ကျောင်းလည်း အဝေးသင်သာ ပြောင်းလိုက်၊ ကြားလား သီလ"

"ဟုတ်"

"အပြင်အလုပ်မလုပ်ဖြစ်သေးလို့ အားနေလည်း အိမ် အလုပ် နိုင်သမျှကူလုပ်၊ ကြားလား သီလ"

"ကြားပါတယ်ခင်ဗျ"

"ဘာလဲ! မင်းက ငါ့ကို ရွဲ့ပြောတာလား"

"မေမေ"

"ညည်း ဝင်မပြောနဲ့ မုခ"

မုခ အတော့်ကို စိတ်ပျက်သည်။ ဒီလိုမှန်းသိ ဘာဖြစ်ဖြစ် သီလကို ယူကိုမယူခဲ့ပါ။ မယူခင်ကတော့ ဒေါ်ခင်အေးဟန်နှင့် သီလက အလွန်အမင်း ချစ်ခင်သင့်မြတ်ကြသည်။ သားလေး သားလေးနှင့်အလွန်တဲ့ကြတာမို့ အဟုတ်မှတ်ပြီး ယူလိုက်မိပါသည်။ အခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"သီလ"

"ဘာလဲ မုခ"

"နင် ရရာအလုပ်တစ်ခု အမြန်ဝင်လုပ်ပြီး အိမ်က ထွက်ရအောင် ကြိုးစား"

"အေးပါဟာ"

"အေးမနေနဲ့၊ ငါ့မှာ ကျောင်းသွားရတာ စိတ်ကို မဖြောင့်ဘူး၊ အဟုတ်"

"ဖြောင့်ဖြောင့်သာသွားပါဟာ၊ ယောက္ခမနဲ့ နပမ်းလုံးသတ်တဲ့သမက်မကြားဖူးသေးဘူးမဟုတ်လား"

"အေး၊ အခု ကြားဖူးမှာစိုးလို့ဟေ့ သီလား"

"နင်ကလည်း မုခရာ၊ ငါ နေတတ်ပါတယ်၊ ငါ့ဖာသာ ခလိမ္မာချင်နေမယ်၊ နင် စိတ်ဆင်းရဲအောင်တော့ မလုပ်ဘူး"

"ဩော . . . ကိုယ့်ယောက်ျား အရက်သောက် ဖဲရိုက်နေမှတော့ ဘယ်သူက စိတ်ချမ်းသာမလဲ"

"နည်းနည်းပါးပါးပါ"

"အဲဒီက စတာ"

သီလကလည်း ယုံရတာမဟုတ်။ ပြန်မပြောပေမယ့် နားထောင်ဘဲ လုပ်ချင်ရာလုပ်သည်။ ဒါကြောင့်လည်း သီလဖခင်ဦးသောင်းတင်က . . .

"ခမည်းခမက်နဲ့သမီးကို အားနာလို့သာ ကျွန်တော့်စိတ်ရှိတဲ့အတိုင်းဆို ဒီကောင့်ကို ပစ်ထားတယ်၊ ပြန်မပြော နားမထောင်ဘူး ဘယ့်နှယ် သားနှစ်ယောက်ရှိပါတယ်၊ တစ်ယောက်တစ်မျိုးနဲ့ ထောင်းပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သီလဖခင်က ကျေနပ်တာမဟုတ် ကျောင်းတစ်ဝက်တစ်ပျက်နှင့်မိန်းမက ယူလိုက်သေးသည်။ အလု အကိုင်ကမရှိ။

"နင့်ညီသီဟရော ဘယ်လိုလဲ' သူကလိမ္မာတယ်၊ စာသ ပေသမားဆို၊ သူ့ပြဿနာ ပြီးသွားပြီလား"

"အလကားပါဟာ၊ အဲ့ဒီကောင်ကလည်း မြုံစိစိနဲ့ ဘာ ပွင့်ပွင့်လင်းလင်းမပြောဘူး၊ အခု သူက ဖေဖေ့ကို ပြန်စိတ်ဆိုး တယ်"

"ဟယ် . . . မိဘနဲ့သားသမီး"

"ဒီကောင်က သူမှန်ရင် မရဘူး၊ ဖြစ်သွားတဲ့ကိစ္စ မမှားတာသေချာတယ်၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

"အဲ့ဒါ သီဟ ရှင်းပြရမှာပေါ့"

"သူ ရှင်းမပြခင် ဖေဖေက အရင်စိတ်ဆိုးလိုက်တာ အဲဒါ သူက ဖေဖေ့ကို ကိုယ်မွေးထားတဲ့သားသမီးအကြောင်း မသ ဘူးလား၊ ဒီလောက်ထိ အယုံအကြည်မရှိဘူးလားဆိုပြီး ကော သွားတာ"

"ဟယ် . . . ဒုက္ခပါပဲ"

"မိဘနဲ့သားသမီး အချိန်တန် ပြေလည်သွားလိမ့်မ သမက်နဲ့ယောက္ခမလည်း အချိန်တန်ပြေလည်သွားလိမ့်မယ် ဟဲ

"ဟင်း ဟင်း၊ ဟုတ်တယ်နော်၊ ငါနဲ့မယူခင်က နင်နဲ့မေ က အဆင်ပြေရဲ့သားနဲ့ ခုမှ"

"အဲ့ဒါ သားတစ်ယောက်လို သဘောထားပြီး သမက်ဖြစ်သွားတော့ မတဲ့တော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com


"အံ့ဩပါရဲ့နော်၊ သမက်ကမှ အချိန်တန် သူ့သမီး ရွာကျွေးမှာ၊ သားက သူများသမီးရွာကျွေးမယ့်ဥစ္စာ၊ သမက်ကို [illegible]အောင် ပေါင်းသင့်တယ်"

"ခစ်"

♦ ♦ ♦


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

"ပရံပရ ဘဝအဆက်ဆက်က ချဖူးသောရေစက်၊ ပန္နက်ဖူးသော သစ္စာကြောင့် မေတ္တာစကား ချစ်နှုမထံ ပါးလိုက်ရပါသည်"

သီဟနှင့်ပတ်သက်၍ အမှတ်ရစရာဆိုလို့ ဤချစ်ခွင့်ပန် သဝဏ်လွှာစာလေးတစ်စောင်သာရှိသည်။ သွေးက သီဟစာကို ပြန်ဖတ်ကြည့်ရင်း ပြုံးမိ၏။ စကားတစ်ခွန်းကို ဘယ်တော့မှ ရိုးရိုး မပြောတတ်သော သီဟ။ အခုလည်း စာကို ရှေးတုန်းကလို ရေး ထားသည်။

"သတင်းတွေကတော့ ဟိုနေရာ ဒီနေရာက ကြားနေရ တာပဲ"

ဆုပြောနေသော သတင်းဆိုတာ သီဟရဲ့သတင်းမှန်းသွေး ရော အက်စ်သာပါ သဘောပေါက်၏။ အက်စ်သာက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကြားရ ကြားရ နားဝမှာမသက်သာ"

သီဟာသတင်းတွေကြားရတာ သတင်းကောင်းတော့မဟုတ်။ အင်မတန်ဆိုးရွားလှသည်။ ယုံနိုင်စရာမရှိပေမယ့် သတင်းစာတော့ အဲဒီအတိုင်းပြောနေကြ၏။

"သီဟာက အဲသလိုလူမျိုးမဟုတ်ပါဘူး"

"လူငယ်ယောက်ျားလေးတွေက အတွေ့အကြုံအသစ်အဆန်းတွေဆို လက်တဲ့စမ်းတတ်ကြတယ်လို့ ကြားဖူးတယ်နော့"

"ဒါဆို ကြားရတဲ့အကြောင်းအရာတွေကို နင်က အမှန်တွေလို့ ပြောချင်တာလား အက်စ်သာ"

"ဒါတော့ ကာယကံရှင်ပဲ အသိဆုံးဖြစ်လိမ့်မယ်၊ ကာယကံရှင်ကို ဘာမှမေးခွင့်မရတာခက်တယ်၊ တွေ့ဆုံခွင့်မကြုံ ရှောင်ခွာထွက်ပြေးသွားမှတော့ ဘာလုပ်လို့ရမှာလဲ"

"ဟုတ်လို့ထင်တယ်"

"သီဟာရဲ့စိတ်ဓာတ်နဲ့အတွေးအခေါ် ထူးခြားတာ နင်တို့သတိထားမိတယ်မဟုတ်လား သွေးနဲ့ဆု"

"သတိတော့ ထားမိတယ်"

ဆုကပဲ ဖြေသည်။

"အေးလေ၊ ဒါမျိုးက ပညာရှိချင်းမှ နားလည်တာ"

"အရေးထဲ အက်စ်သာရယ်"

"ငါတော့ သီဟာကို တစ်နေ့နေ့တွေ့အောင်ရှာပြီး မျက်နှာချင်းဆိုင်မေးချင်သေးတယ်၊ နင်ရော သွေး"

"တော်ပါ အက်စ်သာရယ်၊ ရှောင်ထွက်သွားကတည်းက အကြောင်းရှိလို့မဟုတ်လား၊ မိန်းမစျေးကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ နင့်စိတ် နင့်နှလုံးသားက သူနဲ့ပတ်သက်ပြီး ဖြတ်တယ်ဆိုလည်း ပြီးတာပဲ သွေး၊ ငါက ခန့်သီဟကို ယောကျ်ား ကောင်းတစ်ယောက်လို့မြင်တယ်၊ မီးခဲပြာဖုံးနေတာ"

"ပြောမနေနဲ့တော့ အက်စ်သာ၊ သွေးရဲ့နှလုံးသားကလည်း မီးခဲပြာဖုံးနေတာ၊ ဝိုင်းဝိုင်းလည်နေတဲ့ ရွှေမင်းသမီး၊ ခေါင်းခေါက် ရွှေးဖို့တောင်ခက်နေတော့ ရင်ခုန်တာတွေ၊ ချစ်တာတွေ၊ သာယာ တာတွေ ရောထွေးနေတယ်၊ အချိန်တန် ပေါ်လာလိမ့်မယ်"

သွေးက နှုတ်ခမ်းကို လှုလှုပပမဲ့သည်။ ယခုကိစ္စက ချစ်ဖူး သူတစ်ယောက်ကပြောလျှင် လက်ခံနိုင်သေး၏။ ရည်းစားမရှိသေး တဲ့ သူငယ်ချင်းအချင်းချင်းတွေကပြောတာမို့ ရယ်စရာကောင်း သည်။

သို့သော် ဒါက လက်တလောအချိန်တုန်းက ပြောခဲ့ခြင်းဖြစ် သည်။ ကျောင်းတက်ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လာသော အခါ ခံစားချက်က ပြောင်းလာ၏။

တစ်နေ့တစ်နေ့ ကျောင်းတက်ရတာ တစ်ခုခု လိုနေသလို ခံစားရသည်။ အလှအသီးသီးမှ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ချည်းကပ် လာသော ပုရိသအပေါင်းကို လှုလှုပပကစားပြမည့်ကျုံးဝါးချက်ကို လည်း စိတ်မပါတော့။ စာသင်ဏ်လှာတွေ၊ ပန်းခြင်းတွေ၊ ချစ်ခွန်း ချွေစကားတွေကြား [illegible]ပ်ရှုပ်လာသည်။

သွေးစိတ်ထဲ [illegible]ည်သူ့ကိုမျှ ချစ်ရတာအဆင်ပြေမည်မထင်။

အချိန်[illegible]တွေက [illegible]ထားရှိမရသောအရာမို့ ကုန်လွန်တာမြန် သည်။ ကျောင်းတော်[illegible]ႈနှင့်နှုတ်ဆက်ခွဲခွာရမည့်ရက်တွေ တဖြည်း ဖြည်းနီး၍ လာပေ[illegible]။



www.burmeseclassic.com

www.burmeseclassic.com


"မပျော်ဘူးဟာ . . . လွမ်းတယ်"

"ပလုတ်တုတ်"

"ဗုဒ္ဓေါ"

အဆက်အစပ်မရှိ ပြောလာသော သွေးရဲ့စကားကြောင့် အက်စ်သာနှင့်ဆု အလန့်တကြားဖြစ်သွား၏။

"ငါ့နှလုံးသားမှာ ဖုံးနေတဲ့ပြာတွေ မရှိတော့ဘူး၊ လွင့်သွားတုန်ပြီ"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

"သီဟလည်း နင့်ကို သတိရတမ်းတနေမှာ သေချာတယ်"

"ဒါပေမယ့် . . . နင်တို့ကို ငါ တစ်ခုမေးမယ်"

"အင်း"

"မေး . . . ဘာလဲ"

"ဒီလိုဟာ . . . အားလုံးက ငါ့ကို ရွှေမင်းသမီးလို့ သတ်မှတ်ကြတယ်၊ အဲ့သလို ရွှေမင်းသမီးဆိုတဲ့ ငါဟာ မူးယစ်ဆေးဝါးလည်း သုံးစွဲတဲ့၊ ပြီးတော့ ယဉ်ယဉ်ကျေးကျေးပြောရရင် မိန်းမရှင်ဒါမှမဟုတ် ပြည့်တန်ဆာတွေနဲ့အတူတွဲပြီး ဖမ်းမိခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို လက်တွဲလိုက်မယ်ဆိုရင်"

"မိသားစုက အကြီးအကျယ်ကန့်ကွက်မယ်၊ စိတ်ဆိုးဒေါသထွက်မယ်၊ ပတ်ဝန်းကျင်က ကဲ့ရဲ့ပြစ်တင်ရှုတ်ချကြမယ်၊ ဟားတိုက်ရယ်မောလက်ညှိုးငေါက်ငေါက်ထိုးကြလိမ့်မယ်"

"ကဲပါ၊ အဲ့ဒီအထိ မစဉ်းစားကြပါနဲ့ဦး၊ အမှန်တရားကို အချိန်က သက်သေပြသွားပါလိမ့်မယ်၊ သီဟ အဲ့ဒီကိစ္စဖြစ်တဲ့ အကြောင်းတစ်ခုခုကြောင့်ဖြစ်ယိုပ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ဆုပြောသလိုသာ ဖြစ်ပါစေဟု သွေး ဆုတောင်းမိ၏။

♦ ♦ ♦

ဤသို့ဖြင့် နှစ်နှစ်ဆိုသောအချိန်မှာ တစ်ခဏလေးဟု ထင်ရလောက်အောင် လျင်မြန်စွာ ကုန်သွား၏။

သွေးသည် ကျောင်းပြင်ပရောက်တော့လည်း သီဟကို ရောက်လေရာ ရှာဖွေကြည့်မိသည်။

"အခု နင့်ကို ပြန်ချစ်ဖို့ အဆင်ပြေလိမ့်မယ်ထင်တယ် ခန့်သီဟ၊ ဒါမှမဟုတ် မနုသီဟဖင်နှစ်ခွ၊ ဒါမှမဟုတ် ခွေးသီဟ"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

သီဟတစ်ယောက် ကျောင်းပိတ်ရက်တွေရောက်လေတိုင်း ချစ်သူနှင့်ဝေး၍ အလွမ်းဝေဒနာကို နေ့စဉ်နှင့်အမျှ ခံစားရသည်။ အဲသလို မခံစားရအောင် ချစ်သူနှင့်ရင်းနှီးမှုရယူပြီး မကြာခဏ တွေ့ခွင့်ရဖို့ ကြိုးစားသင့်မှန်းသိ၏။

သို့သော် သူချစ်မိသော ချစ်သူသည် ပျားပိတုန်းတို့ ဝိုင်းဝိုင်းလည်နေသော ပန်းတကာတို့၏ဘုရင်အလှထိပ်ခေါင်တင်ရွှေမင်းသမီးဖြစ်သည်။

ဒီတော့ ချစ်သူ'သွေး'ထံမှ ခင်မင်မှုနှင့်တုန့်ပြန်မေတ္တာရဖို့က သိပ်မလွယ်။ အချိန်ယူရမည်။ ယုံကြည်မှုယူရမည်။ စိတ်ရှည်ရမည်။ သည်းခံရမည်။

"ဒီနေရာလည်း မင်းတို့ညီအစ်ကိုနှစ်ယောက်က ရွှေခြား



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်ပြီ၊ သီလကတော့ ခုမြင်၊ ခုကြိုက်၊ ခုလိုက် ပြီးတာပဲ"

အာလူးက သူ့ကို အားမလိုအားမရပြော၏။ သူက . . .

"သီလနဲ့ငါက မတူဘူး၊ အဲသလိုပဲ မုခနဲ့သွေးကလည်း မတူဘူးဟ အာလူးရ"

"လုပ်နေ၊ လက်သွက်တဲ့သူနောက်ပါသွားဦးမယ်"

"လက်သွက်တဲ့သူနောက်ပါရအောင် သွေးက အရွေးချယ်ခံကုန်ပစ္စည်းမှမဟုတ်တာ"

သီဟက ကိုယ့်ခံစားချက်နှင့်ကိုယ် စိတ်ကူးယဉ်နေသူမို့ ကျောင်းပိတ်ရက်၊ သွေးနှင့်မတွေ့ရတဲ့အချိန်တွေဆို ဒီလိုပဲ လွမ်းတနေတတ်သည်။

တတိယနှစ်ကျောင်းတက်လျှင် သွေးကို ချစ်ခွင့်ပန်ပြီး သွေးအချစ်ကိုရအောင်ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချထား၏။ ထိုအတွေးကြောင့် ဒုတိယနှစ်စာမေးပွဲဖြေပြီး ကျောင်းပိတ်ရက်တွင် တက်ကြွနေခဲ့သည်။

ယခုလည်း ကျောင်းပိတ်ရက်ဆိုပေမယ့် သီလနှင့်အာလူးကို မတွေ့ရတာများသည်။ သူတို့နှစ်ယောက်ကို ထိုသို့ ဖမ်းရခက်၍ သီဟက GTC တက်နေသော စိုးဦးတို့၊ ဆန်းမင်းထွန်းတို့ရှိရာ ခြေဦးလှည့်သည်။ လူငယ်ဘာဝ သူ့ကျောင်းကအကြောင်း၊ ကိုယ့်ကျောင်းကအကြောင်းတွေ ပြောဖြစ်ကြ၏။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အတွေ့အကြုံတွေ ပြောရတာ ပျော်စရာတစ်မျိုးဖြစ်သည်။

"ဦးပုဆိုင်က လက်ဖက်ရည်တော့ကောင်းပါရဲ့ကွာ၊ စုတ်ပြတ်သပ်ပြီး နေရာကကျဉ်းတယ်၊ ပြီးတော့ မျက်စိအစာကျွေးစရာ အာဟာရနည်းတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com


စိုးဦးက ပြောသည်။ ဆန်းမင်းထွန်းက . . .

"မြောင်းပုပ်ကြောင့် ခြင်ကပေါသေး"

ဒါတော့ သီဟလည်း ထောက်ခံသည်။ သူ့မှာ ခြင်တွေ အကိုက်ခံရလွန်း၍ အဖုအပိန့်တွေနှင့်ကုပ်ပဲကုပ်နေရ၏။ ခြင်နှင့် သူက ဘဝဘဝပေါင်းများစွာတုန်းက မည်သို့သော ရန်ငြိုးတွေရှိခဲ့မှန်း မသိ။ ဘယ်မှာနေနေ သူ့ကိုဆို ပိုကိုက်သည်ဟု ထင်သည်။

ထို့ကြောင့် သီဟက ခြင်ဆို အရမ်းမုန်း၏။ သို့သော် သတ်တာတော့ မသတ်တော့ပေ။ ဒီဘဝမှာ အဲဒီရန်ငြိုးတွေကို အပြတ်ဖြတ်ပေးလိုက်မည်ဟု ဆုံးဖြတ်ထား၍ ဖြစ်သည်။

သီဟအတွေးကိုသာ သီလနှင့်အာလူးသိလျှင် ခပ်ကြောင်ကြောင်နှင့်ဂွကျပြန်ပြီဟု ပြောကြလိမ့်ဦးမည်။

ယခုတော့ အဆင်ပြေသွားပါပြီ။ ဦးပုဆိုင်ကို ကျော်ခိုင်း၍ နေရာကျယ်ဝန်းပြီး မျက်စိအစာဝဝကျွေးနိုင်သော လမ်းသစ်က 'နွေဦးကဗျာ' ဆိုင်သစ်ကို ပြောင်းထိုင်ဖြစ်ကြသည်။

အဲဒီမှာပဲ ပြဿနာရဲ့အစဖြစ်၏။ ထိုနေ့က စိုးဦးတို့နှင့် လမ်းခွဲပြီးပြန်လာတော့ မိုးတွေက ညာသံပေး၍ ထစ်ချုန်းလာသည်။ ယောကျ်ားလေးတစ်ယောက်အတွက် မိုးမိတာအဆန်းမဟုတ်၍ မိုးခိုဖို့လည်း စိတ်ကူးမရှိပါ။

သို့သော် . . . မိုးခိုဖြစ်ဖို့အကြောင်းက ဖန်လာ၏။

"ဟဲ့ . . . နင်၊ ခန့်သီဟမဟုတ်လား"

နှုတ်ဆက်လာသူက သူနှင့်ရွယ်တူကောင်မလေး။

"ဩော်၊ နင် စန္ဒီ"

စန္ဒီဆိုတာ အလယ်တန်းကတည်းက အတန်းတူလိုက်၊


www.burmeseclassic.com

www.burmeseclassic.com



မတွေ့လိုက်ဖြင့် ဆယ်တန်းထိ တစ်ကျောင်းတည်းနေခဲ့ဖူးသည်။ ဆယ်တန်းမှာ စန္ဒီက ကျခဲ့ပြီး ခုထိ အောင်လားမအောင်လားမသိ။

စန္ဒီနှင့်က သူငယ်ချင်းလို ပေါင်းသင်းပြီး အရမ်းခင်မင်ခဲ့ကြသူများ မဟုတ်ပေမယ့် နှစ်များစွာ တစ်ကျောင်းတည်း သိမြင်ရင်းနှီးကြသူတွေ။

"ငါက ဒီအပေါ်မှာနေတာ၊ နင့်ကို အရင်က မတွေ့ပါဘူး ခန့်သီဟ၊ နင်တို့ ဘယ်မှာနေတာလဲ"

"ငါတို့က ဟိုးဘက်ရပ်ကွက်မှာ၊ ဒီဘက်က သူငယ်ချင်းဆီလာတာ"

"ဒါဆို အိမ်ပေါ်တက်ဦးလေ၊ မိုးတွေရွာတော့မယ်၊ ထီးယူသွား၊ နောက်နေ့မှ ဝင်ပေးပေါ့"

"ရပါတယ်ဟာ . . . ငါ အဲဒီလောက်ကြီး မနုပါဘူး"

တကယ်တမ်းကျ စန္ဒီတို့အိမ်ပေါ်ထိတက်ပြီး ထီးတွေဘာတွေ ငှါးရလောက်အောင်ထိ ခင်မင်ရင်းနှီးကြတာလည်းမဟုတ်။

"အေးပါ၊ ကိုမာနမင်းသားရယ်"

စန္ဒီကလည်း အတင်း မဖိတ်ခေါ်ပါ။

သို့သော် ကံကြမ္မာက သီဟကို အလွတ်မပေးပေ။ အကုသိုလ်အကျိုးပေးချိန်တန်၍လားမသိ။ ဆွမ်းခံရင်း ငှက်သင့်ရတဲ့ အဖြစ်မျိုးနှင့်တဲ့တဲ့တိုးလေ၏။

"စန္ဒီ၊ စန္ဒီ"

"ဟဲ့ . . . မျိုးမျိုး၊ ဘာဖြစ်လာတာလဲ"

ကောင်မလေးတစ်ယောက် **Taxi** ပေါ်က ဒယီးဒယိုင်ဆင်းလာရင်း သူတို့အနားရောက်တော့ ပျော့ခွေနေသည်။



www.burmeseclassic.com

www.burmeseclassic.com


"အား . . . ငါ့ကို အိမ်ပေါ်တွဲခေါ်စမ်းပါ"

"ဟောတော်၊ ငါ့မှာပစ္စည်းတွေမနိုင်လို့ နားနေတာ၊ နေဦး၊ နင့်ကို အရင်ပို့ပေးမယ်၊ ပြီးမှပဲ ပစ္စည်းတွေ လာသယ်တော့မယ်"

စန္ဒီက ထိုသို့ဆိုရင်း မျိုးမျိုးကိုတွဲသည်။ မျိုးမျိုးဆိုသော ကောင်မလေးမျက်နှာက သွေးဆုတ်သလို ဖြူလျော်နေ၏။ တစ်ကိုယ်လုံးလည်း ပျော့ဖတ်နေကာ ခဏအတွင်း လဲကျသွားတော့မလားပင် ထင်ရ၏။ သီဟ မနေနိုင်တော့ပေ။

"တော်တော်နေမကောင်းဖြစ်နေတာထင်တယ်၊ ကဲပါဟာ အထုတ်အပိုးတွေ နင်သယ်ခဲ့ စန္ဒီ၊ လှေကားက တက်ရဦးမှာ သူ့ဝိတ် နင် မနိုင်ဘူးထင်တယ်"

"ခန့်သီဟ . . . နင်"

"အေး၊ ငါ သူ့ကို ခေါ်လာပေးမယ်"

"ကျေးဇူးပါပဲဟာ"

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"ကျောင်းပြီးကတည်းက မတွေ့ရတာကြာပြီ၊ ငါတို့ အင်ယားကန်သွားပြီး အကင်စားရအောင်"

ဒီအကြံကို ဆုက ပေးသည်။ မကြာခင် အိမ်ထောင်ပြုတော့မည့် အက်စ်သာကလည်း လက်ခံသည်။

"အိမ်ထောင်ကျသွားရင် အပျိုဘဝလို လတ်ယားလတ်ယားမလုပ်နိုင်တော့ဘူး၊ တကယ်တမ်းကျဟာ နိုင်ငံခြားပြန်ဆရာဝန်၊ မိဘတွေ ချမ်းသာတယ်ဆိုတဲ့ဂုဏ်နဲ့နှစ်ဖက်ပေးစားလို့သာ ယူရမှာ"

"နင် မပျော်ဘူးလား အက်စ်သာ"

"ဘယ်ကလာ ပျော်ရမှာလဲဟဲ့ . . . ငါ့အနေနဲ့ဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်တာပေါ့။ ဒါပေမယ့် ဖြစ်မှမဖြစ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com


မိဘတွေက ချစ်သူရှိလားလို့ ငါ့ကို မေးပါတယ်၊ ရှိတယ်လို့ ပြောနိုင်မှတော့ သူတို့သင့်တော်လို့ပေးစားတဲ့သူ ယူလိုက်တာပဲ ကောင်းဆုံးမဟုတ်လား"

"အေးလေ . . . ဟုတ်တာပဲ"

"မဖြစ်နိုင်တာ တွေးမနေနဲ့ ပျော်ပျော်ပဲနေလိုက်"

"ဒါပဲရှိတာပေါ့ဟာ၊ အဲဒါကြောင့် ငါက သွေးကို ပြောချင် ကိုယ်ချစ်တဲ့သူနဲ့လက်ထပ်နိုင်တာ ဘဝမှာ ကံအကောင်းဆုံးပဲ"

"ဟင်' အဲ့ဒါ ငါနဲ့ဘာဆိုင်လို့ ငါ့ကို ကြည့်ပြောရတာလဲ"

"ဟဲ့ . . . နှင့်ကို စစ်မှန်တဲ့မေတ္တာနဲ့ချစ်တဲ့သူရှိတယ်၊ နှင့် င်ထဲမှာလည်း သူရှိတယ်၊ နှင်တို့နှစ်ယောက် ဆုံဆည်းစေချင်လို့ ါ သွေးရဲ့"

"အမယ်လေး၊ မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေးဘူး၊ ာ်ခမ်းနာနဲ့မတဲ့မှာ စိုးရိမ်နေကြတယ်"

"တကယ်လို့ ခန့်သီဟသာ နှင့်အနား ပြန်ရောက်လာရင် င် လက်ခံမှာလား သွေး"

"လာစမ်းပါစေဦးလေ၊ အဲ ပြီးတော့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ ာ အပြစ်မလုပ်ခဲ့ပါဘူးလို့ သူကိုယ်တိုင်ရှင်းပြရင် ငါတို့အချစ်ရေးက ာက်မခံနိုင်စရာမရှိဘူး"

အက်စ်သာနှင့်ဆုက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးသည်။ ပြီးတော့ နာရီကို ပြိုင်တူကြည့်ကြပြန်သည်။

အူကြောင်ကြောင်နှင့် ဘာမှန်းကိုမသိ။

ကန်ရေပြင်မှ လေနုအေးကလေး ဖြတ်တိုက်လာသော အခါ သွေးရဲ့စိတ်တွေ လန်းဆန်းသွားသည်။ ဒီဆိုင်ကလေးကြည့်ရ


www.burmeseclassic.com

www.burmeseclassic.com



တာလည်း ယခင်လာတုန်းကနှင့် မတူ။ အမြင်သစ်နှင့်တစ်မျိုး ထူးခြားနေ၏။ သွေးတို့ထိုင်သော စားပွဲမှာလည်း လှလှပပ ထူးထူး ခြားခြားလေး ပြင်ဆင်ထားသည်။

"ဒီနေ့ တစ်မူထူးခြားနေသလိုပဲ"

"အေးလေ၊ ဒီနေ့ တစ်ခုခုတော့ ထူးခြားဦးမှာ အမှန်ပဲ"

ဆုက သွေးကို ပြောင်စပ်စပ်ပြန်ပြောသည်။ သွေးက

"ဒီနေ့ လူတွေရော၊ ပတ်ဝန်းကျင်ရော ဘယ်လိုဖြစ်နေမှန်း ကို မသိဘူး၊ ဟွန်း"

သွေးတို့ အကင်နှင့်အကြော်စုံစားနေကြချိန်မှာပင် စားပွဲ ပေါ် ပန်းအိုးလေးတွေ လာတင်လိုက်၊ လှတပတလေးဖြစ်အောင် မွမ်းမံပြင်ဆင်လိုက်ဖြင့် စားပွဲဝိုင်းက အတော့်ကို လှလှပပဖြစ်လာ သည်။

"စိတ်ကူးယဉ်ချင်စရာလေးနော်"

ဆုက ဘာကိုရည်ရွယ်မှန်းမသိပြောသည်။ အက်စ်သာက

"ကိုယ့်ချစ်သူလေးနဲ့အတူထိုင်ရင်း တစ်ယောက်မျက်နှာ တစ်ယောက် ချစ်မဝစွာကြည့်ပြီး ချစ်သူပေးလာမယ့် လက်ထပ်ခွင့် လက်စွပ်လေးပါ လက်ခံရရှိမယ်ဆိုရင်. . ."

"တော်ကြပါတော့ နင်တို့လုပ်တာနဲ့ လွမ်းလို့ငိုချင်လာပြီ"

သွေးက ချော်လဲရောထိုင်လုပ်လိုက်ရကောင်းမလား တွေး သည်။ တွေးရင်း ဘာမှန်းမသိဘဲ လွမ်းသလိုလိုဖြစ်လာသည်။ ဝေဒနာတွေပေးပြီး ဘာမပြော ညာမပြောပျောက်သွားသူကို အစဉ် သဖြင့် သတိရနေတာလည်း ခက်သည်။

"မြန်မြန်စားပြီး တခြားတစ်နေရာသွားကြစို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သွေးရဲ့"

"ဒီမှာထိုင်ရတာ တစ်မျိုးကြီး"

"အဲဒီတစ်မျိုးကြီးက စတာပဲ"

"ဘာတွေလဲ"

"ဟော . . . အက်စ်သာရေ မင်္ဂလာအချိန်ကျရောက်လို့ လာပါပြီ"

"မီးပွိုင့် ခဏခဏမိတာ ကားကြောပိတ်တာတွေနဲ့ကြုံရင် အချိန်မီရောက်နိုင်ပါ့မလားဆု"

"အဲသလိုမဖြစ်အောင် အချိန်စောထွက်လာမှာပေါ့ အက်စ်သာရဲ့"

"နင်တို့နှစ်ယောက်က ဘာတွေလဲ"

"ဟော"

"သွေးရေ၊ စိတ်ကူးယဉ်တာလေး တကယ်ဖြစ်လာတော့မယ်၊ ဟိုမှာ ကြည့်"

"ဟင်'"

မမြင်ရတာကြာပြီဖြစ်သော တမ်းတမျက်နှာတစ်ခု။ အဲ့ဒီမျက်နှာရဲ့နဘေးမှာက စပ်ဖြဲဖြဲနှင့်အာလူး။

မှင်သက်ငေးမောကြည့်ရင်း သွေးမျက်နှာ ပန်းရောင်လွှမ်းလာသည်။ လိုက်ခနဲခုန်သောရင်သည် အေးမြလျက်ရှိ၏။

"သီဟ"

နှုတ်မှ ခပ်တိုးတိုးရေရွတ်မိသည်။

"ဒီအချိန် ရုပ်ရှင်ထဲမှာဆို တစ်ယောက်ကိုတစ်ယောက် ပြေးဖက်လို့ အကောင်းဆုံးအချိန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆုပြောတာကို သေွး စိတ်မဝင်စားပါ။ သီဟာမျက်နှာကို မြင်လိုက်ရသည်မှာ အစဥ်သဖြင့် ရင်းနှီးနေသော ဂီတသံစဥ်လို ညှို့သက်ငြင်သာလွန်း၏။

"ကဲ . . . ငါတို့တာဝန်ကျေပြီ၊ ဆုနဲ့အက်စ်သာရေ"

"မှန်တာပေါ့ ကိုအာလူးရယ်"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

စန္ဒီတို့နေသော တိုက်ခန်းအပေါ်ထပ်သို့ရောက်သော အခါ အဝတ်အစားဖရိုဖရဲနှင့် ကောင်မလေးသုံးလေးယောက်ကို တွေ့ရသည်။

သီဟတွဲလာသော မျိုးမျိုးဆိုသည့်ကောင်မလေးမှာ ဗျော ခွေနေရုံမက သတိပင်မရတော့ပေ။

"ဘာဖြစ်လာတာလဲ"

ကောင်မလေးတစ်ယောက်က မေးသည်။ စန္ဒီက . . .

"မသိဘူး၊ လှေကားအောက်မှာတွေ့တာ၊ ခန့်သီဟရယ် နင့်ကို ကျေးဇူးတင်အားနာပါတယ်၊ တစ်လက်စတည်း အိပ်ရာပေါ် တင်ပေး"

သီဟမှာ မိုးသံတွေကြား ချွေးပုံချင်နေပြီ။ မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြုံတစ်မကြီးနေတဲ့နေရာမို့ အနေခက်သည်။ အမြန်ဆုံးပြန်ဖို့ စိတ်ကူးသည်။ ထိုအချိန်မှာပင် . . .

"ဒေါက် ဒေါက်"

တံခါးခေါက်သံနှင့်အတူ လူတွေ အစုအပြုံလိုက် တက်လာတာကို တွေ့ရ၏။ ရပ်ကွက်လူကြီးတွေလည်း ပါသည်။ ရဲတွေလည်း ပါသည်။

"ကဲ၊ ငါတို့ ဒီအိမ်ကို စောင့်ကြည့်နေတာကြာပြီ၊ သတင်းပေးတဲ့လူ၊ တိုင်တဲ့လူတွေလည်း အများကြီးပဲ၊ ခုတော့ လက်ပူးလက်ကြပ်မိတာပဲ၊ အမျိုးသားတစ်ယောက်၊ အမျိုးသမီးငါးယောက် အားလုံးစခန်းခေါ်သွား"

"ဗျာ"

တအံ့တဩနှင့်အထိတ်တလန့် အသံထွက်သွားသူက သီဟ တစ်ယောက်သာရှိ၏။ မိန်းကလေးတွေက ဘယ်လိုမှမဖြစ်။

စန္ဒီက . . .

"အခု သမီးတို့ ဘာမှမလုပ်ပါဘူး၊ ဒီက သမီးသူငယ်ချင်း ခန့်သီဟက မျိုးမျိုးနေမကောင်းလို့ ကူညီပြီး တွဲပို့ပေးတာပါ"

"ဒါတွေ စခန်းရောက်မှရှင်း၊ ညည်းတို့ကြောင့် ရပ်ကွက်နာမည်ပျက်တယ်၊ ပတ်ဝန်းကျင်က မိန်းမကောင်းလေးတွေလည်း အနေခက်ကြတယ်"

"သမီးတို့ကိစ္စကို စခန်းရောက်မှ ရှင်းဆိုရှင်းပါ့မယ်၊ ဟိုခန့်သီဟက စေတနာနဲ့ကူညီတာ ဘာအပြစ်မှမရှိဘဲ . . ."

"ဒါတော့ ညည်းတို့လူ ကာကွယ်ပေးချင်တာနဲ့ ဒီလိုပြောမှာပေါ့၊ ငါတို့က ပြောသမျှ ယုံရမလား"



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စက ရှင်းရခက်ပြီ။ သီဟလည်း အဓိပ္ပါယ်ကို သဘော ပေါက်စပြုပြီ။

"တကယ်ပါ၊ ဒီမှာ သမီးတို့သူငယ်ချင်း နေမကောင်းလို့ လိုက်ပို့ပေးတာပါ၊ အခု သတိလစ်နေတာထင်တယ်"

ထိုအခါမှ အိပ်ယာပေါ် လှဲထားသော မျိုးမျိုးကို ဝိုင်းကြည့် ကြသည်။ ထိုအထဲမှ လူကြီးတစ်ယောက်က မျိုးမျိုးကို စမ်းသပ်ပြီး

"အသက်မရှိတော့ဘူး"

"ရှင်"

"ကြည့်ရတာ ဆေးလွန်ပုံပဲ၊ ထားပါ၊ အဲဒါ ကျွန်တော်တို့ ကိစ္စမဟုတ်ဖူး၊ မှုခင်းဆရာဝန်စစ်ဆေးလိမ့်မယ်၊ အရင်ဆုံး ဆေးရုံ ပို့ရအောင်"

အခြေအနေသည် မမျှော်လင့်ဘဲ အရှုပ်ထွေးဆုံးရောက် သွားလေ၏။ အရင်းစစ်တော့ အစစ်အဆေး၊ အမေးအမြန်းခံဖို့ သီဟ ရဲစခန်းရောက်သည်။ သီဟ၏ဖခင်သိတော့ . . .

"ကျွန်တော့်မှာ ဒီလိုသားမျိုးမရှိဘူး၊ လုပ်ချင်သလိုလုပ် သူ့ အပြစ်သူခံလိမ့်မယ်၊ ရန်ဖြစ်လို့၊ ခိုးဝှက်လို့၊ လောင်းကစားလို့ အဖမ်းခံရတာမျိုးဆို ကြားကောင်းသေးရဲ့၊ ခုတော့ . . . ထွီ"

ဦးသောင်းတင်က မျက်နှာကြီးရဲတွက်လျက်ပြောသည်။

ဖခင်စကားကြောင့် သီဟအနေဖြင့် တစ်လုံးတစ်ပါဒမျှ ပြောဆိုရှင်းပြခြင်းမပြုတော့ပေ။ သူ့သိက္ခာကို ဖေဖေမယုံမှတော့ သူ့အနေဖြင့် ဘာဆက်ပြောစရာလိုဦးမည်နည်း။

သို့သော် သူ့သိက္ခာကို ဖေဖေမယုံပေမယ့် ယုံတဲ့သူတွေ က ဝိုင်းဝန်း အာမခံပေးခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သီဟတစ်ယောက် ဘာမှမဖြစ်သော်လည်း နာမည်ဆိုးဖြင့် လွတ်မြောက်ခဲ့လေသည်။

ဩော် . . . အသွားမတော်တစ်လှမ်းဆိုတာ ဒါမျိုးကိုပြော တာပဲ ဖြစ်မည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

"ခုတော့ အားလုံးပြီးသွားပါပြီ၊ နောက်ကို မလိုအပ်တဲ့မာန တွေ မထားတော့ဘူး၊ ဖေဖေ့ကို ပြန်စိတ်ဆိုးမိခဲ့တာလည်း တောင်းပန်ပြီးပါပြီ"

သီဟာက ပြောလက်စစကားကို အဆုံးသတ်သည်။

အာလူးက . . .

"နောက်ထပ်ပြောစရာဘာကျန်သေးလဲ"

"ချစ်သူဆီက ချစ်ခွင့်တောင်းဖို့ပဲ ကျန်တော့တယ်"

"ကဲ . . . ကျန်တာတော့ ကာယကံရှင်အချင်းချင်း ဖြေ ရှင်းညှိနှိုင်းကြပေတော့ ငါတို့တာဝန်ကျေပြီ"

"အာလူးပြောတာ ဟုတ်တယ်၊ ဒီနေ့ ဒီအချိန် ဒီလိုဆုံရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ငါတို့ ကြိုးစားအားထုတ်ပေးပြီးပြီ"

"ဒါဆို တို့သုံးယောက် လစ်ကြစို့"

သွေး ဘာပြန်ပြောနိုင်မည်နည်း။ ခေါင်းငုံ့၍သာ ရင်ခုန်လှုပ်ရှားနေရသည်။ အာလူးက . . .

"ငါတို့သုံးယောက်လစ်တာကတော့ ဟုတ်ပါပြီ၊ အက်စ်သာကြီးက ကန့်လန့်ကန့်လန့်ပါနေတော့"

"ဟင်' ဘာဖြစ်လဲ"

"နင်က မကြာခင် လက်ထပ်တော့မယ့်၊ လက်တွဲဖော်အတွဲရှိတယ်လေ"

"အဲ့ဒီတော့"

"ငါနဲ့ဆုလည်း အတွဲတစ်တွဲဖြစ်ချင်တာပေါ့၊ အဲဒါကြောင့် နင့်ဘိုးတော်ကြီးဆီဖုန်းဆက်ခေါ်ပြီး ဘိုးတော်နဲ့အတူနင်လစ်တော့ အက်စ်သာ၊ ငါနဲ့ဆု"

"သေနာကောင်"

အာလူးစကားမဆုံးလိုက်ရ။ ဆုက လှမ်းထုသည်။ သီဟက

"မျက်စိနောက်တယ်ကွာ၊ မြန်မြန်သွားကြတော့ ဒီမှာ ဘာမှကို မပြောရသေးဘူး"

"တော်တော်ကျေးဇူးကန်းတဲ့ကောင်"

"ကဲ . . . ဆုနဲ့အာလူး သွားကြ၊ ငါ့ဘိုးတော်ကို ငါ ဖုန်းဆက်ခေါ်ပြီး လိုက်သွားလိုက်ပါ့မယ်"

"ဝေး . . . ဟေး"

"ကဲ သွေးရေ . . . အဆင်ပြေအောင် ချစ်လိုက်နော်"

"ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတွန်းထိုးရိုက်ပုတ်ရင်း ဝရုန်းသုန်းကားဖြင့် ထွက်သွားကြသည်။ သီဟက . . .

"ကဲ . . . လုပ်ငန်းစမယ်"

"ဟွန်း . . . သွားပါ၊ ခုမှလာပြီး"

"လူကသာ ခုမှလာတာပါ၊ စိတ်ကတော့ နေ့တိုင်းရောက်နေတာပဲ"

"ဟွန်း . . . ပလီပလာတွေ တတ်လာပြီ"

"ဒီထက်ကို ပလီဦးမှာ၊ ကိုယ်လေ . . . သွေးကို ချစ်စကားပြောရဦးမယ်၊ ဒါနဲ့ ကိုယ့်ရဲ့ ရည်းစားစာလေး သွေးဆီမှာဆို"

"အင်း၊ ပြန်ပေးမလို့"

"မလုပ်ပါနဲ့ သွေးရယ်၊ ပြန်မပေးကောင်းပါဘူး"

"ကာယကံရှင်ကိုယ်တိုင်မပေးချင်တဲ့ဟာကို"

"မဟုတ်တာ သွေးရယ်၊ ကိုယ် အရမ်းစိတ်ညစ်သွားလို့ပါ။ ကိုယ့်ကိုမွေးထားတဲ့အဖေရင်းတောင် မယုံမကြည်နဲ့နားလည်မပေးနိုင်တဲ့ကိစ္စဆိုတော့ အားငယ်ရှက်ရွံ့သွားတာ အဲ့ဒါကြောင့် သွေးတို့လည်း ဖေဖေ့လိုပဲ အထင်သေးစိတ်ပျက်မှာဆိုပြီး ရှောင်ပြေးမိတာပါကွာ၊ ခွင့်လွှတ်နော်"

"ခွင့်လွှတ်နိုင်အောင် ဘာတွေပြင်ဆင်ထားလဲ"

"အခု အဝေးသင်လည်းပြီးပြီ၊ ဖေဖေကလည်း အရင်းအနှီးထုတ်ပေးတော့ စီးပွားရေးမှာ ကြိုးစားမယ်၊ ပြီးတော့ သွေးကို လက်ထပ်မယ်"

"အံမယ်၊ အပိုင်ကြီးပါလား"

"တကယ်ပါ သွေးရယ်၊ ကိုယ်လေ သွေးကို သိပ်ချစ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အခုဆို ကိုယ့်ရဲ့အစ်ကိုသန့်သီလတောင် သူ့ချစ်သူနဲ့ပျော်နေပြီ ယောက္ခမနဲ့ အဆင်ပြေအောင် ကလေးမွေးကြတော့မယ်၊ အားကျ စရာကြီး"

"ခစ်"

"အက်စ်သာလည်းလက်ထပ်တော့မယ်၊ အာလူးနဲ့ဆုလည်း ချစ်ဖို့အဆင်ပြေသွားကြပြီ၊ သွေးပဲ ကျန်တော့တယ်နော် သွေး"

"သွား"

"သွားပါဘူး၊ ချစ်ကြမယ်နော် သွေး၊ အဆင်ပြေလား"

သီဟက သွေးရဲ့လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ဖျစ်ညှစ် လိုက်သည်။

"ဒီစားပွဲအချိန်စေ့ပါပြီခင်ဗျား၊ ဒါ ရုပ်ရှင်ရိုက်ဖို့ ပြင်ဆင် ထားလို့ပါ"

"ဟော့ တော်"

"ဟာ"

ဘေးဘီဝဲယာကြည့်မိတော့ ကင်မရာတွေထောင်ထားပြီး ပြီ။ မီးထိုးမှန်ထိုးတွေလည်း ပြင်နေပြီ။

"ဒီက မင်းသားသစ်၊ မင်းသမီးသစ်ကိုပဲ အချစ်ဇာတ်ကား ရိုက်လိုက်တော့မယ်"

အသံလာရာကို သွေးနှင့်သီဟ ပြိုင်တူကြည့်မိကြသည်။

"ဟင် . . . ဦးပြည့်ဝ"

ပြောပြောဆိုဆို ရောက်လာသူက ဒါရိုက်တာမောင်ပြည့်ဝ ဦးပြည့်ဝက သွေးတို့မိသားစုနှင့်ခင်သည်။

"ဘယ်လိုလဲ သွေး၊ ညည်း ကျောင်းပြီးရင် မင်းသမီးလုပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘူဆို အခု အချစ်ခန်းလေးကို တစ်ခါတည်းရိုက်လိုက်မယ်"

"ကောင်းတယ်"

"မိုက်တယ်"

"ခိုက်တယ်"

"ဝေး"

အားလုံးက ဝိုင်းဝန်းဩဘာပေးကြသည်။

သွေးက ရှက်ရှက်ဖြင့် သီဟရင်ခွင်ထဲ ခေါင်းတိုးပုန်းဝင်သိုက်လေတော့၏။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြွယ်

BURMESE CLASSIC

www.burmeseclassic.com